# မြန်မာ့အလင်း

**MYANMA ALINN SUNDAY ISSUE**

■ အတွဲ [၅၅]
အမှတ် [၁၃၇]

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

[14-2-2016]


**သာယာမည်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အဖွဲ့ အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

သတင်း၊ စာ-၃

# မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ



မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာ၌ ဘုရားဖူးများဖြင့်စည်ကားနေစဉ်။ဓာတ်ပုံ-တင်ထွန်းဦး(မင်းဘူး)

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် မန်းရွှေစက်တော်ရာဘုရားအဝင်လမ်း မင်္ဂလာမုခ်ဦးတော် အောက်ခြေတော်ရာ ပါဒစေတီ၊ အထက်ခြေတော်ရာ ပါဒစေတီ၊ နမ္မဒါဗုဒ္ဓသာသနာ့မဟာဗိမာန်တော်တို့၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး

စာမျက်နှာ ၇ ကော်လံ ၁ ❁

# ပြင်ဦးလွင်မြို့ရှောင်လမ်းဖောက်လုပ်မှု မတ်လအတွင်း ပြီးစီးမည်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၃

**မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ-သီပေါ-သိန္နီ-ကွတ်ခိုင်-မူဆယ် အဝေးပြေးကားလမ်းမကြီးအတွင်း ကျရောက်နေသည့် ပြင်ဦးလွင်မြို့ရှောင်ကားလမ်းကို B.O.T စနစ်ဖြင့် ORIENTAL HIGHWAY ကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိရာ ယခုအခါ မြေသားအမာခံလမ်းပြီးသွားပြီဖြစ်၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို စက်အား၊ လူအားဖြင့် ဆောင်ရွက်လျက်ရှိသည်။** (အောက်ပုံ)

**သတင်းနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**




ပြင်ဦးလွင် မြို့ရှောင်လမ်းသည် ပြင်ဦးလွင်မြို့မရောက်ခင် သံမဏိစက်ရုံရှေ့မှ ခွဲထွက်ပြီး ပြင်ဦးလွင်နောင်ချိုဘက်အထွက် ပွဲကောက်တိုးဂိတ်အထိဖြစ်ပြီး မိုင်အားဖြင့် ၁၂ ဒသမ ၇၇ မိုင် ရှိကြောင်း၊ ယင်းလမ်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယခုမတ်လအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လမ်းအမျိုးအစားကိုလည်း နိုင်လွန်ကတ္တရာ လေးလမ်းသွားခင်းလျက်ရှိကြောင်း၊ ကုန်တင်ကားကြီးများ မောင်းနှင်ခြင်းကို ခွင့်ပြုထားသည်မှာ ကြာပြီဖြစ်ကြောင်း၊ မြို့ရှောင် ကားလမ်းကြီး လုံးဝပြီးစီးသွားလျှင် ပြင်ဦးလွင်မြို့တွင်းဖြတ်သန်း မောင်းနှင်နေကြသည့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ပို့ဆောင်ရေးယာဉ်ကြီးများပါ

စာမျက်နှာ ၈ ကော်လံ ၁ ■


## တနင်္ဂနွေ ဖတ်စရာ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

**၁၁၁ နှစ်လုံးလုံး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနေသည့် မွန်မြတ်သည့်နေရာ** စာ-၁၅

ခရီးသွားဆောင်းပါး

**ကယားတို့ဌာနီ ငွေတောင်ပြည်မှ လွိုင်ကော်ဆီသို့** စာ-၁၆

နိုင်ငံတကာရေးရာဆောင်းပါး

**အီရန်နိုင်ငံ၏ စီးပွားရေးလမ်းပွင့်မှုမှ တစ်ဆင့် ကမ္ဘာ့စီးပွားရေး ဘာတွေဖြစ်လာမလဲ** စာ-၁၈





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျောင်းသားနှင့် စာမေးပွဲ

မကြာမီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အတန်းတင်စာမေးပွဲများ ဖြေဆိုကြပေတော့မည်။ ကျောင်းသားကျောင်းသူများအနေဖြင့် တစ်နှစ်ပတ်လုံးကြိုးစားသင်ယူပြီး အတန်းတင်စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆို၍ မိမိတို့ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးသည် အဓိကအရေးကြီးဆုံး ဖြစ်ပါသည်။ ဤသို့မျှော်မှန်းချက်၊ ရည်မှန်းချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရန်မှာ ကြိုတင်ပြင်ဆင်မှုသည် အလွန်ပင်အရေးကြီးသော အချက်ဖြစ်ပါသည်။

ပြီးခဲ့သည့် ပညာသင်နှစ်စာမေးပွဲကြီးတွင် စာဖြေဌာနများယွင်းပြီးရောက်ရှိလာသော ကျောင်းသားများ၊ စာဖြေချိန်နောက်ကျမှရောက်ရှိလာသောကျောင်းသားများ၊ စာမေးပွဲစာဖြေဝင်ခွင့်ကတ်မေ့ကျန်သော ကျောင်းသားများရှိခဲ့ကြောင်းသိရပါသည်။ ကျောင်းသား ကျောင်းသူများသည် စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရန် စာများကို ကျေညက်အောင်လေ့ကျင့်ထားရန် လိုအပ်သကဲ့သို့ ထိုအချက်များကိုလည်း ကောင်းစွာ သတိပြုဆောင်ရွက်သင့်ပေသည်။

စာဖြေဌာနများယွင်းရောက်လာ၍ အမှန်တကယ်ဖြေဆိုရမည့် စာဖြေဌာနကို ရောက်အောင်အမြန်သွားရသဖြင့် လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်သွားနိုင်ပါသည်။ ထို့အတူ စာဖြေချိန်အတိအကျ စာမေးပွဲခန်းအတွင်း ဝင်ရောက်နိုင်ရန်မှာလည်း အရေးကြီးပါသည်။ စာမေးပွဲများသည် နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိဖြစ်ပါသည်။ သတ်မှတ်ချိန်ရောက်ရှိရေးသည် ကျောင်းသား ကျောင်းသူများ၏ တာဝန်ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့ကြီးတွင် ကားများနံနက် ၇ နာရီမှ စတင်ကာ ပိတ်လေ့ရှိပါသည်။ ကားပိတ်နေ၍ အချိန်နောက်ကျသွားလျှင် စာဖြေကျောင်းသားများအတွက် များစွာနစ်နာသွားနိုင်ပါသည်။

အရေးကြီးဆုံးအချက်တစ်ချက်မှာ စာမေးပွဲဝင်ခွင့်ကတ်ပြားဖြစ်ပါသည်။ စာမေးပွဲဝင်ခွင့်ကတ်များ မေ့ကျန်ခြင်း၊ အထားမှား၍ အလွယ်တကူရှာဖွေမရခြင်း၊ ပျောက်ပျက်ခြင်းများဖြစ်တတ်ပါသည်။ ဝင်ခွင့်ကတ်ပြားမရှိလျှင် စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးသွားနိုင်ပါသည်။ ဝင်ခွင့်ကတ်ပြားများကို အလွယ်တကူယူဆောင်သွားနိုင်အောင် ပြင်ဆင်ထားဖို့လိုပါသည်။

စာမေးပွဲအတွက် စာကျက်နည်းသည်လည်း လိုအပ်သည့်အချက်တစ်ချက်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူအများစုမှာ မနက်ဖြန်ဖြေဆိုရမည့် ဘာသာရပ်အတွက် စာကျက်ရာတွင် စာတစ်အုပ်လုံး ၏၊သည်မရွေး လိုက်လံကျက်နေတတ်ပါသည်။ သာမန်ချိန်စာကျက်ခြင်းနှင့် စာမေးပွဲအတွက် စာကျက်ခြင်းသည် တူမည်မဟုတ်ပါ။

စာမေးပွဲအတွက် စာကျက်ခြင်းသည် ကြည့်သင့်လျှင်ကြည့်၊ ကျက်သင့်လျှင်ကျက်ဆိုသည့်အတိုင်း စာကို အမှတ်ရအောင် အမြန်ကြည့်ရှုမှတ်သားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရပြီးသားစာများကို စာနွှေးခြင်းအလုပ် ဖြစ်ပါသည်။ စာတစ်အုပ်လုံးအသေးစိတ်ကျက်မှတ်နေမည်ဆိုပါက ညဥ့်နက်မိုးလင်းအထိ ကျက်ကြသဖြင့် ကျန်းမာရေးထိခိုက်ပြီး စာမေးပွဲခန်းတွင် ကောင်းစွာမဖြေဆိုနိုင်ဘဲ ဖြစ်တတ်ပါသည်။ အဓိကအရေးကြီးဆုံးတစ်ချက်မှာ ကျန်းမာရေးဖြစ်ပါသည်။ စာမေးပွဲကာလအတွင်း ကျန်းမာရေးထိခိုက်မှု မဖြစ်အောင် သတိပြုနေထိုင်စားသောက်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရေး ရှောင်ရန်ဆောင်ရန်များကို ဆရာမိဘတို့၏ ပူးပေါင်းမှုနှင့်အတူ သတိပြုမိကြစေရန် အသိပေးအပ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

## သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းကုသ

**ကလေး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးကက်သလစ်သာသနာပိုင်(ကလေးမြို့) ဂိုဏ်းအုပ်ဆရာတော်ကြီး Felix Lian KhenThang ၏ဦးဆောင်မှုဖြင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် ကုသိုလ်ရှင်၊ စေတနာရှင်များဖြစ်ကြသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု (Mobile Clinic Team) ဆပ်ကော်မတီမှ Fr.Peter Thawng Mung၊ ဥက္ကဋ္ဌ Simonဒေါက်တာထွမ်ခန့်ဆွမ်(သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဂိုခန့်နွမ်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ၄က်ဖျား/ခုခံကျ/ကာလ)၊ ဒေါက်တာလဘန်ဝွမ်ဂျက်(အရိုးအကြောအထူးကု)၊ ဒေါက်တာထက်မြတ်စိုး(စိတ်/မူးယစ်အထူးကု)၊ ဒေါက်တာပြည့်ဖြိုးအောင် (ကလေးအထူးကု)နှင့် တာဝန်ရှိသူများသည် ချင်းပြည်နယ်နှင့် ကလေးမြို့နယ်အတွင်းရှိ သဘာဝဘေးသင့် ပြည်သူများထံသို့အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဖေဖော်ဝါရီ ပထမပတ်က ချင်းပြည်နယ် တီးတိန်မြို့နယ် မိုင်နွဲကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်ရန်လို အပ်သူ အထွေထွေလူနာ ၉၁ ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာလူနာ ကိုးဦး၊ အရိုးအကြောကုသလူနာ ၃၂ ဦး၊ စိတ်နှင့် မူးယစ်ဆေးဆိုင်ရာလူနာ ၁၆ ဦးနှင့် ကလေးလူနာ ၁၅ ဦးတို့ကို အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။ **ကလေး(ပြန်/ဆက်)**

## မြစ်ငယ်တံတားထိပ် ၂၁ မိုင်တွင် ယာဉ်သွားလာမှု ရှုပ်ထွေး၍ မီးပွိုင့်တပ်ဆင်ပေးရန် ဒေသခံများ မျှော်လင့်

**ထင်သာမြင်သာပြုပြင်စရာ**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တံတားထိပ်တွင် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းတို့ဆုံရာ လမ်းသုံးခွနေရာသည် မော်တော်ယာဉ်များ နေ့စဉ်နှင့်အမျှ ရှုပ်ထွေးခြင်းကြောင့် ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ကြောင်း သိရသည်။



"ယာဉ်တိုက်မှုတွေ မကြာခဏဖြစ်နေပါတယ်။ မော်တော်ယာဉ်တွေက စည်းကမ်းမဲ့လာကြတယ်။ စနစ်မကျတဲ့အတွက် အခုလိုအန္တရာယ်ဖြစ်တာပါ။ မီးပွိုင့်တပ်ထားမယ်ဆိုရင် ခရီးသွားတွေရော၊ ယာဉ်တွေရော အန္တရာယ်ကင်းနိုင်မယ်"ဟု မြစ်ငယ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။ ထိုနေရာသည် မြစ်ငယ်တံတားထိပ်၁၂ မိုင်နေရာဖြစ်ပြီး မီးပွိုင့်တပ်ဆင်ထားခြင်းမရှိသကဲ့သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းပေးမည့် ယာဉ်ထိန်းရဲများလည်း မရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ကျောင်းသား ကျောင်းသူတွေ သွားလာတဲ့အခါ စည်းကမ်းမဲ့ယာဉ်တွေကြောင့် အမြဲစိတ်အနှောင့်အယှက်ဖြစ်ရတယ်။ နှစ်ရက်ခြားတစ်ခါလောက် ပြဿနာဖြစ်ပေမယ့် ဒဏ်ရာကြီးကျယ်တာ မဟုတ်တော့ တိုင်ကြားတာမျိုးအထိ မရှိပါဘူး"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အလုံ မူကြို(၄)၌ စမ်းချောင်းမူကြိုမှ ကလေးများ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟိုလမ်းရှိ အလုံမူကြို (၄)ကျောင်း၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပရာ ဖေဖော်ဝါရီ ၁၃ ရက်က တိုင်းဒေသကြီးအတွင်းရှိ မူကြိုကျောင်းများမှ ကလေးငယ်များ လာရောက်ကြကြောင်း သိရသည်။ **(ယာပုံ)**

ယင်း မူကြို(၄)ကျောင်းဝင်းအတွင်း၌ ပျော့ပျော့အိအိ အားကစားကွင်းနှင့် ကစားနည်းမျိုးစုံတို့ကို ကလေးများ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် စီစဉ်ထားပြီး အဆိုပါကစားကွင်းသို့ စမ်းချောင်းမြို့နယ် မူကြိုကျောင်းအုပ် ဆရာမဒေါ်စန္ဒာမြင့်နှင့် ကလေးငယ်များ လာရောက်ပါဝင်ဆင်နွှဲကြပြီး မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ်အဖြစ် ပျော်ရွှင်စွာဆော့ကစားလျက်ရှိကြောင်း သိရသည်။



**(ရွှေတိုင်လွင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၈.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၄.၈၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၁၃ |
| တရုတ် | တစ်ယွမ် | ၁၈၇.၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၈၃ |

ခင်ရတနာ-စုစည်းသည်။

# ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတက်ရန်ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့၌ကျင်းပမည့် အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးတင့်ဆန်း၊ ဦးအေးမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဒေါက်တာကံဇော်၊ ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ညအိပ်ရပ်နားကြသည်။

**(သတင်းစဉ်)**



# ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဗုဒ္ဓဘာသာအခြေခံသဘောတရားများအား ယုံကြည်လေးစားလိုက်နာကျင့်သုံးနိုင်ရေးကိုရည်ရွယ်ကာ စတုတ္ထအကြိမ် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ ၁၀ ရက် သင်တန်းကို အရှင်ကောသလ္လ(ဇလွန်ဆရာတော်)က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ရွှေဘိုကျောင်း လေးထပ်ဓမ္မဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၈ ရက်အထိ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ သင်ကြားပြသမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ မူကြိုအရွယ်မှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများသည် အထက်ပါကျောင်း၌ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

**ကိုချစ်**

# တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းများဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၏ကူညီထောက်ပံ့မှုဖြင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၆ မှ ၁၈ ရက်အထိ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၁၈ မှ ၂၀ ရက်အထိ၊ ဒဂုံတက္ကသိုလ်တွင် ဖေဖော်ဝါရီ ၂၀ မှ ၂၂ ရက်အထိ ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာပါမောက္ခချုပ်များက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ထံ တင်ပြညှိနှိုင်းထားပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ သင်တန်းများဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းက ဗန်းမော်တက္ကသိုလ်နှင့် ဇန်နဝါရီလတွင် ရန်ကုန်တက္ကသိုလ်၌ ကင်းထောက်သင်တန်း ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လဆန်းတွင် ကျင်းပမည့် ကင်းထောက်လူငယ်မောင်မယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)သို့ သင်တန်းတက်ရောက်ခဲ့ပြီးဖြစ်သော တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့်အတူ ယခုထပ်မံဖွင့်လှစ်မည့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၆၂ ဦး၊ အခြေခံပညာ ကင်းထောက် ကျောင်းသား ကျောင်းသူများနှင့်အတူ စခန်းဝင်လေ့ကျင့်ကြမည် ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# ဖရူဆိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသ

**ဖရူဆို ဖေဖော်ဝါရီ ၁၃**

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး ပြုစုစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက ဖရူဆိုမြို့နယ် ကေးလျားကျေးရွာအုပ်စု ကြယ်ဖိုးကြီး(ကေးလျား)ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုသရေးအဖွဲ့ကို အမှတ်(၇) ခုတင် ၁၀၀ တပ်မတော်စစ်ဆေးရုံမှ ဗိုလ်မှူးမင်းသူ ဦးဆောင်၍ အဖွဲ့ဝင်ခုနစ်ဦးတို့က လာရောက်ကွင်းဆင်း



ကုသပေးခြင်းဖြစ်ပြီး ကေးလျားကျေးရွာ အမကမှ ကျောင်းသား ကျောင်းသူ ၄၇ ဦးအတွက် ဗလာစာအုပ် ၂၅ ဒါဇင်နှင့် စားသောက်ဖွယ်ရာများ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့ ဆေးဝါးများပေးလှူကာ လာရောက်ဆေးကုသမှု ခံယူကြသော ဒေသခံပြည်သူများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အခမဲ့ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် သွားရောဂါလူနာ လေးဦး၊ ကလေးရောဂါလူနာ ၁၀ ဦး၊ ကိုယ်ဝန်ဆောင် လေးဦး၊ အထွေထွေရောဂါလူနာ ၆၈ ဦး၊ လိင်ကော်သို့ ခွဲစိတ်လွှဲပြောင်းလူနာ သုံးဦး စုစုပေါင်း ၈၉ ဦး ဆေးကုသမှု လာရောက်ခံယူခဲ့ကြကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

# ခရမ်းမြို့၌ အခြေခံလက်သမားနှင့် ပန်းရန်သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်သမား နှင့် ပန်းရန်သင်တန်း အမှတ်စဉ် (၁/၂၀၁၆) သင်တန်းဆင်းပွဲနှင့် လက်သမား ခုံရိုက်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ပြဟ္မစိုရ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သင်တန်းသား ၆၁ ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**(မြန်မာ့အလင်း)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲ တက္ကသိုလ်များ-ရေဆင်း၌ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ ပဒေသာကပွဲတွင် ရေဆင်းနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်များရှိ တိုင်းရင်းသား၊ တိုင်းရင်းသူများ စုပေါင်း၍ ဝတ်စားဆင်ယင်မှု သရုပ်ပြခြင်းအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပခဲ့သည်။

ထိုသို့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို နှစ်စဉ်ပြည်ထောင်စုနေ့တိုင်းတွင် ရေဆင်းနယ်မြေ၊ တက္ကသိုလ်များ၏ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီကကြီးမှူး၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဆီးရီးယားငြိမ်းချမ်းရေးသဘောတူညီမှုရရှိသော်လည်း ရုရှားဗုံးကြဲတိုက်ခိုက်မှုများကြောင့် အောင်မြင်မှုမရနိုင်



ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ် (ဝဲပုံ)၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ (ဒု-ဝဲပုံ) နှင့်အတူ ဆီးရီးယားအတိုက်အခံအဖွဲ့များနှင့်အခြားအရာရှိများ ဖေဖော်ဝါရီ ၁၁ ရက်က ဂျာမနီနိုင်ငံ မြူးနစ်တွင် ကျင်းပသော နိုင်ငံတကာ ဆီးရီးယားထောက်ပံ့ရေးအဖွဲ့အစည်း အစည်းအဝေးသို့ တက်ရောက်စဉ်။

**အိုမန် ဖေဖော်ဝါရီ ၁၃**

ဆီးရီးယားနိုင်ငံအတွင်း အဓိကအင်အားကြီးများအနေဖြင့် အပစ်အခတ်ရပ်စဲရန် သောကြာနေ့က သဘောတူလိုက်ပြီဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံလုံးကို ပြန်လည်ထိန်းချုပ်နိုင်ရန် သန္နိဋ္ဌာန်ချထားသော သမ္မတဘတ်ရှာအယ်အာဆတ်ကို ထောက်ခံလျက် ရုရှားတို့က ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် တစ်ပတ်အတွင်း အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း၊ အာဆတ်၏အစိုးရက ရုရှားလေကြောင်းအကူ တိုက်ခိုက်မှုနှင့်အတူ ကြီးမားသော စစ်ပွဲအနိုင်ရမှုကို ကြိုးစားနေခြင်းကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဝိုင်းရံပိတ်ဆို့ထားခြင်းခံရသော ဆီးရီးယားမြို့များသို့ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးနိုင်ရန် မြူးနစ်မြို့၌ ငါးနာရီကြာ ဆွေးနွေးခဲ့ပြီးနောက် အဆိုပါသဘောတူညီချက်ကို ရရှိသွားခဲ့ခြင်းဖြစ်သည်။

ယင်းသဘောတူစာချုပ်သည် အနည်းဆုံးလူပေါင်း ၂၅၀၀၀၀၊ အိုးအိမ်မဲ့ ၁၁ သန်းနှင့် ထောင်ပေါင်းများစွာသောပြည်သူများ ဥရောပသို့ ထွက်ပြေးခဲ့ရသည့် အရှေ့အလယ်ပိုင်းပဋိပက္ခကို အဆုံးသတ်စေမည်ဖြစ်သောကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

သို့သော်လည်း အာဆတ်အာဏာချိန်ခွင်လျှာ ပြန်လည်တည့်မတ်ရေး ကြိုးစားနေသည့် ရုရှား၏ဗုံးကြဲတိုက်ခိုက်နေမှုများကို ဟန့်တားနိုင်ခြင်းမရှိလျှင် ငြိမ်းချမ်းရေးမျှော်လင့်ချက်မှာ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း အနောက်နိုင်ငံအချို့က ပြောကြားလျက်ရှိသည်။

ငြိမ်းချမ်းရေးအစီအစဉ် မအောင်မြင်ခဲ့လျှင် နိုင်ငံခြားတပ်များ ပဋိပက္ခအတွင်း ပိုမိုဝင်ရောက်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောသည်။

**(ရိုက်တာ)**

# တောဆင်ရိုင်းတစ်ကောင် တရုတ်နိုင်ငံယူနန်ပြည်နယ် လမ်းတစ်ခုတွင် ဝင်ရောက် သောင်းကျန်း

**ကူမင် ဖေဖော်ဝါရီ ၁၃**

တရုတ်နိုင်ငံအနောက်တောင်ဘက် ယူနန်ပြည်နယ်ရှိ လူထူထပ်သောလမ်းတစ်ခုတွင် ဆင်ရိုင်းတစ်ကောင် ဝင်ရောက်သောင်းကျန်းခဲ့ရာ ရပ်ထားသော ကား ၁၂ စီးခန့် ပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူဆန်ညဟု အမည်ပေးထားသော အဆိုပါဆင်ရိုင်းသည် သဘာဝရှုခင်းများဖြင့် ရင်သပ်ရှုမောဖွယ်ဖြစ်နေသော စစ်ဆောင်ပန္နာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယီဂျန်ဂူ (တောဆင်ရိုင်းရွာ)မှ ခရီးလွန်လာပြီး အဓိကလူစည်ကားရာ လမ်းမပေါ်သို့ သောကြာနေ့ ညနေ ၄ နာရီခန့်တွင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း ပြည်သူ့အာဏာပိုင်များက ပြောသည်။ ယင်းဆင်သည် မိနစ် ၂၀ ခန့် လမ်းမပေါ်တွင်ရှိနေပြီး နိုင်ငံခြားသားများ၏ကားများကို နင်းချေဖျက်ဆီးပြီးနောက် ၎င်း၏ဒေသသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ ပြည်နယ်ရဲများနှင့် တောဆင်ရိုင်းရွာမှ ဝန်ထမ်းများသည် ဆင်အန္တရာယ်သတိထားရန် တိုက်တွန်းခဲ့ပြီး အနီးအနားရှိ လမ်းများကိုလည်း အန္တရာယ်ကင်းဘေးရှင်းစေရန် ပိတ်ထားခဲ့ရကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အင်တာနက်အသုံးချ အကြမ်းဖက်သမားများကို တိုက်ဖျက်ရန် တရုတ်သံတမန်ပြောကြား

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၃**

အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့များသည် အင်တာနက်နှင့် လူမှုမီဒီယာများကို အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရေးအတွက် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပိုမိုဂရုစိုက်ရန် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံတမန်တစ်ဦးက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။ ၎င်းအကြမ်းဖက်အုပ်စုများသည် ရုပ်သံဖိုင်များကို အွန်လိုင်းပေါ်သို့ လွှင့်တင်မှုများပြုလုပ်ကာ အကြမ်းဖက်အစွန်းရောက်ဝါဒပြန့်ပွားအောင် လုပ်ဆောင်နေကြောင်း၊ လူသစ်စုဆောင်းမှုများနှင့် ရန်ပုံငွေရရှိရန် လုပ်ဆောင်နေရုံသာမက အကြမ်းဖက်တိုက်ခိုက်မှုများကို အကွက်ချ ကြံစည်မှုများလည်း လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရန် စည်းလုံးညီညွတ်သောရှေ့ပြေးအဖွဲ့ထူထောင်ဖွဲ့စည်းရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ကုလအဖွဲ့အစည်းနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်လက်မှ မိုဆူးလ်မြို့ကို ပြန်သိမ်းနိုင်ရန် အီရတ်လှုပ်ရှားတပ်ဖွဲ့များ ထိုးစစ်ဆင်ရန်ပြင်ဆင်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃**

ယခုနှစ်အတွင်း မိုဆူးလ်မြို့ကို အိုင်အက်စ်စစ်သွေးကြွများလက်မှ ပြန်လည်သိမ်းပိုက်နိုင်ရေး လှုပ်ရှားတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်သွားရန် စီစဉ်လျက်ရှိကြောင်း အီရတ်စစ်ဘက်က သောကြာနေ့တွင် ပြောသည်။

အီရတ်တပ်မတော် တပ်မ (၁၅)မှ ရာပေါင်းများစွာသောတပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့တောင်ဘက် ၄၅ မိုင်အကွာ မတ်မိုယာအခြေစိုက်စခန်းသို့ရောက်ရှိလာရာ ဆွန်နီမွတ်ဆလင်လူမျိုးစု တိုက်ခိုက်ရေးသမားများအပါအဝင် အခြားအဖွဲ့များ လာမည့်ရက်များအတွင်း ပိုမိုရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း ပူးပေါင်းစစ်ဆင်ရေးပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရာဟာရာဆူးလ်က ပြောသည်။


အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပထမနှစ်ဝက်အတွင်းမှာပင် မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်အောင် စစ်ဆင်ရေးဆင်နွှဲသွားမည်ဖြစ်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီး ခါလက်အယ်လ်အိုဘိုင်ဒီက ရိုက်တာသို့ပြောသည်။ ၂၀၁၆ ခုနှစ်သည် အိုင်အက်စ်စစ်သွေးကြွများကို နောက်ဆုံးချေမှုန်းအောင်ပွဲခံမည့်နှစ်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် အဘာဒီက ပြောသည်။

မိုဆူးလ်မြို့သည် လူပေါင်းတစ်သန်းကျော်နေထိုင်လျက်ရှိပြီး အိုင်အက်စ်တို့သိမ်းပိုက်ထားသည့် အကြီးဆုံးမြို့ကြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်ကတည်းက အိုင်အက်စ်တို့က အီရတ်နှင့် အိမ်နီးချင်းဆီးရီးယားနယ်စပ်များကို သိမ်းပိုက်ကာ အစ္စလာမ့်နိုင်ငံတော်အဖြစ် ကြေညာထားသည်။ အီရတ်တို့က အမေရိကန်ဦးဆောင်သည့်ပေါင်းတပ်၏ လေကြောင်းတိုက်ခိုက်မှုအကူအညီရယူကာ ဒီဇင်ဘာလအတွင်း ရာမာဒီမြို့အနောက်ပိုင်းကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

**(ရိုက်တာ)**



ဖေဖော်ဝါရီ ၄ ရက်က ဖလူဂျာမြို့အနောက်ဘက်ရှိ အိုင်အက်စ်စစ်သွေးကြွများကို အီရတ်စစ်သားတစ်ဦးက ပခုံးထမ်းလောင်ချာဖြင့် ပစ်ခတ်နေစဉ်။




ဖေဖော်ဝါရီ ၁၂ရက်က ကွန်ဂရက်သို့တင်သွင်းသော မြောက်ကိုရီးယား၏စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာကို တွေ့ရစဉ်။

# မြောက်ကိုရီးယား၏ ဒုံးကျည်နည်းပညာ...

# မြောက်ကိုရီးယား၏ ချူကလီးယားနည်းပညာတစ်ဟုန်ထိုးပြန့်ပွားနေသည်ဟု ပင်တဂွန်ပြော

**ပြုံယမ်း ဖေဖော်ဝါရီ ၁၃**

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးလက်နက်နှင့်သက်ဆိုင်သော ဆက်စပ်ပစ္စည်းများကို အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် အာရှနိုင်ငံများသို့ တင်ပို့မှုများပြုလုပ်နေကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယား၏နျူကလီးယားနည်းပညာ ပြန့်ပွားမှုကို စိုးရိမ်မကင်းဖြစ်နေကြောင်း ဖော်ပြခဲ့သည်။

ပင်တဂွန်အရာရှိများက အမေရိကန်ဥပဒေပြုလွှတ်တော် (ကွန်ဂရက်)သို့ သောကြာနေ့က မြောက်ကိုရီးယား၏ စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာတိုးတက်မှုအစီရင်ခံစာတစ်ခု တင်သွင်းခဲ့သည်။

မြောက်ကိုရီးယားတွင် ကိုရီးယားကျွန်းဆွယ်နှင့် ဂျပန်နိုင်ငံတို့ကို ပစ်မှတ်ထားခြိမ်းခြောက်နိုင်သည့် တာတိုနှင့်တာလတ်ပစ် နျူကလီးယားဒုံးကျည်အတော်များများရှိကြောင်း ယင်းအစီရင်ခံစာက ဖော်ပြခဲ့သည်။

ထို့အပြင် မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုကို တိုက်ရိုက်ခြိမ်းခြောက်နိုင်သည့် တာဝေးပစ်နျူကလီးယားဒုံးကျည်ဆိုင်ရာ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နေကြောင်း ယင်းအစီရင်ခံစာက ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို ချိုးဖောက်ကာ နျူကလီးယားဒုံးကျည်ဆိုင်ရာ နည်းပညာများကို တင်ပို့မှုများ ဆက်လက်ပြုလုပ်နေကြောင်း ယင်းအစီရင်ခံစာက ဆက်လက်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအတွက် လက်နက်ရောင်းချခြင်းသည် နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း ယင်းအစီရင်ခံစာက ထပ်လောင်းဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၏ ယခင်ဖောက်သည်ဟောင်းများမှာ အီဂျစ်၊ အီရတ်၊ ပါကစ္စတန်နှင့် ယီမင်နိုင်ငံများဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားသည် ဆီးရီးယားနိုင်ငံကို နျူကလီးယားဓာတ်ပေါင်းဖို နည်းပညာများ ကူညီထောက်ပံ့ပေးပြီး နျူကလီးယားနည်းပညာပျံ့နှံ့စေရန်အတွက် ၎င်း၏ရည်ရွယ်ချက်ကို ဖော်ထုတ်ပြသခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကျောက်ကာကျွန်းကျေးရွာမီးလောင်မှု တပ်မတော်ရဟတ်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက်ကာကျွန်းကျေးရွာ၌ ယနေ့ နံနက်တွင် နေအိမ်တစ်လုံးမှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး မီးဘေးသင့်ပြည်သူများအား ရာဇဖြိုဟ်ကျေးရွာသို့ ပို့ဆောင်၍ ယာယီနေရာချထားပေးကာလိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မီးလောင်ရာနေရာသို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ရေသန့်ဘူး ၁၃၁ ကတ်၊ ခေါက်ဆွဲခြောက် ၅၇ ဖာနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ဖြင့်လည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့ညနေပိုင်းတွင် မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ခေါက်ဆွဲခြောက်ဖာ ၂၀၀၊ မီးဖိုချောင်သုံး ဒန်အိုး၊ ဒန်ခွက်၊ အရွယ်မျိုးစုံ အလုံး ၉၀၀ တို့ကို ရန်ကုန်မှ တပ်မတော်ရဟတ်ယာဉ်နှစ်စင်းဖြင့် ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(မြဝတီ)**



❄ *ကျောဖုံးမှ*

ဆက်လက်၍ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မြိတ်ခရိုင် မီးသတ်တပ်ဖွဲ့မှူး(လက်ထောက်ညွှန်ကြားရေးမှူး)ဦးဇော်ဝင်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့က ရေလမ်းမှ အမြန်ယာဉ်ဖြင့် အပေါ့စား မီးသတ်စက်ခြောက်လုံးဖြင့် ထွက်ခဲ့ကြသည်။

ထို့နောက် နံနက် ၁၀ နာရီ ၄၉ မိနစ်တွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က အပေါ့စား မီးသတ်စက်သုံးလုံးဖြင့် ထပ်မံ အင်အားဖြည့်ငြိမ်းသတ်ခဲ့ကြသည်။

"လောင်အားကောင်းတဲ့ မီးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်မှာ ကျွန်တော်တို့ ထိန်းနိုင်ခဲ့ပါတယ်။ ၁၂ နာရီ ၄၅ မိနစ်မှာတော့ စိတ်ချရတဲ့အထိ မီးငြိမ်းသွားခဲ့ပါတယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပြောသည်။



မီးလောင်ရခြင်း အကြောင်းရင်းမှာ အိမ်ပိုင်ရှင် ဒေါ်အေးအေးစိုး၏ တူမဖြစ်သူ မထက်အိန္ဒြာ (၄ နှစ် ၆ လ)က ဖယောင်းတိုင်မီး ဆော့ကစားရာမှ စတင်လောင်ကျွမ်းရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ အတည်ပြုချက်အရ သိရသည်။

မီးလောင်ချိန် သုံးနာရီခွဲခန့်အတွင်း အိမ်ခြေ ၂၉၇ လုံးကျော် မီးလောင်ဆုံးရှုံးရခြင်းမှာ မီးငြိမ်းသတ်ရေးယာဉ်များ သွားလာ၍ မရနိုင်သော ကျွန်းပေါ်တွင်ဖြစ်နေခြင်း၊ မီးလောင်ချိန်၌ လေတိုက်အားကောင်းနေခြင်း၊ ဝါး ဓနိအိမ်များဖြစ်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မီးလောင်ရာသို့ သွားရာ၌ ပလကျေးရွာအထိ ကားဖြင့် ၁၂ မိုင်သာ သွားရောက်နိုင်ပြီး ယင်းမှ ရေလမ်းခရီးဖြင့် ၁၅ မိုင်မျှ ကွာဝေးနေခဲ့ရာ မြိတ်ဘက်မှ သွားပါက ရေမိုင် ၂၂ မိုင် ၃ ဖာလုံမျှ ကွာဝေး၍ အဆင့်ဆင့် သွားရောက်မီးငြိမ်းသတ်ရသည်ဟု သိရသည်။

## စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်းဖွင့်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၃**

စစ်တောင်းသံစဉ်လူမှုကွန်ရက်က ကြီးမှူးကျင်းပသော စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ပြည်သူ့ဆေးရုံရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စားသုံးသူလူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်။ ပြခန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ အခမဲ့ဖွင့်လှစ်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## တံခွန်တိုင်-ဘိုးဝကုန်း-ဂုံမင်းချောင်-တောင်ပေါက်-မြပြင် မြေသားလမ်းဖွင့်ပွဲကျင်းပ

**သံတွဲ ဖေဖော်ဝါရီ ၁၃** (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သံတွဲခရိုင် သံတွဲမြို့နယ်ရှိ တံခွန်တိုင်-ဘိုးဝကုန်း-ဂုံမင်းချောင်-တောင်ပေါက်-မြပြင်မြေသားလမ်း သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က တံခွန်တိုင်ကျေးရွာမုခ်ဦးရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြေသားလမ်းမှာ (၆/၄)မိုင် အရှည်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဖောက်လုပ်ခြင်းဖြစ်ပြီး သာယာကွင်း၊ တံခွန်တိုင်၊ ဘိုးဝကုန်း၊ ကြိုးကြာ၊ ဂုံမင်းချောင်၊ သစ်ပုတ်၊ ကင်မွန်းချင်ကုန်း၊ စမ်းဝ၊ ကျောက်တန်း၊ တောင်ပေါက်၊ မြပြင်ကျေးရွာတို့သို့ လွယ်ကူစွာသွားလာနိုင်ပြီး ရွာသူ ရွာသား ၂၀၉၉ ဦးတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**နိုင်ငံတကာသတင်း**

# သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၏ ဘီဂျေပီပါတီထိပ်ပိုင်းခေါင်းဆောင်တစ်ဦး သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၁၃**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မည်သူမည်ဝါဟု မသိရသည့် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဘီဟာပြည်နယ်ဆိုင်ရာ ဘီဂျေပီပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။ ဘီဟာပြည်နယ် ဘီဂျေပီပါတီ ဒုတိယဥက္ကဋ္ဌ ဗီရှက်ရှာဝါအိုဂျှာသည် ပြည်နယ်၏မြို့တော် ပတ္တနာမှ အရှေ့ဘက် ၇၄ ကီလိုမီတာခန့်အကွာရှိ ဘိုဂျပါခရိုင်တွင် ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းက နေအိမ်အပြန်ခရီးလမ်း၌ ၎င်း၏ကားထဲတွင် ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဘီဟာပြည်နယ် ဘီဂျေပီပါတီထိပ်ပိုင်းခေါင်းဆောင်တစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် ဘီဟာပြည်နယ်အစိုးရက ညွှန်ကြားထားပြီး ပြည်နယ်ရေးရာရဲတပ်ဖွဲ့အနေဖြင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းဖြင့် အောလ်အိန္ဒိယရေဒီယို အသံလွှင့်ဌာနက ပြည်နယ်ရေးရာရဲချုပ်တစ်ဦးဖြစ်သူ ပီကေသာကာ၏ အဆိုကို ကိုးကားပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ကြေညာသည်။

အိုဂျှာသည် ရာဇဝတ်မှုဆိုင်ရာပြစ်မှု ၁၀ ခုထက်မက ရင်ဆိုင်ခဲ့ရပြီး ယမန်နှစ်ပြည်နယ်ရွေးကောက်ပွဲများတွင်လည်း မအောင်မမြင်ပါဝင်ယှဉ်ပြိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ အိုဂျှာသေဆုံးမှုနှင့်ပတ်သက်ပြီး ၎င်း၏ပုဂ္ဂိုလ်ရေးအရ ယှဉ်ပြိုင်ဘက်ဖြစ်သူတစ်ဦးကို ရဲတပ်ဖွဲ့က သံသယရှိနေကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

အလားတူ ပတ္တနာမြို့မှ မြောက်ဘက် ဆာရန်ခရိုင် ချာပရာမြို့တွင်လည်း ဖေဖော်ဝါရီ ၁၂ ရက်က ဘီဟာပြည်နယ် ဘီဂျေပီပါတီခေါင်းဆောင်တစ်ဦးဖြစ်သည့် ကီဒါဆင့်ဆိုသူလည်း အသတ်ခံခဲ့ရကြောင်း သိရသည်။ တစ်ဆက်တည်းမှာပင် ပြည်နယ်အတွင်း အတိုက်အခံပါတီဖြစ်သည့် ဘီဂျေပီပါတီက ဘီဟာပြည်နယ်အစိုးရအား အိုဂျှာကို သတ်ဖြတ်သူများကို ၇၂ နာရီအတွင်း ဖမ်းဆီးရန်နှင့် ၎င်းတို့တောင်းဆိုသည့်အတိုင်း ပြည်နယ်အစိုးရက ဆောင်ရွက်ခြင်းမရှိပါက ပြည်နယ်တစ်ဝန်းလုံးဆန္ဒပြမှု လုပ်ဆောင်သွားမည်ဟု တောင်းဆိုခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်ပြီး သုံးသပ်ရေးဆိုင်ရာ နှစ်ရက်ကြာအစည်းအဝေး အပြီးသတ်သည့် နေ့မှာပင် ဖော်ပြပါနှစ်ဦးစလုံး အသတ်ခံရမှုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

ဂျေတီ

# ၂၀၁၆ ခုနှစ် အယ်နီညိုအခြေအနေနှင့် နွေရာသီကာလများတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေသုံးသပ်ချက်

လှထွန်း(မိုးလေဝသ)

**အယ်နီညိုအခြေအနေ**

အယ်နီညိုဖြစ်စဉ်ဆိုသည်မှာ အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာတွင် ပင်လယ်ရေမျက်နှာပြင် အပူချိန် ပုံမှန်ထက် ပိုမိုပူနွေးခြင်းကိုခေါ်သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလလယ်အတွင်း အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း (East-Central Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် အားကောင်းသော အယ်နီညိုဖြစ်ပေါ်နိုင်သည့်အဆင့်အထိ ပူနွေးလျက်ရှိနေသည်။ ခန့်မှန်းချက်များအရ အဆိုပါ ပစိဖိတ်သမုဒ္ဒရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ သုံးလပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အားအကောင်းဆုံး အယ်နီညိုအဆင့်သို့ ရောက်ရှိအောင် ပူနွေးနိုင်သဖြင့် ၁၉၅၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်နီညိုဖြစ်စဉ်များအနက် အားအကောင်းဆုံး ဖြစ်ခဲ့သည့် ၁၉၇၂-၁၉၇၃ ၊ ၁၉၈၂-၁၉၈၃ နှင့် ၁၉၉၇-၁၉၉၈ ခုနှစ်တို့ထက် ပိုမိုအားကောင်းသော အယ်နီညို (Very Strong El-Nino) ဖြစ်လာနိုင်ကြောင်း၊ အယ်နီညိုဖြစ်စဉ်သည် ၂၀၁၆ ခုနှစ် မတ်၊ ဧပြီနှင့် မေအထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး တဖြည်းဖြည်း အားလျော့သွားနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသဌာနချုပ် (World Meteorological Organization)နှင့် နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားသည်။

**အယ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုအပေါ်အကျိုးသက်ရောက်မှု**

လေထုနှင့် ပင်လယ်သမုဒ္ဒရာတို့၏ အပြန်အလှန် သက်ရောက်မှု (Atmosphere-Ocean interaction process) သည် ရာသီဥတုအပေါ်ကို အကျိုးပြုပေသည်။ သို့ဖြစ်ရာ အယ်နီညိုဖြစ်စဉ်သည်လည်း ပင်လယ်သမုဒ္ဒရာဆိုင်ရာ ဖြစ်စဉ်တစ်ခုဖြစ်၍ လေထုနှင့် ပင်လယ်သမုဒ္ဒရာတို့၏ အပြန်အလှန် သက်ရောက်မှုကြောင့် ကမ္ဘာ့ရာသီဥတုအပေါ် အကျိုးသက်ရောက်စေသည်။ အယ်နီညိုနှစ်များတွင် ပင်လယ်ရေမျက်နှာပြင်အထက် လေတိုက်ခတ်ပုံသည် ပုံမှန်နှစ်များတွင် တိုက်ခတ်လေ့ရှိသော လေစီးကြောင်းများနှင့်မတူဘဲ ပြောင်းလဲသွားသည်ကို ပုံတွင် တွေ့ရှိနိုင်သည်။


အယ်နီညို၏ ဆန့်ကျင်ဘက်ဖြစ်စဉ်ဖြစ်သည့် လာနီညာ (La Nina) အခြေအနေသို့ ပြောင်းသွားလေ့ရှိသည်။ သို့ရာတွင် အချို့သောဒေသများတွင် အယ်နီညိုဖြစ်စဉ် အားပျော့သွားသည့် အချိန်ကာလရောက်ရှိမှသာလျှင် အယ်နီညို၏အကျိုးသက်ရောက်မှုဖြစ်သည့် အားကောင်းသည့် မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးရွာသွန်းမှု ပုံမှန်မဟုတ်ခြင်း၊ မိုးရွာသွန်းမှု လျော့နည်းခြင်း(မိုးခေါင်ခြင်း)၊ ပူပြင်းခြောက်သွေ့ခြင်း စသည့် အယ်နီညိုရာသီဥတုကို ခံစားရလေ့ရှိသည်။

၁၉၀၀ ပြည့်နှစ်မှစ၍ လေ့လာထားသည့်မှတ်တမ်းများအရ အယ်နီညိုဖြစ်စဉ် ၂၆ ကြိမ်ရှိခဲ့ရာ အယ်နီညိုဖြစ်စဉ်ပြီးသည့်နောက် ၅၀ ရာခိုင်နှုန်းသည် ပုံမှန်အခြေအနေဖြစ်ခဲ့ပြီး ၄၀ ရာခိုင်နှုန်းသည် လာနီညာအခြေအနေဖြစ်ခဲ့ကြောင်း ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် ဖြစ်ပေါ်နိုင်သည့် ပုံမှန်ဖြစ်စဉ်နှင့် လာနီညာဖြစ်စဉ် ဖြစ်ပေါ်နိုင်မှုအခြေအနေသည် ညီတူညီမျှဖြစ်နေကြောင်း ဩစတြေးလျ မိုးလေဝသဌာန (Bureau of Meteorology, Australia) မှ ခန့်မှန်းထားသည်။

**အယ်နီညိုနှင့် မြန်မာနိုင်ငံ၏ ရာသီဥတုအပေါ် ဆန်းစစ်ချက်**

ကိုလံဘီယာတက္ကသိုလ်ရှိ အပြည်ပြည်ဆိုင်ရာ ရာသီဥတုနှင့် လူမှုဆိုင်ရာသုတေသနအဖွဲ့ (International Research Institute for Climate and Society (IRI) မှ အယ်နီညိုနှစ်များတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ရာသီဥတုအခြေအနေ ဆန်းစစ်ချက် (ပုံမှန်၊ စွတ်စို၊ ခြောက်သွေ့)ကို (၁၉၅၀-၂၀၀၂ ခုနှစ်) မှတ်တမ်းများအပေါ် အခြေခံတွက်ချက်မှုများအရ အယ်နီညိုနှစ်များတွင် မြန်မာနိုင်ငံ၏ နွေရာသီကာလ (ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီ)များ၌ စွတ်စိုအခြေအနေကို မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ (ကချင်ပြည်နယ်)တွင် ဖြစ်ပေါ်နိုင်ပြီး ဖြစ်နိုင်စွမ်းအနေဖြင့် ၀ ဒသမ ၄ မှ ၀ ဒသမ ၅ ခန့် ရှိပြီး ကျန်ဒေသများတွင် ဖြစ်နိုင်စွမ်း လျော့နည်းကြောင်း တွေ့ရှိရသည်။ ပုံမှန်အခြေအနေကို ရှမ်းပြည်နယ် မြောက်ပိုင်း ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နိုင်ပြီး

**ပုံမှန်နှစ်နှင့် အယ်နီညိုနှစ်များတွင် လေစီးကြောင်းများ လှည့်ပတ်တိုက်ခတ်မှုပြပုံ**
**(Atmosphere-Ocean interaction process)**




ပုံမှန်နှစ် (Neutral) အယ်နီညိုနှစ် (El Nino)


သို့ဖြစ်ရာ လေစီးကြောင်းများ ပြောင်းလဲတိုက်ခတ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မိုးလေဝသဖြစ်စဉ်များနှင့် ရာသီဥတုများသည်လည်း ပြောင်းလဲသွားစေသည်။ အထက်လေထုတိုက်ခတ်ပုံ ပြောင်းလဲသွားသဖြင့် ပုံမှန်မိုးနည်းသည့်နေရာများတွင် မိုးများခြင်း၊ မိုးများသည့်နေရာများတွင် မိုးနည်း၍ မိုးခေါင်မှုဖြစ်စေခြင်း၊ အောက်ဘက်လေစီးကြောင်းများ တိုက်ခတ်သော ဒေသများတွင် တိမ်ဖြစ်ထွန်းမှုနည်းပြီး နေ့အပူချိန်မြင့်မားကာ ပူပြင်းခြောက်သွေ့မှု ဖြစ်ပေါ်ခြင်း၊ ပင်လယ်ရေပူနွေးမှုကြောင့် အားကောင်းသော အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်ခြင်း စသည်တို့သည် အယ်နီညိုရာသီဥတုဖြစ်သည်။ ပုံမှန်အားဖြင့် အယ်နီညိုဖြစ်စဉ်သည် နှစ်တစ်နှစ်၏ ပထမ လေးလပတ်နှင့် ဒုတိယလေးလပတ်အတွင်း အားလျော့သွားပြီးနောက် ပုံမှန်(Neutral) အခြေအနေ (သို့မဟုတ်)

ဖြစ်နိုင်စွမ်းအနေဖြင့် ၀ ဒသမ ၄ မှ ၀ ဒသမ ၆ခန့် ရှိပြီး ကျန်ဒေသများတွင် ဖြစ်နိုင်စွမ်းလျော့နည်းကြောင်း တွေ့ရှိရသည်။

ခြောက်သွေ့အခြေအနေကို မြန်မာနိုင်ငံ အရှေ့ပိုင်း (ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်) တွင်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများ (မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး)တွင် လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများ (ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး)တွင်လည်းကောင်း၊ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ (ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး)တွင်လည်းကောင်း ဖြစ်ပေါ်နိုင်ပြီး ဖြစ်နိုင်စွမ်းအနေဖြင့် ၀ ဒသမ ၇ မှ ၁ ဒသမ ၀ အထိရှိကြောင်း တွေ့ရှိရသည်။

**အယ်နီညိုနှစ်များတွင် နွေရာသီကာလ (ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီ)များ၌ မြန်မာနိုင်ငံ၏ မိုးရရှိမှုအပေါ် ဆန်းစစ်ချက်**

| စွတ်စိုအခြေအနေ | ပုံမှန်အခြေအနေ | ခြောက်သွေ့အခြေအနေ |
|---|---|---|




ဖြစ်နိုင်စွမ်း(Probability) → ဖြစ်နိုင်စွမ်း(Probability) → ဖြစ်နိုင်စွမ်း(Probability) →

**Source:** International Research Institute for Climate and Society (IRI)

အယ်နီညိုဖြစ်စဉ်ကြောင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေ (မိုးရေချိန်နှင့် အပူချိန်)များအား လေ့လာကြည့်ပါက မိုးရွာသွန်းမှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းကာ ရွာသွန်းခဲ့ပါသည်။ ဒီဇင်ဘာလတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများဖြစ်ပေါ်မှု နည်းပါးခဲ့ပြီး၊ မိုးရေချိန်ရရှိသည့် ပမာဏမှာလည်း လွန်စွာနည်းပါးခဲ့သည်။ ညအပူချိန်များအခြေအနေမှာလည်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့် ရှိခဲ့သဖြင့် ပူနွေးသည့်အခြေအနေ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

**မြန်မာနိုင်ငံအတွက် ၂၀၁၆ ခုနှစ် နွေရာသီကာလ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီ ခန့်မှန်းချက်**

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization)၏ ရက်ရှည်ရာသီဥတုခန့်မှန်းရေးဌာနမှ အာရှဒေသအတွက် ဇန်နဝါရီလကို အခြေခံပြီး ၂၀၁၆ ခုနှစ် နွေရာသီကာလ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီ၏ မိုးရေချိန်နှင့် အပူချိန်ကို ခန့်မှန်းထားသည်။ မိုးရွာသွန်းမှုခန့်မှန်းချက်များအနေဖြင့် တစ်နိုင်ငံလုံးတွင် ရွာသွန်းမြဲထက် ပိုနိုင်သည့်ဒေသများမရှိဘဲ ရွာသွန်းမြဲ မိုးရေချိန်အောက် လျော့နည်းရွာသွန်းနိုင်သည့် ဒေသများသာရှိသည်။ ရွာသွန်းမြဲအောက် လျော့နည်းမှု ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့် သေချာမှုရှိသည့် ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်ပြီး ရွာသွန်းမြဲအောက် လျော့နည်းမှု ၅၀ ရာခိုင်နှုန်းထိ သေချာမှုရှိသည့် ဒေသများမှာ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်း ၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိ သေချာမှုရှိသည့် ဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

နေ့အပူချိန်များအနေဖြင့် တစ်ပြည်လုံးတွင် ပျမ်းမျှအပူချိန်(ပုံမှန်အပူချိန်)ထက် ပိုနိုင်ပြီး သေချာမှုရာခိုင်နှုန်း ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိသည့် ဒေသများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ ဖြစ်ပြီး၊ ၇၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်သည်။

**သုံးသပ်ချက်**

အားအသင့်အတင့်ရှိ အယ်နီညိုနှစ်ဖြစ်သည့် ၂၀၁၀ ပြည့်နှစ်တွင် နွေရာသီကာလဖြစ်သော မတ်လမှ မေလအတွင်း ကလေးဝ၊ မုံရွာ၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းမူ၊ မြင်းခြံ၊ ညောင်ဦး၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(ရေဆင်း)၊ ရမည်းသင်း၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ပြည်၊ ရန်ကုန်(ကမ္ဘာအေး)၊ ခရမ်း၊ သိမ်ဖြူ၊ ကော့သောင်းနှင့် အမ်းမြို့တို့တွင် နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့ရာ မြင်းမူမြို့တွင် မေလအတွင်း အမြင့်ဆုံး အပူချိန် ၄၇ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်အထိ စံချိန်တင်မြင့်မားခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရှိရသည်။

၂၀၁၆ ခုနှစ် နွေရာသီကာလ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီအတွက် ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ အပူချိန်မြင့်မားခြင်း စသည့် ရာသီဥတုကိုသာ တွေ့ကြုံနိုင်သည်။သို့ဖြစ်၍ အယ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မိုးရွာသွန်းမှု လျော့နည်းခြင်း၊ နွေရာသီတွင် နေ့အပူချိန် မြင့်မားခြင်း စသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာနိုင်သဖြင့် ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ နွေရာသီကာလများတွင် မြစ်ချောင်းများ၌ မြစ်ရေများ ပုံမှန်ထက်လျော့နည်းခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါအခြေအနေများသည် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများတွင် သက်ရောက်မှုများ ရှိနိုင်သည်။

**နိုင်ငံတကာမှ အယ်နီညိုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ**

အိန္ဒိယနိုင်ငံ၏ မုတ်သုံရာသီအတွင်း မိုးရရှိမှု လျော့နည်းခြင်းသည် အယ်နီညိုဖြစ်စဉ်နှင့် အားကောင်းစွာ ဆက်စပ်နေသည့်အတွက် ၂၀၁၅ ခုနှစ် မုတ်သုံရာသီ

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

❀ ရှေ့ဖုံးမှ

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မကွေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန်းရွှေစက်တော်ရာ ဘုရားအဝင်လမ်း မင်္ဂလာမုခ်ဦးနှင့် အောက်စက်တော်ရာ အဝင်လမ်း မင်္ဂလာမုခ်ဦးများကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မကွေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မုခ်ဦးဆိုင်းဘုတ်များကို နိုင်ငံတော်သံဃမဟာနာယက



ရွှေစင်ရွှေသား စက်လက္ခဏာပါဒစေတီတော်ကို မင်္ဂလာမုခ်ဦးသို့ ပင့်ဆောင်ကြစဉ်။ ဓာတ်ပုံ-တင်ထွန်းဦး(မင်းဘူး)

အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဘုရားဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ အလင်းပေါက်ဖန်အုပ်ဆောင်းတော်ကို မင်္ဂလာအချိန်တွင် ဖွင့်လှစ်၍ ရေစင်များသွန်းဖျန်းခြင်း၊ ရွှေသက်န်းများကပ်လှူပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် အထက်စက်တော်ရာ ပါဒစေတီတော်မြတ်သို့ ကြွရောက်ကြကာ စေတီတော်အား ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြည်ညိုကြပြီး အထက်စက်တော်ရာ ပါဒစေတီတော်မြတ်ကို ဗုဒ္ဓါဘိသေက အနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ နမ္မဒါဗုဒ္ဓသာသနာ့ မဟာဗိမာန်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားပြုလုပ်ရာ ဗန်းမော်ဆရာတော်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့က မင်္ဂလာအချိန်တွင် ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗန်းမော်ဆရာတော်ကြီးက နမ္မဒါဗုဒ္ဓသာသနာ့မဟာ ဗိမာန်တော်မော်ကွန်းစာတမ်းကို ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ဗိမာန်တော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်္ဂလာမုခ်ဦးတော်၊ မဟာဗိမာန်တော်ကြီး တည်ဆောက်ပြုပြင် လှူဒါန်းမှုနှင့်ပတ်သက်၍ သာသနာရေးရာများ လျှောက်ထားပြီး မင်္ဂလာမုခ်ဦးနှင့် မဟာဗိမာန်တော်ကြီး တည်ဆောက်ရာတွင် စေတနာထက်သန်စွာ လှူဒါန်းခဲ့ကြသော အလှူတော်ငွေများကို အလှူရှင်များကိုယ်စား တာဝန်ရှိသူများက လွှဲအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားတွင် လီဆူရိုးရာ 'ကွာချဲ' ကကွင်း ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၃**

မြစ်ကြီးနားမြို့တွင် လီဆူရိုးရာ 'ကွာချဲ'ကကွင်းကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း ဒုတိယအကြိမ် မြန်မာနိုင်ငံ လီဆူ'ခေါ့ရှိ' နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအဖူရဲလီမီက ပြောသည်။ **(ယာပုံ)**

လီဆူရိုးရာ 'ကွာချဲ'ကကွင်းကို မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက်ရှိ ဧက ၄၀ ရှိသည့် မြေနေရာ၌ အချင်း ပေ ၁၈၀ ကျယ်ဝန်းပြီး လီဆူလူမျိုးများ၏ ရိုးရာအမှတ်တံဆိပ် ဒူးလေးကျောက်တိုင်ကို ထည့်သွင်းဆောက်လုပ်ထားရှိပါတယ်။ ယင်းကကွင်းကို လီဆူလူမျိုးများစုပေါင်းပြီး ထည့်ဝင်လှူဒါန်းထားသော ငွေကျပ်သိန်း ၈၀၀ ခန့် အကုန်အကျခံကာ ဆောက်လုပ်ထားကြောင်း လီဆူရိုးရာ 'ကွာချဲ' ကကွင်း ဆောက်လုပ်ရေး ဒုတိယဥက္ကဋ္ဌ ဦးလာနေတူးက ပြောသည်။

အဆိုပါကွင်းအတွင်း၌ လီဆူရိုးရာစာပေနှင့် ကော်မတီရုံး၊ ကျန်းမာရေးရုံးနှင့် ခန်းမကြီးတစ်ခုပါရှိပြီး ယင်းကွင်းတစ်ခုလုံးမြေနေရာနှင့် အဆောက်အအုံများအပါအဝင် ငွေကျပ်သိန်း ၂၀၀၀ ခန့် အကုန်အကျခံ၍ ဆောင်ရွက်ထားရှိကြောင်း ၎င်းကပြောသည်။



လီဆူလူမျိုးများ၏ ရိုးရာနှင့် စာပေယဉ်ကျေးမှုမပပျောက်စေရန်၊ စာပေနှင့်ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်နိုင်စေရန်၊ လီဆူလူမျိုးများ စည်းလုံးညီညွတ်မှုရှိစေရန်အတွက်ရည်ရွယ်ပြီး ပြုလုပ်ထားရှိကြောင်း၊ ဒူးလေးအမှတ်တံဆိပ်ကို အစွဲပြုရခြင်းမှာ လီဆူလူမျိုးများသည် ယခင်ကတည်းက အမဲလိုက်ရာတွင် အမြဲအသုံးပြုခဲ့သောကြောင့် ရိုးရာအမှတ်တံဆိပ်အနေဖြင့် အသုံးပြုရခြင်းဖြစ်ကြောင်း ဆက်လက်ပြောပြသည်။ **မင်းမင်း(မြစ်ကြီးနား)**

*စာမျက်နှာ ၆ မှ*

တွင် ရွာသွန်းသည့် မိုးရေချိန်သည် ရွာသွန်းမြဲမိုးရေချိန်အောက် လျော့နည်းခဲ့ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ ထုတ်ပြန်ထားသည်။ သို့အတွက် အိန္ဒိယနိုင်ငံတွင် အယ်နီညိုဖြစ်စဉ်အပေါ် တုံ့ပြန်ဆောင်ရွက်ချက်များအနေဖြင့် မိုးခေါင်ရေရှားမှုအား ကိုင်တွယ်ဖြေရှင်းရန် ရေလှောင်တမံများရှိ ရေကို မှန်မှန်ကန်ကန် အသုံးပြုစေခြင်း၊ မျိုးကြဲသည့်အချိန်ပြောင်းလဲရန် (သို့မဟုတ်) သင့်လျော်သည့် အခြားကောက်ပဲသီးနှံများ ပြောင်းလဲစိုက်ပျိုးစေခြင်းနှင့် သီးနှံများအား မသေချာသည့်ဈေးကွက်များကို တင်ပို့ရောင်းချခြင်း မပြုရန် လယ်သမားများအား အကြံပေးခြင်းစသည့် ကြိုတင်ပြင်ဆင်မှုများကို အိန္ဒိယနိုင်ငံ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြင်ဆင်ထားရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အယ်နီညိုဖြစ်စဉ်အပေါ် တုံ့ပြန်ဆောင်ရွက်ချက်များအနေဖြင့် အစိုးရအေဂျင်စီအားလုံးကို ကြိုတင်ပြင်ဆင်ထားရန်၊ လူဦးရေအထူထပ်ဆုံးဒေသဖြစ်သော Northern Luzon ဒေသရှိ ပြည်သူများအား နောက်လာမည့် နွေရာသီကာလလေးလအတွက် ပြင်ဆင်မှုများ ပြုလုပ်ထားရန် နှိုးဆော်ထားသည်။ ဖိလစ်ပိုင်သမ္မတကလည်း အယ်နီညိုဖြစ်စဉ်သက်ရောက်မှုကြောင့် တိုင်းပြည်တွင် ထိခိုက်မှုအများဆုံးဖြစ်နိုင်သည့် စားနပ်ရိက္ခာထုတ်လုပ်သည့် စိုက်ပျိုးရေးကဏ္ဍအပေါ် အလေးထားစောင့်ကြည့်ရန် ညွှန်ကြားထားသည်။ အစိုးရ၏ ကြိုတင်ပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ စီမံချက်များရေးဆွဲထားပြီးဖြစ်သည်။ စီမံချက်များတွင် မိုးရွာသွန်းသည့် တိမ်များဖြစ်ပေါ်လာစေသော နည်းပညာ (cloud seeding) နှင့် ဆည်မြောင်းများအတွက် ရေထိန်းသိမ်းမှုအစီအမံများ အစရှိသည့် အခြားသောအစိုးရဌာနများက အကောင်အထည်ဖော်မည့် လုပ်ငန်းများအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် သင့်လျော်သော ညွှန်ကြားမှုများ ပေးမည်ဖြစ်သည်။ ထို့အပြင် အခြားသော အဖွဲ့အစည်းများအနေဖြင့်လည်း ပြီးခဲ့သော နွေရာသီကာလက နိုင်ငံအတွင်းရှိ ဒေသအချို့တွင် မိုးရေချိန်နည်းပါးခြင်း (သို့မဟုတ်) မိုးရွာသွန်းမှုမရှိသည့်အချိန်တွင် အောင်မြင်စွာ ကျော်ဖြတ်လုပ်ဆောင်နိုင်ခဲ့သည့်နည်းလမ်းများ ရှိပြီးဖြစ်သော်လည်း အယ်နီညို သက်ရောက်မှုနှင့်စပ်လျဉ်း၍ နောက်လာမည့် အဆင့်များတွင် အစီအမံများ ဆောင်ရွက်ထားခြင်း၊ ခြောက်သွေ့သည့် ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးမှုနည်းစနစ်များ ရှာဖွေစူးစမ်းခြင်း၊ ရေပေးဝေရေးလုပ်ငန်းများ ချဲ့ထွင်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတွင် အယ်နီညိုဖြစ်စဉ်အပေါ် တုံ့ပြန်ဆောင်ရွက်ချက်များအနေဖြင့် ရေကို အချိုးကျခွဲဝေသုံးစွဲရန် ညွှန်ကြားထားခြင်း၊ အစိုးရက ဆန်ဝယ်ယူရေး အစီအစဉ် အကောင်အထည်ဖော်ကတည်းက ဆန်သိုလှောင်ထားရှိခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရှိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း နွေရာသီကာလများတွင် အယ်နီညိုရာသီဥတုဖြစ်သည့် မိုးရွာသွန်းမှုလျော့နည်းခြင်း၊ နေ့အပူချိန်ပုံမှန်ထက် မြင့်တက်ခြင်း စသည်တို့ကို ကြုံတွေ့ရနိုင်ပါသဖြင့် ကဏ္ဍအသီးသီးတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။


## နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုသက်ရောက်မှု (ElNino Effect) ရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ ခြင်း၊ ရေရှားပါးခြင်းများကြုံတွေ့နိုင်သဖြင့် လုပ်သားပြည်သူများအပါအဝင် တောင်သူလယ်သမားများအနေဖြင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျချွေတာသုံးစွဲရန်၊

(၂) နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် သက်တမ်းတိုအထွက်ကောင်းမျိုးများဖြစ်သည့် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ပုလဲသွယ်၊ ရက်(၉၀)စသော စပါးမျိုးများရွေးချယ်အသုံးပြုစိုက်ပျိုးရန်၊ သက်လတ်၊ သက်ကြီးစပါး မျိုးများအသုံးမပြုရန်၊

(၃) ပျိုးသက်မှန်စိုက်ပျိုးနိုင်ရေးအလေးထားဆောင်ရွက်ရန်၊

(၄) နွေစပါးစိုက်ပျိုးရာတွင်လိုက်နာဆောင်ရွက်သင့်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) ၁၄ ချက်ကို အတတ်နိုင်ဆုံးလိုက်နာကျင့်သုံးရန်၊

(၅) စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိအောင် လယ်ကြားမြောင်းစနစ်ကောင်းမွန်ရေး လယ်သမားအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(၆) လယ်ကန်သင်းများတွင် စိမ့်ပေါက်၊ ယိုပေါက်မရှိစေရေး အမြဲကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊

(၇) နွေစပါးခင်းများတွင် ပေါင်းမြက်ကင်းရှင်းအောင်ဆောင်ရွက်ရန်၊

(၈) ရေရရှိနိုင်မှုနည်းပါးသော ဧရိယာများတွင် နွေနှမ်း၊ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးရန်၊

(၉) လိုအပ်ချက်များရှိပါက သက်ဆိုင်ရာစိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ကုန် ခုတင် ၅၀၀ အထူးကုဆေးရုံကြီး၌ အသည်းအစားထိုးခွဲစိတ်ကုသ၊ အသည်းလှူဒါန်းသူနှင့် ခွဲစိတ်ကုသခံလူနာ နှစ်ဦးလုံး ကျန်းမာလျက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးသို့ သွားရောက်ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် အသည်းအစားထိုး ခွဲစိတ်ကုသခြင်းကိုခံယူခဲ့သူနှင့် လှူဒါန်းသူတို့အား သွားရောက်အားပေးကြည့်ရှုသည်။

အဆိုပါ ခွဲစိတ်ကုသမှုမှာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သားဖွားသင်တန်းကျောင်းဝင်းနေ ဦးမျိုးမောင်မောင်(၃၆နှစ်)က လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၇)ရပ်ကွက် အမှတ်-၅၀ ရွှေပင်လုံအိမ်ရာ နှင်းဆီမြိုင်လမ်းနေ ဦးမျိုးမြင့်ဦး (၅၈ နှစ်)က လက်ခံရယူခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသခြင်းကို ခုတင်၅၀၀ ဆံ့ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထွဋ်ဦးဆောင်၍ ခွဲစိတ်ဆရာဝန်များအဖြစ် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ နော်မန်လှ ပါမောက္ခ(ငြိမ်း) ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ ဒေါက်တာ ထွန်းဦး ပါမောက္ခ ခွဲစိတ်ကုသပညာဌာန ဆေးတက္ကသိုလ်(၁)၊ ပါမောက္ခ ဒေါက်တာ တင်တင်မာ ပါမောက္ခ အသည်းခွဲစိတ်ကု ပညာဌာန၊ ပါမောက္ခ ဒေါက်တာ ခင်မောင်လွင် ပါမောက္ခ/ဌာနမှူး နှလုံးနှင့် သွေးကြောခွဲစိတ်ကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သမားတော်များအဖြစ် ပါမောက္ခ ဒေါက်တာဝင်းနိုင်နှင့် ပါမောက္ခ ဒေါက်တာ ဝင်းဝင်းဆွေ ပါမောက္ခ အသည်းရောဂါပညာဌာန၊ ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်း ပါမောက္ခ ဆေးပညာရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မေ့ဆေး ဆရာဝန်ကြီးများအဖြစ် ပါမောက္ခ ဒေါက်တာတင်မြင့် ပါမောက္ခ(ငြိမ်း)၊ မေ့ဆေးပညာဌာန ပါမောက္ခဒေါက်တာ ကြည်ကြည်စန်း ပါမောက္ခ/ဌာနမှူး မေ့ဆေးပညာဌာန ဆေးတက္ကသိုလ်(၁)၊ ပါမောက္ခ ဒေါက်တာမူမူနိုင် ပါမောက္ခမေ့ဆေးပညာဌာန၊ တွဲဖက်ပါမောက္ခဒေါက်တာ မောင်မောင်ဆွေ တွဲဖက်ပါမောက္ခ မေ့ဆေးပညာဌာန၊ ဓာတ်ခွဲပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ မျိုးသက်တင် မေ့ဆေးဌာန၊ ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ ဒေါက်တာ လင်းထွန်းထွန်း ပါမောက္ခ(ငြိမ်း) ဓာတ်မှန်ပညာဌာန၊ ပါမောက္ခ ဒေါက်တာသန်းသန်းဆင့် ပါမောက္ခ/ဌာနမှူး ဓာတ်မှန်ပညာဌာန၊ အမျိုးသားသွေးဌာနမှ ပါမောက္ခဒေါက်တာ သီတာအောင် အမျိုးသားသွေးဌာနတို့နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည်။ အသည်းခွဲစိတ်ကုသခံယူသည့်လူနာနှင့် အသည်းလှူဒါန်းသူနှစ်ဦးစလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ မြန်မာ-ထိုင်းချစ်ကြည်ရေး စက်ဘီးစီးပွဲတော် စည်ကားစွာကျင်းပ



**မြဝတီ ဖေဖော်ဝါရီ ၁၃**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရင်းနှီးမှုကို အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်၊ နှစ်နိုင်ငံပြည်သူများ၊ ကျောင်းသားလူငယ်များအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုစိတ်ဓာတ်များ ရှိလာစေရန်၊ အခက်အခဲများကို အတူတကွပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တတ်စေရန်နှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် (၁၇)ကြိမ်မြောက် မြန်မာ-ထိုင်းချစ်ကြည်ရေးစက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ အတွင်းဝန် ဦးရည်မွန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ထိုင်းအားကစားနှင့် ခရီးသွားဝန်ကြီး မစ္စကော့ကန်းဝပ်ထနာ့-ဝရာကွန်းနှင့်ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။ ထို့နောက် နှစ်နိုင်ငံဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာ-ထိုင်းချစ်ကြည်ရေးစက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါစက်ဘီးစီးပွဲတော်တွင် ထိုင်းနိုင်ငံမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူစက်ဘီးစီးနင်းသူ ၁၄၄၀၊ မြဝတီမြို့မှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၄၀၀ စုစုပေါင်းစက်ဘီးစီးနင်းသူ ၁၈၄၀ ဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

**■ ရှေ့ဖုံးမှ**

သွားလာမောင်းနှင် နိုင်ကြတော့မည်ဖြစ်၍ မြို့တွင်းလမ်းများရှင်းလင်းပြီး တောင်ပေါ်ပြင်ဦးလွင်မြို့ဟာ ပိုမိုလှပ၍ ကျက်သရေရှိမြို့အဖြစ် ပြန်လည်ရောက်ရှိလာတော့မည်ဖြစ်ပြီး ဝမ်းသာနေကြောင်းကို အဆိုပါလမ်းအား တာဝန်ယူဖောက်လုပ်နေသည့် ORIENTAL HIGHWAY ကုမ္ပဏီမှ မန်နေဂျာ ကိုသက်ဆွေက ပြောသည်။

မန္တလေး-လားရှိုး-မူဆယ် အဝေးပြေးကားလမ်းမကြီးပေါ်၌ ရောက်ရှိနေသည့် ပြင်ဦးလွင်-သီပေါ-လားရှိုး-သိန်းနီ-ကွတ်ခိုင်-မူဆယ်မြို့များတွင် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် မြို့ရှောင်လမ်းများ ဖောက်လုပ်မှုကို လာမည့် ၂၀၂၀ ပြည့်နှစ် အဝေးပြေးလမ်းမကြီး နိုင်လွန်ကတ္တရာလေးလမ်းသွားခင်းခြင်းနှင့်အတူ အဆိုပါ အဝေးပြေး ကားလမ်းမကြီးအား B.O.T စနစ်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။ ယခုအခါ မြို့ရှောင်လမ်း နှစ်လမ်းဖြစ်သည့် လားရှိုးမြို့ရှောင်လမ်းများမှာ ပြီးစီးနေပြီး ပြင်ဦးလွင်မြို့ရှောင်ကားလမ်းမှာ ယခုနှစ်မတ်လအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

# ဂုတ်တွင်းလမ်း၌ ယာဉ်ထိန်းရဲများ စောင့်ကြပ်မှုကြောင့် လမ်းပိတ်ဆို့မှုလျော့နည်းလာ

**နောင်ချို ဖေဖော်ဝါရီ ၁၃**

မန္တလေး-လားရှိုး မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည့် ဂုတ်တွင်းလမ်းပိုင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ် နယ်စပ်အပိုင်းအခြား တစ်နေရာဖြစ်သလို အဆင်းအတက် မတ်စောက်ပြီး အကွေ့အကောက် အလွန်များသည့်လမ်းအဖြစ် တည်ရှိနေသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်းအဖြစ်လည်း မရှိမဖြစ်လမ်းမကြီးအဖြစ် တည်ရှိနေကြောင်း သိရသည်။

ဒေသခံပြည်သူတို့ မောင်းနှင်စီးနင်းလျက်ရှိသည့် မော်တော်ဆိုင်ကယ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်နှင့် ကုန်တင်ယာဉ်များ၊ ၂၂ ဘီးတွဲကားကြီးများ စသည်ဖြင့် များပြားလှသည့် မော်တော်ယာဉ်အမျိုးမျိုးတို့သည် အဆိုပါလမ်းမကြီးပေါ်တွင် နေ့စဉ်အသုံးပြု သွားလာလျက်ရှိကြရာ ဂုတ်တွင်းလမ်းပိုင်းရောက်လျှင် မကြာခဏဆိုသလို ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိနေကြောင်းကို ကြားသိမြင်တွေ့နေရသည်။

ထိုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသည်များ အချိန်ကြန့်ကြာ၍ ဒုက္ခရောက်ရခြင်း၊ ကုန်ပစ္စည်းတချို့တို့ ပျက်စီးဆုံးရှုံးရခြင်း၊ စီးပွားရေးအရ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ရခြင်း စသည့် မလိုလားအပ်သည်တို့ ဖြစ်ပေါ်လျက်ရှိရာ ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် ဂုတ်တွင်းလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စောင့်ကြပ်၍ အဆင်းယာဉ်၊ အတက်ယာဉ်များကို စနစ်တကျ ထိန်းသိမ်းပေးမှုကြောင့် ယခုအခါ ဂုတ်တွင်းလမ်းပိုင်းတွင် ယာဉ်ပိတ်ဆို့မှု အလွန်နည်းပါးသွားခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# နတ်မောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

ဗိုလ်ချုပ်အောင်ဆန်း (၁၀၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်ကွင်း၌ ယနေ့ နံနက် ၈ နာရီကကျင်းပရာ ကလေးများနှင့်ပတ်သက်သောအားကစား ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ ဗိုလ်ချုပ်မိန့်ခွန်းပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဆုများကို ဗိုလ်ချုပ် (၁၀၁) နှစ်ပြည့်ကျင်းပရေး ဆပ်ကော်မတီက ဂုဏ်ပြုဆုလက်မှတ်များ ချီးမြှင့်ပေးသည်။

ကျင်းပရေးကော်မတီမှ ဦးဌေးဝင်း ပညာရေး(ငြိမ်း)က ဗိုလ်ချုပ် (၁၀၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကျင်းပရခြင်းမှာ အနာဂတ်လူငယ် မျိုးဆက်သစ်များ၏ ရင်ထဲနှလုံးသားထဲ အောင်ဆန်းစိတ်ဓာတ်ပျံ့နှံ့စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နောင်နှစ်များတွင် ယခုထက်စည်ကားအောင် အစဉ်အလာမပျက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်ဆန်းစိတ်ဓာတ် အောင်ဆန်းဂုဏ်ပုဒ်များကို ပြည်သူတို့ရဲ့ရင်ထဲတွင် အစဉ်ကိန်းအောင်းနေသကဲ့သို့ မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲအသည်းထဲ ကိန်းအောင်းစေချင်ကြောင်း ပြောပြသည်။

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့မှ ဒေါ်တင်မမိုးက "မြန်မာ့လွတ်လပ်ရေးရဖို့အတွက် နတ်မောက်မြို့က ဗိုလ်ချုပ်ဖြစ်လာတာပါပဲ။ ဗိုလ်ချုပ်ကို ချစ်မြတ်နိုးလို့ (၁၀၁) နှစ်မြောက် ဗိုလ်ချုပ်မွေးနေ့ကျင်းပရာ နတ်မောက်ကို တကူးတက လာရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။ ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် မြန်မာပြည်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူ ၂၀၀၀ ကျော်ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဇင်ဝေယံလင်း(နတ်မောက်)**

# ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့်အထိမ်းအမှတ် ကြေးသွန်းရုပ်တုဖွင့်လှစ်ပွဲ ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၃**

အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံး ၁၅ ပေရှိ ဗိုလ်ချုပ်ကြေးသွန်းရုပ်တု ဖွင့်လှစ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက တောင်ငူမြို့ရှိ ဗိုလ်ချုပ်ရင်ပြင်၌ကျင်းပရာ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဘဆွေနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဆီလီကွန်ပန်းပုပညာရှင် ဦးအောင်ကျော်ထွန်းတို့က ဗိုလ်ချုပ်ရုပ်တုအား မင်္ဂလာကြိုးဆွဲ ဖွင့်လှစ်ပေးသည်။



အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများက ဗိုလ်ချုပ်ရုပ်တုအား အလေးပြုကြပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။ **ကျော်လှ(တောင်ငူ)**

**ဓာတ်ပုံ-သူရ**



**ဗိုလ်ချုပ်အောင်ဆန်း(၁၀၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကြေးရုပ် စိုက်ထူခြင်း အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်ရင်ပြင်၌ ကျင်းပရာ ပြည်သူများ တက်ရောက်ဂုဏ်ပြုအလေးပြုစဉ်။**

ထွန်းကျော်(ညောင်တုန်း)

# မြန်မာအမျိုးသမီးအသင်းနည်းပြသစ် ရော်ဂျာကို စာချုပ်ချုပ်ဆိုမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ခန့်အပ်ထားသည့် နယ်သာလန် နိုင်ငံသား ရော်ဂျာနှင့်စာချုပ်ချုပ်ဆိုပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ရော်ဂျာသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာမည်ဖြစ်ပြီး ရက်ပိုင်းအတွင်းမှာပင် မြန်မာအမျိုးသမီးအသင်းကို ကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ယင်းအသင်းကို တစ်နှစ်ကျော်ကိုင်တွယ်ခဲ့သည့် ယခင်နည်းပြ ဒေါ်သက်သက်ဝင်းနှင့်ပူးပေါင်းကာ ကိုင်တွယ်သွားမည်ဖြစ်သည်။ နည်းပြရော်ဂျာသည် နည်းပြဘဝ၌ မှတ်တမ်းကောင်းများရရှိထားသူဖြစ်ပြီး နယ်သာလန်အသင်းကို ကာလရှည်ကိုင်တွယ်ကာ ဥရောပဖလားပြိုင်ပွဲနှင့် ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ရော်ဂျာသည် မြန်မာအမျိုးသမီးအသင်းကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲပြီးသည်အထိ တာဝန်ယူမည်ဖြစ်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် ရက် ၇၀ ကျော်နေပြီဖြစ်ပြီး ခြေစမ်းပွဲ သုံးပွဲကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းမှာ နည်းပြ ရော်ဂျာရောက်ရှိလာပြီးမှသာ ပြည်ပခြေစမ်းခရီးစဉ်များ စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ညီမြတ်သော်တာ**

# ပင်လုံတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ပင်လုံ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံတက္ကသိုလ်၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ဈေးရောင်းပွဲနှင့် ဘာသာရပ်ပြပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပင်လုံတက္ကသိုလ် (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဦးသန်းဌေး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဌေးအောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။


ထို့နောက် တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပင်လုံတက္ကသိုလ် စာကြည့်တိုက်အတွက် ဆရာတော် ဒေါက်တာ မေ့သာမိက ပေးပို့လှူဒါန်းသော စာအုပ်တစ်အုပ်လျှင် ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ စာအုပ် ၃၂ အုပ်ကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားလှူဒါန်းပေးသည်။

ယင်းနောက် တာဝန်ခံပါမောက္ခချုပ်နှင့် ဧည့်သည်တော်များက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီးနောက် တက္ကသိုလ်ဘာသာရပ်အလိုက် ဈေးရောင်းပွဲများ၊ ဘာသာရပ်ပြပွဲများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ပင်လုံတက္ကသိုလ် ပထမနှစ်သင်တန်းများကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဘာသာရပ် ၁၄ မျိုးကို စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တက္ကသိုလ်ပင်မ အဆောက်အအုံအား ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ခဲ့ရာ ယခု ၂၀၁၆ ခုနှစ်တွင် (၁၃) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ယင်း(၁၃) နှစ်တာ ကာလအတွင်း ဝိဇ္ဇာဘွဲ့ ၂၉၅ ဦး၊ သိပ္ပံဘွဲ့ ၈၇၅ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ကိုးဦး၊ သိပ္ပံဂုဏ်ထူးဘွဲ့ ၈၄ ဦး၊ ဥပဒေဘွဲ့ ၁၁၁ ဦး၊ မဟာဥပဒေဘွဲ့ ခုနစ်ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၀ ဦး၊ မဟာသိပ္ပံဘွဲ့ ၄၃ ဦးနှင့် မဟာသုတေသနဘွဲ့ ကိုးဦးဖြစ်ပြီး ဘွဲ့ရဦးရေ စုစုပေါင်း ၁၄၄၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း တာဝန်ခံဆရာတစ်ဦးထံမှ သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**



**ပင်လုံတက္ကသိုလ်စာကြည့်တိုက်ကို တွေ့ရစဉ်။**

# ဇော်ဂျီချောင်းကူး(ပျှေား)တံတားသစ်ဖွင့်

**ရပ်စောက် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၈ သန်းဖြင့်ဆောင်ရွက်သည့် ဇော်ဂျီချောင်းကူး(ပျှေား)တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါတံတားသစ်ထိပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ယင်းတံတားမှာ အလျား ၉၃ ပေ၊ အကျယ် ၁၄ ပေ သံပေါင်သစ်သားတံတား အမျိုးအစားဖြစ်ပြီး ရွာချင်းဆက်လမ်းရှိ ဇော်ဂျီချောင်းကို ဖြတ်ကူးတည်ဆောက်ထားသောကြောင့် ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ယူပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

(မိုး/ဇလ)



# နမ့်စန်မြို့၌ ရှင်အပါး ၃၀၀ ပြုခြင်း စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နမ့်စန် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဒေါက်တာ အရှင်တေဇောသာရာဘိဝံသ၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့နေ အလှူရှင် ဦးမြတ်ကျော်သူနှင့် ဒေါ်သူဇာမျိုးမျိုးဝင်း မိသားတစ်စုက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နမ့်စန်၊ လွိုင်လင်၊ မိုင်းပန်၊ မိုးနဲ၊ ဟိုပုံးနှင့် ကျိုင်းတောင်းမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ၂၀၀၀ ကျော်တို့အား သာသနာနုဂ္ဂဟကတ်များ ပေးအပ်ပွဲ၊ ရဟန်း ၃၅ ပါးပြုခြင်း၊ ဥပသမ္ပဒမင်္ဂလာနှင့် ရှင်အပါး ၃၀၀ ပြုခြင်း ပဗ္ဗဇမင်္ဂလာပွဲကြီးကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် သုခိတာရုံကျောင်းတိုက်ရှေ့မှ နမ့်စန်မြို့တွင်းသို့ ရှင်လောင်းအပါး ၃၀၀ တို့အား တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအက အလှများဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ရန်ကုန်မြို့၌ လေးစင်းမြောက် စက်လှေကားပါ လူကူးခုံးကျော်တံတား မတ်လတွင် ဖွင့်မည်

**သတင်း – မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ – မင်းထက်**

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သုံးလမ်းမှတ်တိုင်အနီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသော လေးစင်းမြောက် စက်လှေကားပါ လူကူးခုံးကျော်တံတားကို ယခုနှစ် သင်္ကြန်မတိုင်မီ လာမည့် မတ်လအတွင်းတွင် ပြည်သူများ စတင်ဖြတ်သန်း အသုံးပြုခွင့်ရတော့မည်ဖြစ်ကြောင်း အဆိုပါ တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ လမ်းတံတားဌာန အနေနဲ့ ရန်ကုန်မြို့တွင်း လူစည်ကား များပြားရာနေရာတွေဖြစ်တဲ့ အခုလိုနေရာမျိုးတွေမှာ တတ်နိုင်သလောက် လူကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးနေပါတယ်။ အဓိကကတော့ ဒီနေရာမှာ တစ်ဖက်က ရွှေတိဂုံစေတီ၊ တစ်ဖက်က ကန်တော်ကြီးဆိုတော့ ရုံးပိတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆို ကားအသွားအလာကလည်းများသလို၊ လမ်းဖြတ်ကူးအသုံးပြုတဲ့သူတွေလည်း များတယ်။ ဒါကြောင့် အများပြည်သူတွေ လမ်းဖြတ်ကူးတဲ့အခါမှာ အန္တရာယ်ကင်းကင်းနဲ့ ဖြတ်သန်းကူးလူးနိုင်ဖို့ ဒီစက်လှေကားပါ လူကူးခုံးကျော်တံတားကို တည်ဆောက်ပေးခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်နေသော ဗဟန်းသုံးလမ်း လူကူးခုံးကျော်တံတားသည် ရန်ကုန်မြို့၌ လေးစင်းမြောက် စက်လှေကားပါ လူကူးခုံးကျော်တံတားဖြစ်ပြီး အဆိုပါတံတားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားဌာန အနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်သည်။ တံတားအရှည်မှာ ၉၉ပေ၊ ယာဉ်ကင်းလွတ်ခွင့်အမြင့်မှာ ပေ ၂၀ နှင့် လူသွားလမ်းအကျယ်မှာ ၁၀ ပေ ×၆ လက်မရှိကာ ပြည်သူများ လွယ်ကူစွာကူးလူးနိုင်ရန် တစ်ဖက်စီတွင် အတက်စက်လှေကား တစ်စင်းစီနှင့် ရိုးရိုးလှေကားတစ်စင်းစီ စုစုပေါင်း တံတားအတက်၊ အဆင်းလေးခုကို တပ်ဆင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်ရာကတော့ တတ်နိုင်သလောက် လူကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးနေတာ တွေ့ရတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့လည်း စည်းကမ်းရှိရှိ အသုံးပြုဖို့လိုမယ်။ ပြီးတော့ စည်းကမ်းလိုက်နာဘေးကင်းကွာဆိုသလို အသိစိတ်ဓာတ်၊ နိုင်ငံကြီးသားပီသစွာနဲ့လည်း တံတားပေါ်က ဖြတ်သန်းသွားလာဖို့လိုမယ်။ မြို့တွင်း ဆူးလေမီးပွိုင့်တံတားတို့၊ ကမ္ဘာအေး ဂမုန်းပွင့်တံတားတို့ဆို စည်းကမ်းလိုက်နာမှုမရှိဘဲ ပြည်သူအချို့ တံတားအောက်က ဖြတ်သန်းသွားလာနေတာ တွေ့ရတယ်။ ဒါတွေက စည်းကမ်းမသိ၊ မလိုက်နာတဲ့ လူတွေပဲ။ ဒါတွေကို သက်ဆိုင်ရာက ကောင်းကောင်းကြပ်ကြပ်မတ်မတ် ထိန်းသိမ်းပေးဖို့လိုမယ်လို့ ထင်တယ်" ဟု ဗဟန်းမြို့နယ်တွင်နေထိုင်သည့် ပြည်သူတစ်ဦးက ဆိုသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ဗဟန်းသုံးလမ်း လူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုမှာ လတ်တလော ရာခိုင်နှုန်း ၇၀ ကျော်နေပြီ ဖြစ်ပြီး မျှားမကြာမီ မတ်လအတွင်းတွင် ပြည်သူများ စတင်ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တွင်း စက်လှေကားပါ လူကူးခုံးကျော်တံတားတည်ဆောက်ပေးမှုမှာ ယခုဗဟန်း လူကူးခုံးကျော်တံတားသည် လေးစင်းမြောက်ဖြစ်ပြီး ကမ္ဘာအေးဂမုန်းပွင့်တံတား၊ ပန်းဆိုးတန်းတံတားနှင့် ကမ်းနားလမ်းသစ် တံတားတို့ကို အကောင်အထည်ဖော် တည်ဆောက်ပေးပြီးဖြစ်သည်။ ထို့အပြင် ရိုးရိုးလူကူးခုံးကျော်တံတားများဖြစ်သည့် ရန်ကုန်မြို့လယ်ကောင် ဆူးလေလူကူးခုံးကျော်တံတား၊ သံဈေးအနီးတံတားနှင့် ပြည်လမ်းပေါ်ရှိ အင်းလျားတံတားနှင့် မာလာဆောင်တံတားတို့ကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။



မကြာမီ ပြည်သူများဖြတ်သန်းသွားလာခွင့်ရတော့မည့် လေးစင်းမြောက်စက်လှေကားပါ ဗဟန်းသုံးလမ်း လူကူးခုံးကျော်တံတားကိုတွေ့ရစဉ်။

# တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်

**တာချီလိတ် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နယ်စပ်ဂိတ် ထိုင်း-မြန်မာ ချစ်ကြည်ရေးအမှတ်(၁) တံတားမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၃၆ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီခွဲက ပြည်ပမော်တော်ယာဉ် ၁၈ စီးဖြင့် တာချီလိတ်မြို့မှ မြန်မာနိုင်ငံ၏ အထင်ကရနေရာများသို့ လှည့်လည်ပြီး မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ Bright View Travel & Tour ကုမ္ပဏီ၏အစီအစဉ်ဖြင့် လူဇင်ဘတ်နိုင်ငံသားဧည့်သည် Mr. Jacquen Paul Heri Funck နှင့် အဖွဲ့ဝင်နိုင်ငံခြားသား ၃၅ ဦးတို့သည် ယနေ့နံနက်ပိုင်းက ပြည်ပမော်တော်ယာဉ် ၁၈ စီးတို့ဖြင့် တာချီလိတ်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဆက်သွယ်ဆက်ဆံရေး ဦးစိုင်းလွင်၊ ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးတင်မျိုးတို့လိုက်ပါလျက် တာချီလိတ်-ကျိုင်းတုံ တောင်ကြီး-အင်းလေး-ကလော-မန္တလေး-ပုဂံ-ပြည်-ရန်ကုန်-ကျိုက်ထို- စက်စဲ- ဘားအံ- မြဝတီမြို့များရှိ ထင်ရှားသော ရှေးဟောင်းမြို့နေရာများ၊ သဘာဝတောတောင်အလှအပများ၊ တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုနှင့် အခြားစိတ်ဝင်စားစရာနေရာများသို့ ၁၃ ညအိပ် ၁၄ ရက်ကြာ အပျော်တမ်းမော်တော်ယာဉ် ခရီးစဉ်အဖြစ် လှည့်လည်ပတ်မည်ဖြစ်ပြီး မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ယခုနှစ် ပွင့်လင်းရာသီတွင် တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်မြို့များနှင့် မိုင်းလားမြို့များရှိ အထင်ကရ ခရီးစဉ်နေရာများသို့ ခရီးသွားဧည့်သည်များက ပိုမိုသိရှိအာရုံစိုက်လာပြီး ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအနေဖြင့် တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ယာဉ်တန်းများ၊ ဆိုင်ကယ်များ၊ အပျော်စီးခရီးစဉ်များအဖြစ် ဝင်ရောက်လည်ပတ်မှုများလာကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# နမ့်ဆန်မီးဘေးပြန်လည်ထူထောင်ရေးအတွက် အိမ်မိုးသွပ်ပြားများနှင့် အလှူငွေဆက်လက်လှူဒါန်း



**သီပေါ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာစိတ်ဖြင့် သီပေါမြို့နယ်မှ ပြည်သူများက အဝတ်အထည်၊ ဆန်၊ ဆေး၊ ဆား၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကိုဖေဖော်ဝါရီ ၅ ရက်မှစ၍ အဖွဲ့အလိုက်သော်လည်းကောင်း၊ ဌာနအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်သော် လည်းကောင်း သွားရောက်လှူဒါန်းလျက်ရှိရာ စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ လုံလောက်မှုရှိသော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေသားနှင့် အိမ်ဆောက်အထောက်အကူပြုပစ္စည်းများ အထူးလိုအပ်လျက်ရှိသဖြင့် မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၏ နှိုးဆော်တိုက်တွန်းမှုများကြောင့် အလှူငွေနှင့် ဆောက်လုပ်ရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သွပ်ပြားစက်ရုံ(သန်လျင်)ကလည်း မီးဘေးသင့်ပြည်သူများ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မီးဘေးသင့် အိမ်ထောင်စု ၂၉၆ စုအတွက် အိမ်ထောင်စု တစ်စုလျှင် သွပ်အချပ် ၅၀ နှုန်းဖြင့် စုစုပေါင်းသွပ်ပြား ၁၄၈၀၀ ကို မော်တော်ယာဉ် ၁၀ စီးဖြင့် ယနေ့တွင် နမ့်ဆန်မြို့ မြို့မ ဂိုဏ်းချုပ် ဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ယာပုံ)**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရပ်ဝေးအလှူရှင်များအနေဖြင့် အလှူငွေများ လှူဒါန်းလိုပါက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ နမ့်ဆန်မြို့ ဖုန်း-၀၉-၄၇၃၁၄၃၀၈ နှင့် မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးကော်မတီအတွင်းရေးမှူး ဖုန်း-၀၉-၄၇၃၁၄၂၀၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဆုရရှိငွေအား မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်လှူဒါန်း



**အိမ်မဲ ဖေဖော်ဝါရီ ၁၃**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အိမ်မဲမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အသက်(၁၇) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အိမ်မဲ မြို့မဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက မြို့မလူငယ်ဘောလုံးအသင်းနှင့် အထက်ပိုင်း (က) လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မလူငယ် ဘောလုံးအသင်းက ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-သုံးဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ ဒုတိယဆုရရှိသော အထက်ပိုင်း(က) လူငယ်ဘောလုံးအသင်းကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက လည်းကောင်း၊ ပထမဆုနှင့် တံခွန်စိုက်ဆုဖလားရရှိသော မြို့မလူငယ်ဘောလုံးအသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းကလည်းကောင်း၊ ဆုရရှိသော ဘောလုံးအသင်းနှစ်သင်းအတွက် အားကစားဝတ်စုံများကို ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုးကလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၁၇) နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုငွေကျပ် တစ်သိန်းငါးထောင်၊ ဒုတိယဆုငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဆုရရှိသော အထက်ပိုင်း (က) လူငယ်ဘောလုံးအသင်းက မိမိတို့ရရှိသော ဆုကြေးငွေကျပ်တစ်သိန်းအား လပွတ္တာမြို့ မီးဘေးသင့် ပြည်သူများအတွက် ပြန်လည်ပေးလှူခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မီးဘေးသင့်ပြည်သူများအတွက်လှူဒါန်း

**လပွတ္တာ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများက အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်၊ အသုံးအဆောင်နှင့် အလှူငွေများကို စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်းစီဖြင့် လည်းကောင်း၊ အိမ်ငှားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့်လည်းကောင်း၊ Asia Generan Electric Holding ကုမ္ပဏီလီမိတက်က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ အိမ်ငှားတစ်ဦးလျှင် ငွေကျပ်လေးသောင်းနှုန်းဖြင့်လည်းကောင်း စုစုပေါင်း ၁၃၇၄၀၀၀၀ ကို မီးဘေးသင့်ပြည်သူများသို့ တိုက်ရိုက်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**




# ပန်ဝါမြို့၌ လေပြင်းတိုက်

**ပန်ဝါ ဖေဖော်ဝါရီ ၁၃**

ပန်ဝါမြို့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပင်မဆောင်နှင့်ကပ်လျက် အရန်ဆောင်အဆောက်အအုံ အကျယ်အဝန်း(၁၀၀×၂၀×၁၄) ပေရှိ လေးခန်းတွဲ အာစီသွပ်မိုး အုတ်ကာတစ်ထပ်ဆောင်၏ အမိုးနှင့် မျက်နှာကြက်များ လန်ထွက်ကာ လျှပ်စစ်မီးကြိုးသွယ်တန်းမှုများလည်း ပျက်စီးသွားခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

ယင်းဖြစ်စဉ်ကြောင့် မြို့တွင်းလူနေအိမ်နှင့် အခြားဌာနဆိုင်ရာရုံးများ ပျက်စီးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၁၃**

အားကစားထူးချွန်ထက်မြက်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ အားကစားကဏ္ဍမြင့်မားတိုးတက်စေရန်ရည်ရွယ်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့ မြို့မအားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီကကျင်းပသည်။

အဆိုပါဖွင့်လှစ်သည့် အားကစားရုံမှာ အလျားပေ ၁၂၀၊ အနံပေ ၆၀ရှိ Steel Structure တစ်ထပ်အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း ၁၈၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စစ်ကိုင်းမြို့ပေါ်တွင် ညအချိန် လုယက်မှုဖြစ်ပွား

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းမြို့ ဧမြဝတီရပ်နေ ကိုခိုင်ထွန်းဝင်း (အရောင်းအဝယ်လုပ်ကိုင်) သည် ဖေဖော်ဝါရီ ၈ ရက် ည ၁၂ နာရီက နေအိမ်အောက်ထပ်၌ ဇနီး မနီနီဦး၊ သမီးမချယ်ရီသန်း၊ သမီးငယ် မစန္ဒီရွှန်းလက်တို့နှင့် အတူရှိနေစဉ် နေအိမ်သို့ ပုဆိုးခြုံထားပြီး မျက်လုံးကိုသာ ဖော်ထားသော လူလေးဦးဝင်ရောက်လာပြီး ၎င်းတို့လက်တွင် လက်နက်များ ကိုင်ဆောင်ကာ အိမ်ရှင် ကိုခိုင်ထွန်းဝင်းအား လူတစ်ဦးက အရှိုးအသွား ၁၀ လက်မခန့်ရှိသော ဓားရှည်ဖြင့် လည်ပင်းကို ထောက်ထားပြီး မနီနီဦးကိုလည်း နောက်တစ်ဦးက နှစ်ပေခန့်ရှိ ဓားရှည်ဖြင့် ခုတ်ဟန်ပြုလုပ်ကာ မနီနီဦး ဝတ် ဆင်ထားသော ၁၅ ပဲရည်ရှိ ရွှေလက်ကောက် ၁၅ ကွင်း စုစုပေါင်း ရွှေချိန် ၅ ကျပ်သား တန်ဖိုးငွေကျပ် ၃၇ သိန်းကျော်၊ ၁၅ ပဲရည်ရှိ မိုးစက် ပုံဆွဲသီး၊ ရွှေသံကြိုးတစ်ကုံး၊ ရွှေချိန် ၅ ကျပ်သား တန်ဖိုးငွေကျပ် ၃၅ သိန်းနှင့် ငွေကျပ် ၁၉၈၅၀၀၀ တို့ လုယက်သွားကြောင်း သိရသည်။

သို့ဖြစ်၍ လုယက်ယူဆောင်သွားသူများအား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်



**ရေး ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ချောင်းတောင်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ကိုကျော်စိုးနိုင် (၄၀ နှစ်) ဓနိမိုး ဖက်ကာဝါးခင်းနေအိမ်တွင် မီးဖိုချောင်မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ သန္တေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံကျေးရွာနေပြည်သူတို့က မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နေအိမ်တစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့ပြီး မိနစ် ၂၀ ခန့်အကြာတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု လေယာဉ်ကွင်းဟောင်းနေရာ၌ စွန့်ပစ်အမှိုက်ပုံများမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးအနားရှိ ရော်ဘာပင်အနည်းငယ်သာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မီးသတ်တပ် ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သည်။

အလားတူ လမိုင်းမြို့မ ၃ ရပ်ကွက် ရွှေချောင်းလမ်း ဒေါ်စန်းရီ(၄၂ နှစ်) ဖက်မိုး ထရံကာ ပျဉ်ခင်းနေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လမိုင်းနယ်မြေ မီးသတ်ယာဉ်နှစ်စီးနှင့်အတူ သန္တေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်အကြာခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ပြီး နေအိမ်တစ်လုံးသာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**နေမျိုးထွန်း(ရေး)**

# ယာဉ်ကြောပြောင်းပြန်မောင်း လိုင်းကားယာဉ်ကြောင့် ယာဉ်တိုက်မှုဖြစ်၊ လေးဦးဒဏ်ရာရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခန့်က ကမ်းနားလမ်းဟောင်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော ဗိုလ်တထောင်-လှိုင်သာယာခရီးစဉ်ပြေးဆွဲနေသည့် စံဝေလလိုင်းကားယာဉ်အမှတ် ၄ခ/---- သည် လသာမြို့နယ်အတွင်း ယင်းလမ်းမပေါ်၌ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခဲ့သဖြင့် လသာလမ်းနှင့် ကမ်းနားလမ်းဟောင်း မီးပွိုင့်လမ်းဆုံတွင် မီးနီအချက်ပြထားသော်လည်း အရှိန်ဖြင့် ဖြတ်ကျော်မောင်းနှင်လာမှုကြောင့် အယ်လ်ဖာ့ ကိုယ်ပိုင်ယာဉ် 4I/----၏ ဝဲဘက်ခြမ်းကို တိုက်မိခဲ့သည်။

ယင်းနောက် လိုက်အော့စ် ယာဉ်ငယ် 7A/---- ၏ ဝဲဘက်ခြမ်းကို ထပ်မံတိုက်မိခဲ့ပြီး ၁၉ လမ်းထိပ် အနောက်မှ အရှေ့သွားယာဉ်ကြောပေါ်ရှိ လိုင်းကားမှတ်တိုင်အနီး လမ်းဘေးယာဉ်ရပ်နားရာနေရာရှိ ယာဉ်ငယ်များရှေ့၌ ရပ်သွားသည်။

လိုင်းကားပေါ်၌ ခရီးသည်အနည်းငယ်သာ လိုက်ပါစီးနင်းလာပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားသည်ဟု ယင်းနေရာအနီးရှိ မြင်တွေ့သူများက ဆိုသည်။

ထို့နောက် အယ်လ်ဖာ့ယာဉ်ပေါ်မှ သုံးဦး၊ လိုက်အော့စ် ယာဉ်ငယ်ပေါ်မှ တစ်ဦး စုစုပေါင်းလေးဦးကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်သုံးစီးစလုံး၏ ခေါင်းပိုင်းဝဲဘက်ခြမ်းတို့ ပျက်စီးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ခင်ဆိုင်**



# မင်းတပ်မြို့၌မီးလောင်၊ နေအိမ်နှစ်လုံးဆုံးရှုံး

**မင်းတပ် ဖေဖော်ဝါရီ ၁၃**

မင်းတပ်မြို့ အနောက်ရပ်ကွက် ကွက်စိပ် (၅) ဘုရင့်နောင်လမ်း အမှတ် (၁)လူငယ်သင်တန်းကျောင်းရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးမနားလိန်း၏ နေအိမ်၌ ထမင်းချက်စဉ် မီးဖိုမီးမှ နေအိမ်အား စတင်လောင်ကျွမ်းရာ ဘေးနေအိမ်သို့ ကူးစက်သွားခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အိမ်နှစ်လုံး ဆုံးရှုံးခဲ့ပြီး မိသားစုနှစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ၎င်းတို့၏ ဆွေမျိုးသားချင်းနေအိမ်များ၌ ယာယီနေနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် မီးစတင်လောင်ကျွမ်းသည့် နေအိမ်ပိုင်ရှင် ဦးမနားလိန်းအား မင်းတပ်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လင်မယားချင်းရန်ဖြစ်ရာက နှစ်ဦးလုံးရေတွင်းထဲပြုတ်ကျသေဆုံး

**မော်လမြိုင် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ခြံကြီးစုရပ်လမ်းရှိ King Myanmar သောက်ရေသန့်စက်ရုံနှင့် မျက်နှာချင်းဆိုင်ရှိ ဒေါ်သင်းသင်းအေး၏ ခြံဝင်းအတွင်း အကာအရံမရှိသောရေတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက လူနှစ်ဦး ရေနစ်သေဆုံးနေကြောင်းသတင်းအရ မော်လမြိုင်မြို့ မုပွန်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဈေးကြိုရပ်ကွက် ခြံကြီးစုရပ်လမ်းနေ King Myanmar သောက်ရေသန့်စက်ရုံတွင် လုပ်ကိုင်သူ ရန်မျိုးအောင် (၃၅ နှစ်) နှင့် ဇနီးဒေါ်ရင်ရင်ခိုင်(၄၈ နှစ်)တို့သည် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီက စကားများရန်ဖြစ်ကြပြီး ဒေါ်ရင်ရင်ခိုင်က ရန်မျိုးအောင်ကို ပါးရိုက်လိုက်သဖြင့် ဇနီးဖြစ်သူကို လိုက်လံထိုးကြိတ်ရာ ဒေါ်သင်းသင်းအေး ခြံဝင်းအတွင်းသို့ ထွက်ပြေးစဉ် နှစ်ဦးလုံး ရေတွင်းထဲပြုတ်ကျ၍ သေဆုံးကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# မူးယစ်သောင်းကျန်းနေသူကို ဖျောင်းဖျသည့် ကျေးရွာအုပ်ချုပ်ရေးမှူး ဓားထိုးခံရ၍သေဆုံး

**တောင်ငူ ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီ ၁၃ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဓားနှင့်အထိုးခံရ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့အနောက်တောင်ဘက် ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာနေ အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းသည် ရာအိမ်စုမှူး၊ အရန်မီးသတ်အဖွဲ့ဝင်တို့နှင့်အတူ ကျေးရွာအတွင်း မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ခဲ့ပြီး ကျေးရွာ စာကြည့်တိုက်အရှေ့ဘက် လမ်းခွအရောက် တစ်ရွာတည်းနေ ညီလင်းထွေး(၂၄ နှစ်) မှာ အရက်မူးပြီး ဓားကိုင်သောင်းကျန်းနေသည့်အတွက် အုပ်ချုပ်ရေးမှူးက အိမ်ပြန်အိပ်ရန် ဖျောင်းဖျပြောဆိုခဲ့ရာ ညီလင်းထွေးက မချေမငံပြောဆိုကာ အသင့်ပါလာသည့် အရိုးအသွားနှစ်ပေတစ်လက်မခန့်ရှိ ငှက်ကြီးတောင်ဓားဖြင့် ထိုးခဲ့ရာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သဖြင့် တောင်ငူမြို့ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ


### အမြန်ရောင်းမည်

ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း တိုက်ခန်းအား သင့်လျော်သော ဈေးနှုန်းဖြင့် ရောင်းမည်။

**စုံစမ်းရန် ဖုန်း - ၀၉-၂၅၀၃၅၄၄၂**
**၀၉-၇၉၉၈၈၄၁၆၁**

### မွေးသက္ကရာဇ်အမှန်

ဗန်းမော်မြို့နယ်၊ စာဝတီးကျေးရွာနေ ဦးအောင်ဆန်းဦး-ဒေါ်ရင်ပွဲတို့၏ သမီး အထက(၂)၊ အဌမတန်း(B)မှ မစန်းယဉ်မြင့်(ခ)မကြည်စန္ဒာခင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၂၀၀၁ ဖြစ်ပါကြောင်း။

**မကြည်စန္ဒာခင်**

### ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ (၅)ရပ်ကွက်၊ မြေတိုင်း (၁၅/၁)လမ်း၊ အမှတ် (၈၃/၈၅) ဦးအောင်မြင့်(ပီဂျီယူ-၀၆၈၇၃၆)နှင့် ဦးမြင့်ရွှေ ၇/ပခန(နိုင်)၁၂၂၄၄၆ အမည်ပေါက် မူရင်းပါမစ်များ ပျောက်ဆုံးသွားပါသဖြင့် ဝယ်ယူသူသီဟထွန်း ၇/ပခန(နိုင်)၂၆၃၅၇၅က ဝယ်ပြီး ဝယ်ယူသူသီဟထွန်းမှ ဒေါ်နန်းရွှေလင်းကို အပြီးပိုင် ရောင်းချလိုက်သည်ဖြစ်၍ ပါမစ်ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းရွှေလင်း**
**၁၃/လရန(နိုင်)၀၃၆၀၈၁**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၉)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၆၄၃)၊ မြေချိန်ဧရိယာ(၀ဒသမ၀၉၆)ရှိ ဦးကြည်စိုး၉/ကစန(နိုင်)၁၁၁၁၅၄ အမည်ပေါက် မြေဂရန်အမှုတွဲ အမှတ်-၁၄၁၁-၅/၂၀၀၈/၀၉(စီ)သည် ပျောက်ဆုံးသွားပါသဖြင့် မြေဂရန်မိတ္တူမှန်အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကြည်စိုး ၉/ကစန(နိုင်)၁၁၁၁၅၄**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္ဒိကျေးရွာအုပ်စု(ကွင်းအမည်)ဖြဲဆွဲကွင်း၊ ကွင်းအမှတ် (၉၅၀)၊ ဦးပိုင်အမှတ် N/83၊ မြေကွက်အကျယ်(၇ ဒသမ ၈၈) မြေကွက်အမည်ပေါက် ဦးမြင့်ဆွေထံမှ တစ်ဆင့်ဝယ်ယူခဲ့သူ ဦးတင်ဝင်း ၉/ကပတ(နိုင်)၀၂၉၇၃၅ထံမှ ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ၊ ပိုင်ဆိုင်သူ အသီးသီးတို့သည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးလွင်**
**၁၂/အစန(နိုင်)၀၇၅၀၈၄**
**အမှတ် ၈၂၉၊ ပိန္နဲကုန်းရွာသစ် ၄လမ်း၊**
**ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၉၈၀၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/8786 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ်တိုက်နယ်၊ ဈေးပိုင်ရပ်နေ ဦးအောင်မော်ဦး ၁၄/ပသရ(နိုင်)၀၀၁၂၂၇-ဒေါ်စန်းစန်းလွင် ၁၄/ပသရ(နိုင်)၀၀၁၂၂၉တို့၏ တစ်ဦးတည်းသော သမီး မကေဇင်မော် ၁၄/ကကထ(နိုင်)၁၄၁၈၀၈သည် မိဘများအား စိတ်ဆင်းရဲမှု အမျိုးမျိုးပြုလုပ်ပြီး ၎င်းဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ (၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။)

**ဖခင် - ဦးအောင်မော်ဦး**
**မိခင် - ဒေါ်စန်းစန်းလွင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်နေမျိုးအောင် ၁၂/ပဘတ(နိုင်)၀၃၁၂၄၈ ၏ ပတ်စပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၁၇၉၆၇၁**

## ❂ ကျောဖုံးမှ

ဒုတိယပိုင်းအစတွင် ရခိုင်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို ဘရာဇီးတိုက်စစ်မှူး အန်ဒရေက ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဟံသာဝတီအသင်း လူအပြောင်းအလဲလုပ်ကာ တိုက်စစ်အား မြှင့်လာခဲ့ပြီး ၈၄ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ဟံသာဝတီအတွက် ချေပဂိုးကို အသင်းခေါင်းဆောင် အောင်ဇော်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**

| | |
|---|---|
| (ဗထူးကွင်း) | **ရတနာပုံ-ဧယျာရွှေမြေ** |
| (အောင်ဆန်းကွင်း) | **ဇွဲကပင်-ရှမ်းယူနိုက်တက်** |
| (သုဝဏ္ဏကွင်း) | **မကွေး-Southern** |

# ဥက္ကလာဂေါက်ကွင်း Green Fees အထူးဝန်ဆောင်မှုပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းနှင့်ဂန္ဓမာလမ်းထောင့်ရှိ ခေတ်မီ အဆင့်မြှင့်ပြုပြင်ပြီးဖြစ်သည့် ဥက္ကလာဂေါက်ကွင်းသည် သွားရေးလာရေးအတွက် အထူးကောင်းမွန်ပြီး ကွင်းစည်းကမ်းနှင့် ဝန်ဆောင်မှုများကြောင့် ရုံးဖွင့်ရက်နှင့် ရုံးပိတ်ရက်များတွင် ဂေါက်ရိုက်ကစားသူများ အထူးများပြားလျက်ရှိသည်။

ဥက္ကလာဂေါက်ကွင်းက လာရောက်ကစားသူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဖေဖော်ဝါရီလမှစ၍ လစဉ်တစ်လအတွင်း ၁၀ ကြိမ်နှင့်အထက် လာရောက်ကစားသူများအား သတ်မှတ်ရက်အလိုက် Green Fees အခမဲ့ တစ်ကြိမ်ကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ထွန်း**

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ရီ ၁၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးကြပ် ကာ Utopain Union Cap Company Ltd. ၏ အဓိက ကူညီထောက်ပံ့မှုဖြင့် Junior Golf Myanmar မှ ကြီးမှူးကျင်းပသော (၈)ကြိမ်မြောက် Junior Golf Myanmar ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက Royal Mingalardon Golf & Country Club ၌ ကျင်းပခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို သက်တမ်းအားဖြင့် (၂၄ နှစ်)အောက်၊ (၁၅ နှစ်)အောက်၊ (၁၂ နှစ်)အောက်၊ (၁၀ နှစ်)အောက် သက်တမ်းများပါဝင်ပြီး ပြိုင်ပွဲဝင် လူငယ်ဂေါက်သီးအားကစားသမား စုစုပေါင်း ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပရာ (၁၀ နှစ်)အောက် သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက် ၁၉၄ ချက်ဖြင့် လင်းသန့်အောင်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်း ရိုက်ချက် ၂၀၂ ချက်ဖြင့် လင်းဖြိုးသူကလည်းကောင်း၊ တတိယဆုကို စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့် ထွန်းမြတ်သူတို့ ရရှိခဲ့သည်။ (၁၂ နှစ်)အောက် သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် ကောင်းမြတ်ကျော်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် မင်းသံလွင်အောင်ကလည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက် ၁၈၆ ချက်ဖြင့် ဝင်းထွန်းဘိုတို့က ရရှိခဲ့ကြသည်။ (၁၅ နှစ်)အောက်သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ရဲထက်လှိုင်ကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက် ၁၇၄ ချက်ဖြင့် Vito Manalili က လည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် ဖြိုးဇံတို့ ဆွတ်ခူးရရှိသွားကြသည်။ အသက် (၂၄ နှစ်)အောက်သက်တမ်းတွင် ပထမဆုကို စုစုပေါင်းရိုက်ချက် ၁၄၂ ချက်ဖြင့် သီဟဌေးကလည်းကောင်း၊ ဒုတိယဆုကို စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ကျော်ဇင်ထွန်းကလည်းကောင်း၊ တတိယဆုကို စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် သော်ထက်အောင်တို့ အသီးသီးဆွတ်ခူးရရှိသွားကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၁၄-၂-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း ၃၅ - Business News
၈ း ၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉ း ၃၅ - အနုပညာသတင်းအစီအစဉ်
၁၀ း ၃၅ - ကဗျာရိပ်မြုံ **အရုပ်ဈေး**
၁၁ း ၁၅ - ဇီကာဗိုင်းရပ်စ်အကြောင်းသိကောင်းစရာ
၁၁ း ၃၅ - ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၁၂ း ၅၀ - ဆေးရောင်စုံရုပ်ရှင် **ရတနာ**
ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ပုလဲဝင်း
**ဒါရိုက်တာ-အိအိခိုင်**

**ညပိုင်း**

၁၅ း ၃၅ - Business News
၁၅ း ၄၅ - Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **ရတနာပုံအသင်းနှင့် ဧယျာရွှေမြေအသင်း**
၁၈ း ၁၀ - ကြိုတင်ပြင်ဆင်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အစီအစဉ်
၁၈ း ၂၀ - ဖျော်ဖြေမှုကဏ္ဍများတင်ဆက် ရုပ်ရှင်ဌာနစိတ်၏ဆောင်ရွက်ချက်
၁၈ း ၃၀ - ချစ်သောပရိဂျူဆာ
၁၉ း ၁၅ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင် ဇော်ပိုင်၏ဖျော်ဖြေမှုအစီအစဉ်
၁၉ း ၃၀ - မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်(၇၀)ပြည့် အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်
၂၀ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀ း ၃၀ - ဆုတောင်းစကား+ MRTV Documentary(5+6)
- နှစ်ပေါင်း ၇၀ ကြာရှိန်ဟုန်ပြင်းပြင်းလေဟုန်စီးတဲ့ ပြည်သူ့စေတမန်ရေဒီယိုမြန်မာ့အသံ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် ဂုဏ်ပြုဇာတ်လမ်း
**ရှင်သန်နေမည့် MRTV**
နေဆန်း၊ မြို့တော်ချစ်ဖွယ်၊ တိမ်ညွန့်၊ ထက်နိုင်၊ သူရဇ္ဇ၊ ဇေကရီစုစံ၊ ဝင်းသပြေထွန်း
**ဒါရိုက်တာ-မိုးဇော်ကို**

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

## ❍ ကျောဖုံးမှ

ခါဇရီ ဖြတ်တင်ခဲ့ရာ တိုက်ရိုက်ဂိုးဝင်ခဲ့၍ ဆန်းဒါးလန်းတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် မာရှယ်က မန်ယူအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ဆန်းဒါးလန်းအသင်း ထောင့်ကန်ဘောကန်တင်ခဲ့ရာ နောက်တန်းကစားသမား လာမိုင်းကိုနီ ခေါင်းတိုက်သွင်းယူခဲ့ပြီး မန်ယူဂိုးသမားဒီဂီယာနှင့်ထိ၍ ဂိုးဝင်သွားခဲ့ရာ ဆန်းဒါးလန်းတို့အနိုင်ဂိုးရရှိခဲ့သည်။ **(ယာပုံ)**



ယင်းပွဲတွင် မန်ယူအသင်းဘောလုံးအသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်ကို ဆန်းဒါးလန်းက ၁၆ ကြိမ်အထိရရှိကာ ငါးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူအသင်းမှာ ၁၀ ကြိမ်ရရှိပြီး ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အိမ်ရှင်ဆန်းဒါးလန်းအသင်း ရမှတ် ၂၃ မှတ်ရရှိခဲ့ပြီး မန်ယူအသင်းမှာ ရမှတ် ၄၁ မှတ် ရရှိထားသည်။ အခြားပွဲစဉ်များဖြင့် ဝက်စ်ဘရွန်းက အဲဗာတန်ကို တစ်ဂိုး ဂိုးမရှိ၊ စတုတ်က ဘုန်းမောက်ကို သုံးဂိုး တစ်ဂိုး၊ ဝက်ဖို့ဒ်က ပဲလေ့စ်ကို နှစ်ဂိုး တစ်ဂိုး၊ ဆောက်သမ်တန်က ဆွမ်ဆီးကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး နော့ဝှစ်နှင့် ဝက်စ်ဟမ်း နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ■

**ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား**
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။
SGS GMP Certificate TH09/3125
SGS ISO 9001:2008 UKAS Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ခ/၄၆၁၁၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၅၄)၊ ဦးပိုင်အမှတ်(၂၉)၊ ၅၃×၅၄ကြား၊ ကျန်စစ်သား×ရတနာလမ်းကြားရှိ ဦးသန်းညွန့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်နီနီသန်း ၉/ပသက(နိုင်)၀၀၁၇၇၆မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း**
**A.G.T.I Society Vocational Training Centre မှ**
**ဖွင့်လှစ်မည့် Estimating (အပတ်စဉ်-၄)သင်တန်းအတွက်**
**လျှောက်လွှာခေါ်ယူခြင်း**

| | | |
|---|---|---|
| ၁။ | **သင်တန်းနေရာ** | - ယခင်အင်းစိန်ဂျီတီအိုင်ကျောင်းဝင်းရှိ A.G.T.I Society, V.T.C |
| ၂။ | **စတင်ဖွင့်လှစ်မည့်ရက်** | - ၂၀၁၆ ခုနှစ်၊မတ်လ၅ ရက်(စနေနေ့) |
| ၃။ | **လျှောက်လွှာပိတ်ရက်** | - ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်(သောကြာနေ့) ညနေ ၁၆ နာရီ |
| ၄။ | **သင်တန်းကာလ** | - (၂)လ(စနေ၊ တနင်္ဂနွေနေ့များသာ) |
| ၅။ | **သင်တန်းချိန်** | - တစ်ရက်လျှင် ၃နာရီ(၁၅း၀၀နာရီမှ ၁၈း၀၀နာရီထိ) |
| ၆။ | **သင်တန်းဝင်ပညာ အရည်အချင်း** | - A.G.T.I (သို့မဟုတ်)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ အခြေခံကွန်ပျူတာအသုံးပြုတတ်သူဖြစ်ရမည်။ |

(သင်တန်းသားဦးရေ-၂၀ သာ လက်ခံသင်ကြားပေးမည်။)

လျှောက်ထားမည့်သူသည် အသင်းတွင်ရှိသောလျှောက်လွှာပုံစံကိုဖြည့်စွက်၍ ပညာရေးအောင်လက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူတစ်စောင်ပူးတွဲ၍ လျှောက်ထားရမည်။

အသေးစိတ်သိလိုပါက ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း၊မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ဖုန်း-၀၁-၅၁၉၈၆၃၊၀၉-၅၀၅၆၇၁၇နှင့် ၀၁-၆၄၃၆၆၃**

**ပျောက်ဆုံးကြောင်း**

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်နေ ဒေါ်သီတာအေး ၃/မဝတ(နိုင်)၀၄၁၀၂၀သည် မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ)မြို့သစ် (ခ)၊ ဦးပိုင်အမှတ် ၂၇၃၊ မြေဧရိယာ ၀ဒသမ ၅၅ဧကအား မြေငှားဂရန်အမှုတွဲအမှတ် V၆၁/၂၀၁၄-၂၀၁၅ဖြင့် ၁၅-၁၀-၂၀၁၄မှ ၁၄-၁၀-၂၀၄၄ထိ နှစ်ပေါင်း ၃၀ ဒေါ်သီတာအေးအမည်ဖြင့် မြေငှားအမည်ပေါက်ရရှိထားသော မြေငှားဂရန်မူရင်းသည် မြဝတီမြို့နေအိမ်မှ ဘားအံမြို့နေအိမ်သို့ပြောင်းရွှေ့ရာတွင် မြေငှားဂရန် မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။

**ဒေါ်သီတာအေး ၃/မဝတ(နိုင်)၀၄၁၀၂၀**
**အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Basic Writing Course** | |
| Mon to Thurs-10:00-12:00am | 15 Feb | Sat & Sun - 12:30 - 3:30 pm | 27 Feb |
| Mon to Thurs-1:00-3:00 pm | 15,29 Feb | Mon to Thurs - 1:00-3:00 pm | 29 Feb |
| Mon to Thurs-3:00-5:00 pm | 15,29 Feb | **Academic Preparation For IELTS (API)** | |
| Sat & Sun - 9:00-12:00 am | 27 Feb | Mon to Thurs - 10:30 - 12:30am | 22 Feb |
| Sat & Sun - 3:45-6:45 pm | 27 Feb | **SAT** Mon to Thurs -3:30-5:00pm | 22 Feb |
| Mon to Thurs-7:30-9:30 am | 29 Feb | **IELTS**(Foundation) Mon to Thurs 5 :30 to 7pm | 22 Feb |
| Mon to Thurs-5:30-7:00 pm | 29 Feb | **IELTS**(Test Practice) San&Sun 10:30 to12:30am | 27 Feb |
| **Pre-Intermediate English** | | **IELTS(Speaking)** San&Sun 1:00to3:30pm | 27 Feb |
| Mon to Thurs-10:30-12:30 am | 15 Feb | **Academic Writing Course** | |
| Mon to Thurs-7:30-9:30 am | 22 Feb | Sat & Sun - 5:00 - 7:00 pm | 27 Feb |
| Mon to Thurs-10:00-12:00am | 29 Feb | **NEW SAT** Sat & Sun -5:00-7:00pm | 27 Feb |
| Mon to Thurs-5:00-7:00pm | 29 Feb | **TOEFL** Mon to Thurs-5:30-7:15pm | 22 Feb |
| **Vocabulary Enrichment Course** | | **နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ** | |
| Sat & Sun - 10:00-12:00 am | 20 Feb | Level I G - 5 & 6 Mon to Thurs : 8-10am | 14 Mar |
| **Grammar Foundation Course** | | Level II G - 7 & 8 Mon to Thurs : 8-10am | 14 Mar |
| Mon to Thurs - 3:30-5:00 pm | 29 Feb | Level III G - 9 & 10 Mon toThurs:8-10am | 14 Mar |
| **Structure & Written Expression** | | | |
| Sat & Sun - 3:30-6:30pm | 20 Feb | | |
| Sat & Sun - 12:30-3:30pm | 6 Feb | | |
| Sat & Sun - 5:30-7:00pm | 29 Feb | | |
| **Intermediate English** | | | |
| Mon to Thurs-1:00-3:00 pm | 29 Feb | | |

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

ရ န် ကု န် မြို့ ပြ အ မွေ အ နှ စ် များ ရဲ့ ရ သ ဝ င်

# ၁၁၁ နှစ်လုံးလုံး ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနေသည့် မွန်မြတ်သည့်နေရာ

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**မပူလွန်း မအေးလွန်း နေ၍ကောင်းသည့် ဆောင်းအကုန်နွေအကူးည သန်းခေါင်ကာလတွင် လူတစ်စု ဇောချွေးတို့ဖြင့် အမောတကောပြေးလွှားနေကြသည်။ ထိုလူစု၏ အလယ်တွင် တကျွီကျွီမြည်နေသော လူနာတင်လှည်းတစ်စီးရှိပြီး မတော်တဆထိခိုက်မှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးကို လှည်းပေါ်၌ မြင်တွေ့ရသည်။ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လူနာကို လိုအပ်သည့် အရေးပေါ်ကုသမှုများ ပေးနေသည်။ လိုအပ်ပါက ထိုလူနာသည် ပြန်လည်ကောင်းမွန်သည်အထိ ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူရင်း ဘဝ၏ အမှတ်တရနေ့ရက်များ ဖြစ်လာပေဦးမည်။ ထိုဆေးရုံကြီးသည် လူနာပေါင်းများစွာ၏အသက်ကို ကယ်တင်ပေးခဲ့သည်မှာ ယနေ့မှ စတင်ရေတွက်ပါက နှစ်ပေါင်း ၁၁၁ နှစ်ပင်ရှိခဲ့ပြီဖြစ်သည်။**



ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာ အထင်ကရ နေရာကြီးတစ်ခုဖြစ်ပြီး ၃၅ ဧကေ ကျယ်ဝန်းသည့် မြေကွက်ပေါ်တွင် အဆောင်များစွာဖြင့် တည်ဆောက်ထားသည့် ဆေးရုံကြီးတစ်ခုဖြစ်ပြီး ခုတင် ၁၅၀၀ ဆံ့ ဆေးရုံတစ်ရုံလည်းဖြစ်သည်။ **(အပေါ်ပုံ)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် တည်ရှိပြီး ဆေးရုံကြီး၏ မူလပထမ အဆောက်အအုံကြီးကို ၁၈၇၃ ခုနှစ်တွင် ကျွန်းသစ်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်သို့ ရောက်သောအခါ ရန်ကုန်မြို့သည် အခြေချနေထိုင်သူများပြားလာသည့်အပြင် ကိုလိုနီလက်အောက်ခံ ရေကြောင်းကုန်သွယ်ရေးကောင်းမွန်သည့် မြို့ဖြစ်လာ သဖြင့် မြေနေရာများကို စတင်အကွက်ရိုက်ကာ မြို့ပြအခင်းအကျင်းပုံစံဖော်ခဲ့သည်။ ထိုကာလတွင် ပြည်သူ လူထု၏ ကျန်းမာရေးကို အဓိကစောင့်ရှောက်ပေးနေ သည့် ရန်ကုန်ဆေးရုံကြီးသည် အကျယ်အဝန်းနှင့် လူနာဦးရေမှာ အလွန်ပင် မမျှမတဖြစ်ခဲ့ရသည်။

ထိုအခက်အခဲများကို ဖြေရှင်းရန်အတွက် ထိုစဉ်က မြန်မာနိုင်ငံအောက်ပိုင်း အင်္ဂလိပ်တို့ လက်အောက် မြို့တော်ဝန်အဖြစ် ခန့်အပ်ခြင်းခံရသူ တစ်ဦးဖြစ်သော Herbert Thirkell-White က ဆေးရုံသို့ လာရောက်ကြည့်ရှုခဲ့သည်။ ၎င်း၏ အဆိုအရ ဆေးရုံကြီးသည် တက်ရောက်သည့် လူနာများပြားသဖြင့် စင်္ကြံများပေါ်တွင် လူနာများ စီတန်းထားရှိရသည်ကို မြင်တွေ့ရသည်မှာ လွန်စွာမှ မတင့်တယ်ကြောင်း မြည်တွန်ခဲ့ပြီး ခိုင်ခံ့ပြီး စနစ်ကျကာ အဆင့်အတန်းမြင့်မားသည့် ဆေးရုံကြီးတစ်ခုကို တည်ဆောက်ရန် ရည်ရွယ်ခြင်းသည် ယခုအချိန်အထိ မြင်တွေ့ရသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးပေါ်ပေါက်လာမည့် ပထမခြေလှမ်းတစ်ခုပင် ဖြစ်သည်။

ထိုသူ၏အဆိုအရ မကြာမီတွင် မြို့ပြအခင်းအကျင်းနှင့် သာလွန်လိုက်ဖက်သည့်ခံ့ညားသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တည်ဆောက်နိုင်ရန်အတွက် မြေနေရာ အကျယ်အဝန်းကို ယခုတွေ့မြင်ရသည့် ဧရိယာဖြစ်သော ၃၅ ဧကခန့် ရရှိအောင် ဆောင်ရွက်ရသည်။ ပထမဆုံးအနေဖြင့် ပြတိုက်တစ်ခုနှင့် တိရစ္ဆာန်ရုံငယ်တစ်ခုတို့ကို မြေနေရာ အစားထိုးပေးအပ်ကာ ဆေးရုံအတွက် မြေနေရာကို လျာထားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ယခင်က ထိုနေရာတွင် ရှိခဲ့သည့် ပြတိုက်မှာ ယခုအခါ အမျိုးသားပြတိုက်တွင် သွားရောက် ပေါင်းစည်းခဲ့ပြီး ယခင်က ထိုနေရာတွင် အလားတူရှိခဲ့သည့် တိရစ္ဆာန်ရုံငယ်သည်လည်း ယနေ့ မြင်တွေ့ရသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးနေရာသို့ ရောက်ရှိသွားခဲ့သည်။

ဆေးရုံကြီး၏ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများကို ပြည်သူ့လုပ်ငန်းဌာန၏ အမှုဆောင်အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဟင်နရီ ဟွိုင်းဖောက်စ်က ဦးစီးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပင်မအဆောက်အအုံကြီးမှာ ပေ ၇၀၀ ခန့် ရှည်လျားပြီး သုံးထပ်အဆောက်အအုံကြီးဖြစ်ကာ ထိုခေတ်နောက်ဆုံးပေါ် ဒီဇိုင်းဖြင့် တည်ဆောက်ထားခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့၏ ရှေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်တွင် ဖော်ပြထားသည်။

အထူးခြားဆုံးမှာ အဆောက်အအုံထောင့်ချိုးများကို လေးထောင့်စပ်စပ် အဆောင်တစ်ခုချင်းစီဖြင့် ဆက်စပ်ထား၍ ယင်းထိပ်တွင် လှပသည့် အမိုးခုံးများဖြင့် ဒီဇိုင်းဖော်ထားခြင်းပင်ဖြစ်သည်။ ထိုစဉ်ကတည်းကပင် ခေတ်မီခွဲစိတ်ခန်းများနှင့် လျှပ်စစ်တပ်ဆင်မှုများအပြင် မေ့ဆေးပေးနိုင်ရန်အတွက် လိုအပ်သည့် မေ့ဆေးဆရာဝန်ကြီးများအတွက် ဖြည့်ဆည်းမှုများကိုပါ ထည့်သွင်းတည်ဆောက်ပေးခဲ့သည်။

အဆောက်အအုံတစ်ခုလုံး၏ ကြမ်းခင်းများမှာ ယနေ့အထိ ဟောင်းပင်ဟောင်းသော်ငြားလည်း ခံ့ညားမှုအရှိန် မပြယ်သေးသည့် လှပသော မာဘယ်လ်ကျောက်ပြားများဖြစ်ကြသည်။ ယင်းတို့သည့် ရှေးဟောင်းကွန်ကရစ်အခင်းများကို ပိုမိုလှပရန် အားဖြည့်ပေးနေသည်ဟု ထင်မှတ်ရလောက်အောင်ပင် ဖြူနီပြာဝါအစိမ်း စသည်ဖြင့် အရောင်စုံအသွေးစုံ ပါဝင်သည်။

၁၉၀၅ ခုနှစ်သို့ ရောက်သောအခါ ပင်မအဆောက်အအုံကြီး အလုံးစုံပြီးစီးခဲ့ပြီး ခုတင်ပေါင်း ၃၄၂ ခုတင်ခန့်ရှိသည့် ဆေးရုံကြီးဖြစ်လာသည်။ ထိုနှစ်အတွင်းမှာပင် ၂၀ ရာစုခေတ်ဦး၏ နောက်ဆုံးပေါ် အဆင့်တန်ဆာများအဖြစ် ဓာတ်လှေကားကို လည်းကောင်း၊ ပန်ကာများကိုလည်းကောင်း၊ လောင်ဒရီခန်းကို လည်းကောင်း၊ အပူပေးစက်ကိုလည်းကောင်း၊ လေသန့်စက်ကိုလည်းကောင်း တပ်ဆင်ပေးခဲ့သည်။

ထို့နောက် အဆောင်များကို နေရာချထားပေးခဲ့ပြီး ထိုမြေနေရာများအတွင်း သီးခြားအဆောက်အအုံများကိုလည်း ဆက်တိုက်တည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံများကိုမူ ကိုလိုနီလက်အောက်ခံ မြန်မာဘုရင်ခံချုပ်၏ ဆောက်လုပ်ရေးနှင့် ဒီဇိုင်းဆိုင်ရာအကြံပေး ဟင်နရီဆယ်တန်မောရစ်က ဦးဆောင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကာ ၁၉၁၅ ခုနှစ်တွင် အလုံးစုံပြီးစီးခဲ့ကြောင်း သိရသည်။

အဆောက်အအုံများ ဆောက်လုပ်ပြီးစီးခါနီး အချိန်တွင် အိန္ဒိယအစိုးရ၏ လက်သုံးတော် ဆောက်လုပ်ရေးဆိုင်ရာ ဗိသုကာပညာရှင်ကြီး ဂျွန်ဘာချ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ခေတ္တလာရောက်စဉ်တွင် တည်ဆောက်ဆဲ ရန်ကုန်ဆေးရုံကြီးအားမြင်တွေ့ခဲ့ရာ မကျေမနပ်ဖြစ်ခဲ့ကာ ကုန်ကျစရိတ်များပြားပြီး မလိုလားအပ်ကြောင်း ပြောဆိုခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အများပြည်သူတို့၏စိတ်ဝယ် ရန်ကုန်ဆေးရုံအဆောက်အအုံကြီးအပေါ် များစွာကျေနပ်အားရခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြထားသည်။

တောက်ပသော အနီရောင် ကွန်ကရစ်တုံးများနှင့် အဝါရောင်စပ်ကျားတည်ဆောက်ထားသည့် အဆိုပါ အဆောက်အအုံကြီးသည် လှပသည်ဆိုခြင်းထက် ခံ့ညားမှုရှိသည်ကို အားလုံးက လက်ခံပေးခဲ့ကြရသည်။ ထိုစဉ်က ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် သတ်မှတ်ခဲ့ကြပြီး ဆေးကုသမှုဆိုင်ရာ နောက်ဆုံးပေါ်ကုသမှုအမျိုးမျိုးကို လုပ်ဆောင်နိုင်ခဲ့သည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ အူရောင်ငန်းဖျားရောဂါများနှင့် ခွဲစိတ်ရောဂါအမျိုးမျိုးကို အဆင့်အတန်းမီစွာ နိုင်ငံတကာနည်းတူ ကုသနိုင်ခဲ့သဖြင့် အလွန်ပင် နာမည်ကျော်ကြားခဲ့ပြီး ခေတ်ပြိုင်အားဖြင့် လန်ဒန်မြို့ရှိ ဗစ်တိုးရီးယားဆေးရုံနှင့်အပြိုင် ဖွင့်လှစ်ကာကုသပေးခဲ့သည့် သမိုင်းဝင်ဆေးရုံကြီးတစ်ခုလည်း ဖြစ်သည်။

"အပြစ်ပြောစရာမရှိအောင် ပြီးပြည့်စုံတဲ့အဆောက်အအုံကြီးတစ်ခုဖြစ်ပါတယ်။ ခေတ်ကာလ ကြာရှည်တဲ့အားလျော်စွာ ပြုပြင်ထိန်းသိမ်းရတာတွေ ရှိပါတယ်။ သို့သော် ပြုပြင်ထိန်းသိမ်းမှုတိုင်းက မူလရှေးဟောင်းအဆောက်အအုံကြီးကို မထိခိုက်စေဘဲပြုပြင်တာဖြစ်ပါတယ်။ အဆင့်မြှင့်တင်မှုတွေလည်း အများကြီး ပြုလုပ်ရပါတယ်။ ယနေ့တိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ ရှင်သန်ရပ်တည်နေတာက အလွန်ဂုဏ်ယူစရာကောင်းပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံသည် မြန်မာနိုင်ငံရှိ ပြည်သူ့ဆေးရုံများအနက် ပြည်သူများ အားအထားရဆုံး ဆေးရုံကြီးတစ်ခုဖြစ်ပြီး စရိတ်မျှပေးကျန်းမာရေးဝန်ဆောင်မှုများ စတင်ခြင်းတွင်လည်း ပထမဆုံးခြေလှမ်းသွက်သည့် ဆေးရုံကြီးတစ်ခုဖြစ်သည့်အပြင် နောက်ဆုံးပေါ် ခေတ်မီဆေးကုသခြင်းများကိုလည်း နေ့စဉ်နှင့်အမျှ ဆရာဝန်ပေါင်း ၃၀၀ ကျော်နှင့် သူနာပြုပေါင်း ၃၀၀ ကျော် အခြားဝန်ထမ်းပေါင်းများစွာက ဖြည့်ဆည်းပေးလျက်ရှိသည်။ ဝိတိုရိယဒီဇိုင်းများအနက် အလွန်ကြီးမားသည့် ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ဆရာဝန်ပေါင်းများစွာ၊ သူနာပြုပေါင်းများစွာ၏ လေ့လာဆည်းပူးဖွယ်ရာ လက်တွေ့သင်ယူမှုပေးနေသည့် ကျောင်းတော်ကြီး တစ်ခုလည်း ဖြစ်သည်။ မြေနေရာလပ်များတွင် ထပ်မံတိုးချဲ့တည်ဆောက်ထားသော အဆောက်အအုံပေါင်းများစွာက နေရာယူလာသကဲ့သို့ ထိုအဆောက်အအုံများနှင့် အပြည့်ပင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးဝါးကုသကြသည့် လူနာများသည်လည်း ထောင်နှင့်ချီကာ ရောက်ရှိနေသည့် နေရာတစ်ခုဖြစ်သည်။

မူလသုံးထပ်အဆောက်အအုံကြီးကို ၁၉၀၅ ခုနှစ် မေလ ၆ ရက်နေ့တွင် ဖွင့်လှစ်ထားခြင်းကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၁၁၁ နှစ်ပင်ပြည့်ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အချိန်တွင် ပြင်ဆင်မှုများပြုလုပ်ခဲ့ရပြီး ခုတင် ၅၄၆ ခုတင်ဆံ့ ဆေးရုံဖြစ်လာသည်။ ၁၉၆၄ ခုနှစ်အရောက်တွင် အဆင့်မြှင့်တင်ကာ ခုတင် ၁၅၀၀ ဆံ့ ဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ များပြားလှသည့် လူနာများအတွက် ရောဂါဗေဒနှင့်ဆိုင်သောဌာနများအဖြစ် ဓာတ်မှန်ဌာန၊ ရောဂါဗေဒဌာန၊ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ စမ်းသပ်မှု၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ၊ အရိုးအကြောဆိုင်ရာနှင့် ပြန်လည်သန်စွမ်းမှုဆိုင်ရာ၊ ဇီဝဆေးပညာအင်ဂျင်နီယာဆိုင်ရာစသည်ဖြင့် ဌာနများစွာရှိပြီး ရောဂါအမျိုးမျိုးနှင့် အရေးပေါ်ကုသမှုအမျိုးမျိုးတို့ကို ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး တန်းတူလက်ခံကုသပေးလျက်ရှိသည်။

"ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ အရင်ကနဲ့ လုံးဝမတူတော့ပါဘူး။ လွန်ခဲ့တဲ့ ၁၈နှစ်က ဆေးရုံရဲ့ ခုတင်တွေဟာ ညစ်နွမ်းစုတ်ပြတ်နေပြီး အများသုံးသန့်စင်ခန်းတွေဟာဆိုရင် အလွန်ညစ်ပတ်တယ်။ ဆေးကုသမှုအပိုင်းမှာလည်း အားနည်းချက်တွေရှိသလို ဆရာဝန်မဟုတ်တဲ့ သူနာပြုနဲ့ သန့်ရှင်းရေးဝန်ထမ်းတွေရဲ့ပြုစုမှုကိုခံခဲ့ရတော့ ဆေးရုံကြီးဆိုရင် မသွားချင်ပါဘူး။ အဆောက်အအုံကြီးဟာ ကျက်သရေမရှိတဲ့အပြင် ဝင်ထွက်ဖို့အတွက်လည်း ငွေကြေးပေးရတာရှိပါတယ်။ ကျန်းမာရေးအတိဒုက္ခရောက်ရသူတွေဟာ မဖြစ်မနေအားကိုးနေရပေမယ့် ဆေးရုံကြီးဟာ နွေးထွေးမှုမရှိခဲ့ပါဘူး။ မကြာသေးဘူး။ အခုကျွန်မသမီးလေးက အစာအိမ်ရောဂါကြောင့် ၇-၈ ဆောင်မှာ တက်ရပါတယ်။ အရင်ကျွန်မကြားဖူးမြင်ဖူးတာနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဆရာဝန်ကြီးတွေကလည်း နေ့စဉ်လူနာတိုင်းကို တန်းတူကျန်းမာရေးစောင့်ရှောက်တယ်။ နွေးထွေးကြင်နာတဲ့အပြင် သူနာပြုတွေကလည်း အကုန်အကျသက်သာအောင် အများကြီးစဉ်းစားကူညီပေးကြတယ်။ နေရတာ သက်သောင့်သက်သာရှိတဲ့အတွက် ပြည်သူတွေရဲ့ အားကိုးရာ အမှန်တကယ်ဖြစ်လာတယ်။ ဆေးရုံရဲ့ အုတ်နံရံနီနီကြီးတွေတောင် မေတ္တာတရားကြောင့် ပိုလှလာတယ်"ဟု ဒေါ်ခင်လေးနွယ်က ရန်ကုန်ဆေးရုံကြီးအကြောင်းပြောပြသည်။

လုံချည်ခရမ်းရောင်ကို ဝတ်ဆင်ထားသည့် သန့်ရှင်းရေးနှင့် သူနာပြုအကူအလုပ်ကို လုပ်ကိုင်သူ အမျိုးသမီးအား ဆေးရုံဒုတိယထပ်၏ ထောင့်ချိုးတစ်ခုတွင် မြင်တွေ့ရသည်။ ကျွန်မသွားလိုသည့် အဆောင်နှင့် လူနာအကြောင်းကိုမေးမြန်းရာ နှစ်လိုသော မျက်နှာထားဖြင့် လိုက်ပါပို့ဆောင်ပေးသည်။ ယခင်က ဟောင်းနွမ်းကာ သံဘာဂျာတံခါးကို အသုံးပြုထားသည့် ဓာတ်လှေကားနေရာတွင် သစ်လွင်သော ခေတ်မီဓာတ်လှေကားက နေရာယူထားသည်။ ကော်ရစ်ဒါတစ်လျှောက် သန့်ရှင်းသပ်ရပ်လျက်ရှိပြီး လူနာစောင့်များအနည်းငယ်ရပ်စောင့်ကာ ဆရာဝန်ကြီးများက လူနာများကို လိုက်လံကြည့်ရှုပေးနေသည့် မြင်ကွင်းကို မြင်ရသည်။

ထုထည်ကြီးမားသည့် ကော်ရစ်ဒါပေါ်မှ အောက်ဘက်သို့လှမ်းကြည့်ရာ မြန်မာဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသည့် အမျိုးသမီးငယ်များက အဆောက်အအုံအတွင်းသို့ ဝင်ရောက်လာကြသည်။ သူတို့၏ လည်တိုင်တွင် နားကြပ်များကို ချိတ်ဆွဲထားကြပြီး ယနေ့သင်ကြားရမည့် ဆရာဝန်ကြီးများ၏ လမ်းညွှန်သင်ကြားမှုကို လိုက်နာရန်အတွက် ပြင်ဆင်နေကြသည်။ သူတို့သည် ရန်ကုန်ဆေးတက္ကသိုလ် (၁)၏ နောက်ဆုံးနှစ် ကျောင်းသူများဖြစ်ကြပြီး သူတို့အတွက် ဆေး(၁)ပြီးပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ဒုတိယအမိတက္ကသိုလ်ပင် ဖြစ်သည်။

နှစ်ပေါင်း ၁၁၁နှစ်ရှိပြီဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ယနေ့တိုင် ပြည်သူတို့အမှန်တကယ်အားကိုးနေရဆဲပင်ဖြစ်သည်။ မြို့ပြအခင်းအကျင်းနှင့် လိုက်လျောညီထွေသည့် အဆောက်အအုံသစ်များကို ဆေးရုံဝင်းအတွင်း မြင်တွေ့ရသော်လည်း မူလပင်မအဆောက်အအုံကြီး၏ အရှိန်အဝါက လျော့ကျမသွားအဆောက်အအုံသစ်များနှင့်အပြိုင် လှပခံ့ညားနေဆဲ ကျန်းမာရေး ဝန်ဆောင်မှုပေးနေသည့် ရှေးဟောင်းမြို့ပြအမွေအနှစ် ဆေးရုံကြီးပင်ဖြစ်ပါကြောင်း။ ။

ခရီးသွားဆောင်းပါး

# ကယားတို့ဌာနီ ငွေတောင်ပြည်မှ လွိုင်ကော်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**သည်တစ်ခေါက် လွိုင်ကော်မြို့ကို မမျှော်လင့်ဘဲရောက်ခဲ့သည်။ နံနက်စောစောမို့လားမသိ အအေးဓာတ်လွှမ်းကဲနေသည်။ ကြည့်လိုက်တိုင်း မြူနှင်းတို့ဝေနေပြီး လွိုင်ကော်မြို့အဝင် ဆိုင်းဘုတ်ကိုပင် နှင်းမှုန်မှုန်ကြားမှ ဝိုးတဝါး လှမ်းမြင်ရသည်။ တိတ်ဆိတ်အေးချမ်းစွာတည်ရှိနေသော လွိုင်ကော်မြို့က နံနက်စောစောမှာပင် လှုပ်လှုပ်ရွရွ နိုးထသွားလာနေသူတို့ဖြင့် သက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။ သြော်…ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်သို့ ဒုတိယအကြိမ်မြောက်ရောက်ခဲ့ပြန်ပြီ။**


တောင်ကွဲစေတီအား ဖူးတွေ့ရစဉ်။

လွိုင်ကော်မြို့အတွင်းဝင်ရောက်ခဲ့ရာ ကားလမ်းဘေးဝဲယာတွင် နေအိမ်တိုက်တာအထပ်နိမ့်များကို မပြတ်တမ်းတွေ့ရသည်။ နံနက်စောစောမို့လားမသိ၊ ဆိုင်အချို့ဖွင့်ဆဲ။ အနွေးထည်ကိုယ်စီဖြင့် သွားလာနေကြသူများ၊ ဆိုင်ကယ်မောင်းနှင်သွားလာနေကြသူများနှင့် ကယားတိုင်းရင်းသားအဝတ်အစားဖြင့် သွားလာနေသူဒေသခံအချို့ကိုလည်း မြင်တွေ့ရသည်။ လွိုင်ကော်မြို့က ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၂၉၅၀ ခန့် မြင့်သောနေရာ၌ တည်ထားခြင်းဖြစ်သည်။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ခဲ့သည်။ ကြိုတင်ဖုန်းဆက်ထားသဖြင့် လွိုင်ကော်မြို့သား ကိုစိုးမောင်က ဆိုင်အပေါက်ဝမှ အသင့်ကြိုနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့က လွိုင်ကော်တွင် တစ်နေ့ခင်းလုံးနေထိုင်ပြီး ညနေပိုင်းတွင် ရန်ကုန်ပြန်ရန် စီစဉ်ထားရာ အချိန်ရခိုက်လေ့လာစရာနေရာများကို သွားရောက်နိုင်ရန် ကိုစိုးမောင်က အတူလိုက်ပါပေးမည်ဖြစ်သည်။ ကျေးဇူးတင်ရပါသည်။ ကျွန်တော်တို့နံနက်စာ လက်ဖက်ရည်နှင့်မုန့်များကိုစားသောက်ပြီး သွားရောက်မည့်နေရာများကို ကိုစိုးမောင်ကပြောပြသည်။ တကယ်တော့ လွိုင်ကော်မြို့က ဆိုင်ကယ်ဖြင့် ဖြတ်မောင်းလျှင် ၁၅ မိနစ်ခန့်သာကြာသည်ဖြစ်ရာ ကြီးမားသောမြို့မဟုတ်၊ သို့သော် ကယားပြည်နယ်မြို့တော်ဖြစ်ရာ စည်ကားမှု၊ ဖွံ့ဖြိုးမှုရှိနေပြီဖြစ်သည်။

ကျွန်တော်တို့ နံနက်စာစားသောက်ပြီးနောက် လွိုင်ကော်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်း ထင်ရှားကျော်ကြားသော တောင်ကွဲစေတီသို့ ထွက်လာခဲ့ကြသည်။ လမ်းတွင်လွိုင်ကော်မြို့အမည်အကြောင်း ကိုစိုးမောင်က ပြောပြသည်။ လွိုင်ကော်ကို မူလက ဆီရိဒေါ်ဟုခေါ်ခဲ့ကြပြီး နောက်ပိုင်း ဘီလူးချောင်းနံဘေးတွင် တည်ရှိသော ရွှေတောင်ကိုအစွဲပြုကာ လွိုင်ခေါ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ လွိုင်မှာတောင်၊ ခေါ်မှာသီးခြားရှိခြင်းဟု အဓိပ္ပာယ်ရရာ သီးခြားတည်ရှိရာတောင်ဟုဖြစ်ပြီး နောက်ပိုင်း လွိုင်ခေါ်မှ လွိုင်ကော်ဟု အမည်တွင်လာခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောပြသည်။

ကျွန်တော်တို့ မော်တော်ယာဉ်က လွိုင်ကော်မြို့ တောင်ဘက်ရှိ တောင်ကွဲစေတီခြေရင်းသို့ ရောက်ခဲ့သည်။ မြင့်မားသော တောင်ပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် စေတီများတည်ထားသည်ကို ဖူးမြော်မြင်တွေ့ရသည်။ ကွဲနေသော တောင်များပေါ်တွင် စေတီများတည်ထားသည်မှာ ထူးခြားလေသည်။ ကယားဘာသာစကား ဖော်မြဲဟုခေါ်ဆိုသည့် သီရိမင်္ဂလာတောင်ကွဲစေတီက မြန်မာနိုင်ငံတစ်ဝန်းဘုရားဖူးအလာများသော စေတီပင်ဖြစ်သည်။

ကျွန်တော်တို့ တောင်ကွဲစေတီများတည်ထားရာ တောင်ထွတ်ပေါ်သို့ ရှည်လျားစွာ တည်ဆောက်ထားသော လှေကားထစ်များအတိုင်း ဖြည်းဖြည်းချင်းတက်ခဲ့သည်။ တောင်ကွဲစေတီများ တည်ထားကိုးကွယ်ရာ တောင်ထွတ်က မြေပြင်မှ အမြင့် ၃၈၇ ပေရှိရာ ကိုးစိတ်ကွဲနေသော ကျောက်တောင်လွတ်များပေါ်၌စေတီတစ်ဆူစီ တည်ထားခြင်းဖြစ်သည်။ စေတီတစ်ဆူချင်းဆီသို့ ဘုရားဖူးများ တက်ရောက်ဖူးမြော်နိုင်ရန် လှေကားထစ်များဖြင့် လမ်းပြုလုပ်ပေးထားသည်။ ကျန်စေတီများကို ၁၉၁၃ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ်အကြားတည်ထားခဲ့ခြင်းဖြစ်ကြောင်း ကိုစိုးမောင်က ပြောပြသဖြင့် မှတ်သားခဲ့ရသည်။

တောင်ကွဲစေတီကိုးဆူကား ဒီဇိုင်းတူညီမှုအချို့ရှိသော်လည်း ဉာဏ်တော်အရွယ်အစားကွာခြားမှု ရှိလေသည်။ စေတီကိုးဆူအမည်များမှာ ပြည်လုံးချမ်းသာ၊ ရွှေယပ်တောင်၊ ရွှေရင်အေး၊ ကျောက်သမ္ဘာန်၊ အောင်တော်မူ၊ ဆုတောင်းပြည့်၊ အောက်ကျိုက်ထီးရိုး၊ အထက်ကျိုက်ထီးရိုး၊ ရွှေပြည်အေးစသည်ဖြင့် ပေးထားသည်ကို တွေ့မြင်ရသည်။ စေတီတော်ဉာဏ်တော်များမှာ လေးပေခြောက်လက်မမှ ၃၆ ပေအထိ ရှိကြောင်း သိရှိခဲ့ရသည်။ ဆုတောင်းပြည့်သော တောင်ကွဲစေတီများကို ဖူးမြော်ပြီး ရင်ပြင်တော် အပေါ်စီးမှ လွိုင်ကော်မြို့ကို ကြည့်ရှုမိသည်။ တောင်တန်းများနှင့် တောင်ကြောများ အလယ်မှ ပုပျပ်ပျပ်ဖြင့် ပြားပြားဝပ်အနေအထားဖြင့် မြင်တွေ့ရသော လွိုင်ကော်မြို့သစ်တိုးချဲ့လာမှုများနှင့် ရစ်ခွေစီးဆင်းနေသော ဘီလူးချောင်း။ မြင်ကွင်းက သက်ငြိမ်ပန်းချီကားတစ်ချပ် ဖြန့်ခင်းထားသကဲ့သို့ တည်ရှိနေသည်။ တချို့ကမ္ဘာလှည့်ခရီးသွားများက နေဝင်ချိန်အလှကို တောင်ကွဲစေတီပေါ်မှ ကြည့်ရှုကြသည်ဟု သိရသည်။

တောင်ကွဲစေတီပေါ်မှ ပြန်လည်ဆင်းသက်ခဲ့သည်။ ဘုရားဖူးများတက်လာကြသည်ကို တွေ့ရသည်။ ပြည်တွင်းဘုရားဖူးများဖြစ်ပြီး ဘုရားဖူးယာဉ်ဖြင့် အုပ်စုလိုက်လာရောက်ကြခြင်းဖြစ်မည်။ လူငယ်အများစုဖြစ်၍ တောင်ကွဲစေတီများပေါ်သို့ ခပ်သွက်သွက်လှမ်းတက်သွားကြသည်။ အချင်းချင်းနောက်ပြောင်ကျီစယ်ကာ ပျော်ရွှင်ပေါ်ပါးစွာတက်သွားသော လူငယ်များအနက် ရှမ်းတိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်ဆင်ထားသူအချို့ကိုလည်း တွေ့ရသည်။ ပွင့်လင်းရာသီတွင် တောင်ကွဲစေတီသို့ ဘုရားဖူးများ မပြတ်တမ်းလာရောက်ကြကြောင်း သိရသည်။

ကျွန်တော်တို့ နောင်ယားကန်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ နောင်ယားကန်သည်လည်း လွိုင်ကော်မြို့သို့ ရောက်သူတိုင်းမဖြစ်မနေ သွားရောက်ကြသည့်နေရာတစ်ခုဖြစ်သည်။ နောင်ယားကန်သာဟူသော အစိမ်းရောင်အောက်ခံပေါ်တွင် အဖြူရောင်ဖြင့် ရေးသားထားသော ဆိုင်းဘုတ်ကို မြင်တွေ့ရသည်။ နောင်ယားကန်လယ်ကို ဖြတ်သန်းတည်ဆောက်ထားသော သစ်သားတံတားပေါ်မှဖြတ်လျှောက်ကာ လေ့လာမိသည်။ တည်ငြိမ်ကြည်လင်နေသော ကန်ရေပြင်က ကမ်းစပ်ရှိအပင်များကြောင့် အရိပ်များကျဆင်းနေသည်။ အမှိုက်များ၊ ရေမှော်၊ ရေညှိများကင်းစင်အောင် ထိန်းသိမ်းထားသဖြင့် ကန်ရေပြင်မှာ သန့်ရှင်းနေသည်ကို တွေ့ရသည်။ တံတားလက်ရန်းများကို အနီရောင်၊ အဖြူရောင်နှင့် အဝါရောင်များကို အပိုင်းလိုက်၊ အဖြတ်လိုက် ဆေးသုတ်ထားသဖြင့် အမြင်ဆန်းနေသည်။ တံတားအလယ်တွင် ခေတ္တနားခိုအပန်းဖြေစရာ ဇရပ်နှစ်ဆောင်လည်း ပြုလုပ်ထားသည်။

သစ်သားတံတားတစ်ဖက်အဆုံး ကမ်းစပ်တွင် အပျော်စီးငှက်လှေအချို့ဆိုက်ကပ်ထားသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ "ဧည့်သည်တွေက ငှက်လှေစီးပြီး နောင်ယားကန်ကို လှည့်လည်ကြည့်ရှုရင်း အပန်းဖြေအပျော်စီးတာပါ။ ကမ္ဘာ့လှည့်ခရီးသွားအချို့လည်း အပျော်စီးလေ့လာစီးကြတာပါ"ဟု ကိုစိုးမောင်က ပြောသည်။ ငြိမ်းချမ်းတိတ်ဆိတ်ပြီး သာသာယာယာရှိသော နောင်ယားကန်အလှကား ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ကန်စပ်သို့ ပြန်တက်ခဲ့ပြီး ကန်ပတ်လမ်းသဖွယ် ခင်းထားသော ကွန်ကရစ်လျှောက်လမ်းအတိုင်း လျှောက်ကာ ကန်ပတ်လည်ရှိအပင်များကို ကြည့်ရှုလေ့လာရာ အပင်အတော်များများမှာ စိုက်ပျိုးထားခြင်းဖြစ်ပြီး အချို့မှာ သဘာဝအတိုင်းပေါက်ရောက်နေသော အပင်များဖြစ်ကြောင်း သိရသည်။ လာရောက်အပန်းဖြေစရာကောင်းသော ရေကန်ပင်ဖြစ်သည်။

အတန်ကြာ လေ့လာကြည့်ရှုပြီးနောက် လွိုင်ကော်မြို့ အရှေ့ဘက်တွင်တည်ရှိသော နာမည်ကြီးကျပ်ဂူသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကျပ်ဂူမှာ လွိုင်ကော်မြို့ အရှေ့ဘက်ကိုးမိုင်ခန့်အကွာတွင်တည်ရှိရာ မော်တော်ကားဖြင့် ကျွန်တော်တို့ ဖြည်းဖြည်းမောင်းနှင်သွားခဲ့သည်။ ကားလမ်းနှင့် မလှမ်းမကမ်းတွင် ကျေးရွာအချို့ကို ခပ်ပျပျမြင်တွေ့ရသည်။ ပဒေါင်လူမျိုးများနေထိုင်ရာ ရွာများဖြစ်ပြီး အချို့ရွာများမှာ ကယား၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားများ နေထိုင်ရာရွာများဖြစ်ကြောင်း သိရသည်။ လမ်းတစ်လျှောက် စပါးခင်းအချို့ကို တွေ့ရသလို ဂျုံစိုက်ခင်းအချို့ကိုလည်း တွေ့ရသည်။ ကယားပြည်နယ်က မြန်မာနိုင်ငံတွင်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသေးငယ်ဆုံးဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု နည်းပါးနေသေးရာ လွိုင်ကော်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

လွိုင်ကော်မြို့နယ်အတွင်း တိုင်းရင်းသားကျေးရွာများအနက် နိုးကိုးကျေးရွာအုပ်စုမှ ကျေးရွာများက အနီးရှိ မိကြာဆိုတောင်ပေါ်တွင် ဒေသခံကရင်နီလူမျိုးတို့၏ ရိုးရာခလေ့မိုးခေါ်ပွဲများ၊ ပဒေါင်တိုင်းရင်းသားကျေးရွာများတွင် လည်ပင်းကြေးကွင်းစွပ်ကာ နေထိုင်သော ပဒေါင်တိုင်းရင်းသူများ၏ လူမှုဘဝနေထိုင်ပုံများက ကမ္ဘာလှည့်ခရီးသွားများကို စိတ်ဝင်စားမှု၊ ဆွဲဆောင်မှုအပြည့်ရှိစေမည်မှာ အမှန်ပင်ဖြစ်ကြောင်း တွေးနေမိသည်။

မကြာမီ ကျပ်ဂူရှိရာသို့ ကျွန်တော်တို့ရောက်ရှိလာခဲ့ကြသည်။ ကျပ်ဂူအဝင်အနီးတွင် ရှေးဟောင်းဘုန်းကြီးကျောင်းတစ်ကျောင်းတည်ရှိရာ ခေတ္တဝင်ရောက်အပန်းဖြေကြသည်။ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်များဖြင့်

စာမျက်နှာ ၁၇ သို့


လွိုင်ကော်မြို့ရှိ နောင်ယားကန်ကို သာယာလှပစွာတွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ညှော်ခံကျွေးမွေးသဖြင့် အလှူငွေများ လှူဒါန်းခဲ့ကြသည်။ ကျပ်ဂူအဝင်ဝသို့ သွားရောက်ခဲ့ရာ ခရီးသည်ညှော်သည် အချို့ဝင်ရောက်သွားသည်ကို တွေ့ရသည်။ ဂူအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ခွင့်ပြုထားသဖြင့် ကျွန်တော်တို့ရောက်ချိန်မှာ မွန်းလွဲ ၁ နာရီကျော်နေပြီဖြစ်ရာ အချိန်ရသမျှလေ့လာရန် ဂူအတွင်း ဝင်ရောက်ခဲ့သည်။



ကျပ်ဂူအဝင်ဝတစ်နေရာကို တွေ့ရစဉ်။

ကျပ်ဂူအဝင်မှစတင်ပြီး တံတားသဖွယ်ပြုလုပ်ပေးထားသဖြင့် ဝင်ရောက်ရာတွင် အဆင်ပြေလွယ်ကူသည်။ ကျပ်ဂူနံရံများမှာ ကျောက်ဆိုင်၊ ကျောက်ပန်း၊ ကျောက်ထွတ်များဖြစ်ပေါ်နေသဖြင့် သဘာဝကျောက်ဂူဆိုသည်ကိုဖော်ပြနေသည်။ ဂူအတွင်းအချို့နေရာများတွင် အင်ဂျင်စက်ဖြင့် ပေးထားသော လျှပ်စစ်မီးချောင်းအလင်းရောင်ရရှိသော်လည်း အချို့နေရာတွင်မှောင်နေသည်ကို တွေ့ရသည်။

ကျပ်ဂူသည် ရှေးနှစ်ထောင်သောင်းချီကာ သက်တမ်းရှိနိုင်ကြောင်း၊ ၂၀၁၅ ခုနှစ်က ကွင်းဆင်းလေ့လာမှုများအရ ဂူအရှည်မှာ ၂၁၉၄ မီတာရှိရာ မြန်မာနိုင်ငံတွင် တတိယမြောက်အရှည်ဆုံးဂူဖြစ်ကြောင်း ကိုစိုးမောင်က ပြောပြသည်။ ကျပ်ဂူအတွင်းပိုင်းတစ်နေရာတွင် သစ်ပင်၏ပင်စည်တစ်ပိုင်းကို ထွင်းထုထားသည့် အနေအထားကိုတွေ့ရှိရသည်။ မည်သည့်အတွက် ပြုလုပ်ထားသည်ကိုတွေးဆ၍မရနိုင်။

ကျပ်ဂူနံရံအချို့နေရာများမှာ ရုပ်တုပုံစံများဖြစ်နေသလို အချို့နေရာများက သတ္တဝါတစ်ကောင်၏ ပုံသဏ္ဌာန် အလားဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ဂူအတွင်းအချို့နေရာများက စိတ်ချောက်ချားဖွယ်ရာဖြစ်နေရာ သဘာဝဂူများအား လေ့လာသုတေသနပြုသူများအတွက် စိတ်ဝင်စားစရာသမိုင်းအစအန မှတ်တမ်းများရရှိနိုင်ကြောင်း သတိပြုမိသည်။ ကျပ်ဂူအတွင်း အတန်ကြာလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။

**လှိုင်ဘွဲ့ကော်မြို့နယ်အတွင်း တိုင်းရင်းသားကျေးရွာများအနက် နိုးကိုးကျေးရွာအုပ်စုမှ ကျေးရွာများက အနီးရှိ မီကြာဆိုတောင်ပေါ်တွင် ဒေသခံကရင်နီလူမျိုးတို့၏ ရိုးရာဓလေ့မိုးခေါ်ပွဲများ၊ ပဒေါင်တိုင်းရင်းသားကျေးရွာများတွင် လည်ပင်းကြေးကွင်းစွပ်ကာ နေထိုင်သော ပဒေါင်တိုင်းရင်းသူများ၏ လူမှုဘဝနေထိုင်ပုံများက ကမ္ဘာလှည့်ခရီးသွားများကို စိတ်ဝင်စားမှု၊ ဆွဲဆောင်မှုအပြည့်ရှိစေမည်မှာ အမှန်ပင်ဖြစ်ကြောင်း**

ကျပ်ဂူအနီး တစ်မိုင်ခွဲခန့်အကွာတွင်တည်ရှိသော ပဒေါင်ကျေးရွာအချို့သို့ သွားရောက်လိုသော်လည်း အချိန်မရ၍ မရောက်ဖြစ်တော့။ ပဒေါင်တိုင်းရင်းသားတို့၏ ကိုယ်ဝတ်အင်္ကျီများကို ကိုယ်တိုင်ရက်လုပ်သော အိမ်တွင်းမိသားစုလက်ရက်ကန်းတို့က စိတ်ဝင်စားစရာကောင်းသည်။ လည်ပင်း၌ ကြေးကွင်းများစွပ်ထားသော ပဒေါင်တိုင်းရင်းသားတို့ကို အနီးကပ်လေ့လာခွင့်ရလျှင်ကောင်းမည်ဟု တွေးမိသော်လည်း အချိန်မရသဖြင့် လက်တွေ့၌ မရောက်ဖြစ်ခဲ့။

လှိုင်ဘွဲ့ကော်မြို့သို့ပြန်ရောက်ပြီး ခေတ္တနားကာ ညနေ ၄နာရီတွင် လှိုင်ဘွဲ့ကော်မြို့မှ ပြန်ထွက်လာခဲ့သည်။ လှိုင်ဘွဲ့ကော်မြင်ကွင်းများက မျက်စိထဲကမထွက်။ နေရစ်တော့ ကယားတို့ဌာနီ ငွေတောင်ပြည်ဟု နှုတ်ဆက်နေမိသည်။



တောင်ကွဲစေတီရင်ပြင်တော်ပေါ်မှ လှိုင်ဘွဲ့ကော်မြို့အလှကို တွေ့ရစဉ်။

# အသက် ၆၅ နှစ်မှ ၇၉ နှစ်အရွယ်သည် အပျော်ရွှင်ဆုံးကာလဖြစ်

**ဘာသာပြန်-ကလျာမိုးမြင့်**


အသက် ၆၅ နှစ်ကနေ ၇၉ နှစ်အရွယ်အထိဟာ လူကြီးတွေအတွက် အပျော်ရွှင်ဆုံးအသက်အပိုင်းအခြားဖြစ်တယ်လို့ အမျိုးသားစာရင်းအင်း သုတေသနရုံးက ဆိုထားပါတယ်။

ဗြိတိန်နိုင်ငံတစ်ဝန်းမှာရှိတဲ့ သက်ကြီးပုဂ္ဂိုလ်တွေကို စစ်တမ်းကောက်ယူလိုက်တဲ့အခါ သုံးသိန်းကျော်ဟာ အဲဒီအသက်အရွယ်မှာ ဘဝကို အကျေနပ်ဆုံး၊ အပျော်ရွှင်ဆုံးနဲ့ အထိုက်တန်ဆုံးသော အချိန်များအဖြစ် ခံစားရပြီး အသက် ၈၀ ကျော်လွန်သွားတဲ့အခါ အဲဒီလိုခံစားမှုမရှိတော့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အသက် ၄၅ နှစ်မှ ၅၉ နှစ်အရွယ်အထိဟာ ဘဝကို နေပျော်မှုမရှိဆုံးသော အချိန်ဖြစ်ပြီး အမျိုးသားများက အခြေအနေတွေကြောင့်လို့ ပညာရှင်များက အကြံပြုထားပါတယ်။

စစ်ဆေးလေ့လာမှုအရ လူ ၁၀ ဦးကို ရွေးထုတ်ပြီး သူတို့ရဲ့စိတ်အခြေအနေနဲ့ ဘဝအပေါ်ကျေနပ်မှု ရှိမရှိ မေးခွန်းတွေမေးတဲ့အခါ အသက်အရွယ်၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ အိမ်ထောင်ရှိမရှိ၊ အလုပ်အကိုင်အခြေအနေနဲ့ နေထိုင်ရာနေရာကိုလိုက်ပြီး ရလဒ်တွေလည်းကွဲပြားခြားနားတာကို တွေ့ရပါတယ်။ သုတေသနပညာရှင်များရဲ့ သုံးသပ်ချက်တွေအရ-

- ⁂ အိမ်ထောင်ပြုသူများဟာ တစ်ကိုယ်တည်းနေထိုင်သူ (သို့) ကွာရှင်းပြတ်စဲထားသူထက် စိတ်ချမ်းသာပျော်ရွှင်မှုပိုမိုရရှိပါတယ်။



အမျိုးသမီးများထက်ပိုပြီး စိတ်ဓာတ်ကျဆင်းတယ်လို့ သိရပါတယ်။ အဲဒီအသက်အရွယ်ဟာ စိုးရိမ်ပူပန်မှုအများဆုံးအရွယ်လည်း ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီအသက်အပိုင်းအခြားမှာ ပျော်ရွှင်မှုတွေဆုတ်ယုတ်ပြီး ကျန်းမာမှုသိပ်မရှိရတဲ့အကြောင်းရင်းတစ်ခုကတော့ သားသမီးတွေအတွက်ပူပန်ရတဲ့စိတ်သောကနဲ့ တစ်ချိန်တည်းမှာ အိုမင်းမစွမ်းတော့တဲ့ မိဘတွေကိုပါ စောင့်ရှောက်ရတဲ့ တာဝန်ဖိစီးမှုကြောင့်လို့ သုတေသီများကပြောပါတယ်။

လုပ်ငန်းတာဝန်တစ်ဖက် မိသားစုတာဝန်ကို ဟန်ချက်ညီအောင် ရုန်းကန်လှုပ်ရှားရခြင်းကလည်း အကြောင်းရင်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။

ငယ်ရွယ်နုပျိုတဲ့သူတွေနဲ့ အလုပ်က အငြိမ်းစားယူထားတဲ့သူတွေမှာ သူတို့ရဲ့ကျန်းမာမှုကို မြှင့်တင်နိုင်မယ့် လှုပ်ရှားမှုတွေပြုလုပ်ဖို့ အချိန်များများရကြတာကြောင့် ပိုပြီးပျော်ရွှင်မှုရကြတာဖြစ်ပါတယ်။ ဒါပေမယ့် အသက် ၈၀ ကျော်သွားချိန်မှာ ကျန်းမာပျော်ရွှင်မှုတွေပြန်လည်လျော့ကျသွားပြီး ဒီလိုဖြစ်ရတာဟာ ကျန်းမာရေးချို့တဲ့မှု၊ သီးခြားနေထိုင်မှုနဲ့ အထီးကျန်ဆန်မှုစတဲ့ ပုဂ္ဂိုလ်ရေး

- ⁂ လုပ်ငန်းခွင်ဝင်သူတွေဟာ အလုပ်လက်မဲ့များထက် ပိုမိုပျော်ရွှင်ပြီး အချိန်ပိုင်းအလုပ်သမားတွေကတော့ အပျော်ရွှင်ဆုံးလူတွေဖြစ်ပါတယ်။ ပညာသင်ကျောင်းသားအရွယ်ပြီးရင် အလုပ်မှ အနားယူလိုက်တဲ့ သူများဟာ အပျော်ရွှင်ဆုံးဖြစ်ပါတယ်။
- ⁂ ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုရှိတဲ့သူတွေဟာ ပိုမိုစိတ်ချမ်းသာမှုရကြပြီး ကိုးကွယ်ယုံကြည်မှုမရှိသူတွေဟာ စိတ်ချမ်းသာပျော်ရွှင်မှုအနည်းဆုံးသူတွေဖြစ်ပါတယ်။
- ⁂ အမျိုးသမီးများဟာ ပျမ်းမျှအားဖြင့် အမျိုးသားများထက် စိတ်ပူပန်သောက ပိုများသော်လည်း ကျန်းမာပျော်ရွှင်မှုနဲ့ နေပျော်တဲ့ဘဝကို အမျိုးသားများထက် ပိုမိုရရှိတယ်လို့ ဆိုပါတယ်။
- ⁂ မျိုးနွယ်စုများအနက် အာရပ်လူမျိုးတွေဟာ စိတ်ဆင်းရဲပူပန်မှုအများဆုံးလူမျိုးတွေဖြစ်ပြီး တရုတ်လူမျိုးများဟာ အပျော်ရွှင်ဆုံးလူမျိုးများဖြစ်ကြပါတယ်။

**စစ်ဆေးလေ့လာမှုအရ လူ ၁၀ ဦးကို ရွေးထုတ်ပြီး သူတို့ရဲ့ စိတ်အခြေအနေနဲ့ဘဝအပေါ် ကျေနပ်မှု ရှိ မရှိ မေးခွန်းတွေ မေးတဲ့အခါ အသက်အရွယ်၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ အိမ်ထောင် ရှိ မရှိ၊ အလုပ်အကိုင်အခြေအနေနဲ့ နေထိုင်ရာနေရာ ကိုလိုက်ပြီး ရလဒ်တွေလည်း ကွဲပြားခြားနားတာကို တွေ့ရ**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

နိုင်ငံတကာရေးရာဆောင်းပါး

# အီရန်နိုင်ငံ၏ စီးပွားရေးလမ်းပွင့်မှုမှတစ်ဆင့် ကမ္ဘာ့စီးပွားရေး ဘာတွေဖြစ်လာမလဲ

ခြူးစန္ဒီနွေး

*နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် အီရန်နိုင်ငံသည် နျူကလီးယားသဘောတူစာချုပ်တွင် ပါဝင်သည့် လုပ်ဆောင်ရမည့်အဆင့်များကို လုပ်ဆောင်ပြီးစီးကြောင်း အသိအမှတ်ပြုခဲ့ပြီးနောက် အီရန်နိုင်ငံသည် နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့ခံရမှုနှင့် သံတမန် ဆက်ဆံရေးအရ အထီးကျန်နိုင်ငံအဖြစ်မှ လွတ်မြောက်ခဲ့သည်။ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပြီးနောက် အီရန်နိုင်ငံ၏စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ အီရန်စီးပွားရေးလမ်းပွင့်မှုမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးတွင် မည်သို့သောအပြောင်းအလဲတွေ ဖြစ်ပေါ်လာစေမှာလဲ။*



**အီရန်နိုင်ငံ၏ ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးအသိုက်အဝန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် နိုင်ငံအတွင်း သဘောထားမတင်းမာသူ၊ ပြုပြင်ပြောင်းလဲလိုသူများကို အားတက်စေသည်။ အီရန်သမ္မတက အီရန်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးခြင်းဖြင့် အကြမ်းဖက်မှုကို တိုက်ဖျက်ရာရောက်သည်ဟု ပြောကြားခဲ့**

အီရန်နိုင်ငံ၏ လူဦးရေသည် အကြမ်းဖျင်းအားဖြင့် ၇၈ သန်းရှိပြီး တစ်နှစ်အတွင်းနိုင်ငံ၏ စုစုပေါင်းထွက်ကုန်ပမာဏမှာ ပိုလန်နိုင်ငံနီးပါးရှိသည်။ ကြီးမားသည့် ဈေးကွက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများစွာလည်း လုပ်ကိုင်နိုင်သည့် နိုင်ငံလည်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ လုပ်ကိုင်နိုင်သည့် နေရာကောင်းတစ်ခုဖြစ်သည်။ ဤအကြောင်းအရာများသည် အီရန်နိုင်ငံသို့ လာရောက်ခဲ့ဖူးကြသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လက်မလွှတ်နိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံသည်ပင်လျှင် အီရန်နိုင်ငံနှင့် စီးပွားရေးအတူတကွလုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။

စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့မှုအပြီး အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဥရောပသို့ သွားရောက်ခဲ့သည်။ ယင်းခရီးစဉ်အတွင်း အီရန်သမ္မတသည် အီတလီနှင့် ပြင်သစ်နိုင်ငံမှခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုပ်ရဟန်းမင်းကြီးတို့နှင့် တွေ့ဆုံခဲ့သည်။ အီရန်သမ္မတနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဌာနများမှ ဝန်ကြီးများ အပါအဝင်အဖွဲ့ဝင် ၁၂၀ ပါဝင်သော ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့သည်။ အီရန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ သွားရောက်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

ပြင်သစ်နိုင်ငံရှိ ကားထုတ်လုပ်ရေးကုမ္ပဏီများအတွက် အီရန်နိုင်ငံ၌ အကြီးမားဆုံးသော ကားဈေးကွက်ရှိသည့်အတွက် အီရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ပြင်သစ်နိုင်ငံက လိုလားသည်။ ပြင်သစ်နိုင်ငံမှ Renault ကားထုတ်လုပ်ရေးကုမ္ပဏီသည် အတိတ်ကာလက အီရန်နိုင်ငံ၌ ကားများထုတ်လုပ်ခဲ့သည်။ သို့သော် အမေရိကန်ဦးဆောင်သည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကြောင့် ရပ်ဆိုင်းခဲ့ရသည်။ ယခုအခါ ယင်းကုမ္ပဏီသည် အီရန်နိုင်ငံနှင့်အတူ ပူးပေါင်းကာ ကားထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ Renault မှ အမှုဆောင်အရာရှိချုပ် Carlos Ghosm က အီရန်နိုင်ငံသည် နှစ်စဉ်မော်တော်ကား ၇၀၀၀၀၀ မှ ၈၀၀၀၀၀ ထိ ထုတ်လုပ်နိုင်သည့် ကားဈေးကွက်ရှိကြောင်း၊ ယင်းပမာဏသည် လာမည့်နှစ်တွင် ၁ ဒသမ ၅ သန်းထိ တိုးမြှင့်ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အခြား ပြင်သစ်ကားကုမ္ပဏီတစ်ခုဖြစ်သည့် Peugeot သည် အီရန်စီးပွားရေး ပိတ်ဆို့မှုမခံရမီက အီရန်သို့ နှစ်စဉ်ကားအစီးရေ ၄၀၀၀၀၀ ရောင်းချနိုင်ခဲ့သည်။ အီရန်မှ Khodro သည် ပြင်သစ်ကားကုမ္ပဏီ Peugeot နှင့် ယူရိုသန်း ၅၀၀ တန်ကြေးရှိ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း 2008 cross-over, 208 supermini နှင့် 301 compact ကားများကို Peugeot နှင့် ဖက်စပ်လုပ်ကိုင်၍ အီရန်နိုင်ငံအတွင်း၌ပင် ထုတ်လုပ်မည်ဖြစ်သည်ဟု အစိုးရပိုင်းမှ တာဝန်ရှိသူများက ပြောသည်။

အခြားသော ပြင်သစ်ကုမ္ပဏီများဖြစ်သည့် လျှပ်စစ်ထုတ်လုပ်ရေး၊ ရထားပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းစုများကလည်း အီရန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားကြသည်။ အီရန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခြင်းသည် စွန့်စားရာရောက်သော်လည်း ရေရှည်၌ စီးပွားရေးအရ အကျိုးအမြတ်များစွာ ရရှိနိုင်သည်ဟု Royal United Service Institute မှ သုတေသီတစ်ဦးဖြစ်သူ တင်မိုသီစတက်ဖိုဒ်က ပြောသည်။

ဥရောပတိုက်ရှိ အဲဘတ်စ်ကုမ္ပဏီမှ ၁၀ ဘီလီယံတန်ဖိုးရှိ ခရီးသည်တင် လေယာဉ်အစင်း ၁၀၀ ကျော် လွှဲပြောင်းပေးအပ်မည်ဟု ဇန်နဝါရီ ၂၈ ရက်တွင် အီရန်နိုင်ငံပိုင် ရုပ်သံလွှင့်ဌာနက သတင်းထုတ်လွှင့်ခဲ့သည်။ လေယာဉ်များကို လေးနှစ်အတွင်း အီရန်နိုင်ငံသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း လေယာဉ်တန်ဖိုးငွေကို အီရန်ဘက်မှ ၁၀ နှစ်အတွင်း ပေးချေသွားရမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဌာနက ပြောသည်။ စီးပွားရေးပိတ်ဆို့ခံထားရသည့်ကာလအတွင်း အီရန်နိုင်ငံ၏ ယာဉ်များမှ အိုမင်းဟောင်းနွမ်းနေပြီး ခရီးသည်များအတွက် ဘေးကင်းလုံခြုံစိတ်ချရမှုမရှိပေ။

အီရန်နိုင်ငံသည် နိုင်ငံတကာ ကုန်စည်စီးဆင်းမှုအတွက် အဓိကဈေးကွက်တစ်ခုဖြစ်ပြီး အကျိုးဖြစ်ထွန်းမှုများစွာ ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည့် နေရာကောင်းတစ်ခုလည်း ဖြစ်သည်။ သို့သော် အဓိကအလေးထားစဉ်းစားရမည့်ကိစ္စမှာ "စွမ်းအင်" ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုကျဆင်းခြင်းနှင့် ဘရာဇီးနိုင်ငံ၏ စီးပွားရေးကျဆင်းမှုတို့ကြောင့် လာမည့်နှစ်တွင် ရေနံအနည်းငယ်သာ သုံးစွဲတော့မည်ဖြစ်သည်။ ကမ္ဘာ့နေရာအတော်များများတွင် ရေနံကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အသုံးပြုသည်။ လျှပ်စစ်စွမ်းအားထုတ်လုပ်ရန်လည်း အနည်းငယ် အသုံးပြုသည်။ ကုန်စည်သယ်ယူပို့ဆောင်မှုလုပ်ငန်းများလျော့ကျလာခြင်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလျော့ကျလာခြင်းသည် ရေနံဝယ်လိုအားကို လျော့ကျစေသည်။

စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပြီးသည့်နောက် အီရန်နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ထောင်ပေါင်းများစွာကို ဈေးကွက်အတွင်းသို့ တင်ပို့တော့မည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ရေနံဈေးသည် ဆယ်စုနှစ်တစ်ခုအတွင်း တစ်ခါမျှမကြုံဖူးသည့် ဈေးသို့လျော့ကျသွားနိုင်သည်။ အီရန်က ရေနံများ အလျှံအပယ် ထုတ်လုပ်ခြင်းသည် ဆော်ဒီအာရေဗျနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

ရေနံဈေးကျဆင်းခြင်းသည် Exxon Mobile ကဲ့သို့ကြီးမားသည့် ကားကုမ္ပဏီကြီးများအတွက် ထိခိုက်စေသော်လည်း ရေနံသုံးစွဲမှုနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုများသည့် နိုင်ငံများအတွက်မူ သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။ အီရန်သည် အဓိကရေနံတင်ပို့သည့်နိုင်ငံဖြစ်လာခြင်းဖြင့် ဂျပန်၊ တောင်ကိုရီးယား၊ တူရကီ၊ အီဂျစ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ အမေရိကန်နိုင်ငံအတွက်မူ လေကြောင်းလိုင်းများတွင် အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများသည် သယ်ယူစရိတ်နည်းပါးသောကြောင့် အမြတ်များစွာရရှိမည်ဖြစ်သည်။ သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်သူများကမူ ဓာတ်ဆီဈေးကျဆင်းမှုကြောင့် အမေရိကန်ရှိ လျှပ်စစ်ကားဈေးကွက် အထိနာမည်ကို ပူပန်ကြသည်။

အီရန်နိုင်ငံသည် ရေနံစည်ပေါင်းများစွာ ဈေးကွက်သို့ တင်ပို့နိုင်ရုံသာမက သဘာဝဓာတ်ငွေ့ အမြောက်အမြားလည်း ထုတ်လုပ်နိုင်သည်။ ယခင်က Shell နှင့် Total SA ကဲ့သို့သော ကုမ္ပဏီများက အမေရိကန်နှင့် ကုလသမဂ္ဂပိတ်ဆို့မှုကို ကြောက်ရွံ့သောကြောင့် အီရန်နိုင်ငံအတွင်း ဖြတ်သန်းသွားသည့် ပိုက်လိုင်းများမှတစ်ဆင့် မသွယ်ယူဘဲ ကွန်တိန်နာတင်သင်္ဘောများဖြင့် သယ်ယူခဲ့ရသည်။ ယခုမူ ယင်းကုမ္ပဏီများအတွက် လမ်းပွင့်သွားပြီဖြစ်သောကြောင့် သဘာဝဓာတ်ငွေ့ အမြောက်အမြားဈေးကွက်အတွင်းသို့ ရောက်ရှိတော့မည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့ ဈေးနှုန်းကျဆင်းခြင်းသည် ကာတာ၊ ကနေဒါနှင့် ရုရှားနိုင်ငံများကဲ့သို့သော အဓိကပြိုင်ဘက်များကို အထိနာစေပြီး ဂျာမနီနှင့် တူရကီတို့အတွက်မူ အကျိုးအမြတ်ခံစားရမည်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသို့ အီရန်ပြန်လည်ဝင်ရောက်လာခြင်းနှင့် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားနိုင်ခြင်းတို့ကြောင့် အီရန်နိုင်ငံ၏ စီးပွားရေးသည် နိုင်ငံအတွင်းမှ အားကောင်းလာနိုင်သည်။ မကြာသေးမီကာလက အီရန်သမ္မတသည် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ အီတလီနှင့် ပြင်သစ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည်။ အီရန်သမ္မတ၏ အီတလီခရီးစဉ်အတွင်း ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်ကြေးရှိသည့် စီးပွားရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်ဟု အစိုးရသတင်းအရင်းအမြစ်တစ်ခုက ပြောခဲ့သည်။ အီတလီရှိ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ လုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုသည့် သံမဏိလုပ်ငန်းအစရှိသည့် စီးပွားရေးလုပ်ငန်းတို့တွင် ယူရို ၁၇ ဘီလီယံတန်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု အစိုးရသတင်းအရင်းအမြစ်တစ်ခုက ဖော်ပြခဲ့သည်။

ထို့ပြင် ပြင်သစ်နိုင်ငံသို့သွားရောက်သည့် ခရီးစဉ်၌လည်း ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အီရန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ခဲ့သည်။ ဇန်နဝါရီ ၂၈ ရက်တွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်များကို ချုပ်ဆိုခဲ့သည်။

အီရန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ရှင်သန်လာခြင်းကို အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံများက ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်ကြသည်။ ယင်းနှစ်နိုင်ငံလုံးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အီရန်နိုင်ငံတို့ချုပ်ဆိုသည့် သဘောတူစာချုပ်ကို မနှစ်မြို့ကြပေ။ အီရန်နိုင်ငံ၏ နျူကလီးယားထုတ်လုပ်မှုကို ပိုမိုအားကောင်းလာစေသည်ဟု ယုံကြည်ကြသည်။

ထို့ပြင် စီးပွားရေးခိုင်မာလာခြင်းဖြင့် အီရန်မှ ရှီးယိုက်ဘာသာရေးခေါင်းဆောင်များ၏ အာဏာ ပိုမိုတည်မြဲစေပြီး ဒေသတွင်းပဋိပက္ခများကို ပိုမိုဖန်တီးပေးရာရောက်သည်ဟု ဝေဖန်ကြသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်နှင့် သံတမန်ဆက်သွယ်ရေးဖြတ်တောက်ခဲ့ပြီး ၎င်း၏မဟာမိတ်နိုင်ငံများဖြစ်သည့် ဆူဒန်နှင့် ဘာရိန်းနိုင်ငံတို့ကိုလည်း အလားတူပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

သို့သော် ဤကဲ့သို့ သံတမန်ဖြတ်တောက်မှုမျိုးသည် အီရန်နိုင်ငံအပေါ် မည်သည့်အကျိုးသက်ရောက်မှုမျှ ထူးခြားမှုမဖြစ်ခဲ့ပေ။ အီရန်နိုင်ငံ၏ ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးအသိုက်အဝန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် နိုင်ငံအတွင်း သဘောထားမတင်းမာသူ၊ ပြုပြင်ပြောင်းလဲလိုသူများကို အားတက်စေသည်။ အီရန်သမ္မတက အီရန်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးခြင်းဖြင့် အကြမ်းဖက်မှုကို တိုက်ဖျက်ရာရောက်သည်ဟု ပြောကြားခဲ့ရာ ၎င်း၏စကား မည်မျှမှန်ကန်သည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။



# ဂုဏ်မြောက်သောအရေးအသား(၃)

မောင်ခင်မင်(ဓနုဖြူ)

"နောက်ဂုဏ်တစ်မျိုးဆက်ရအောင်"

"မဓုရတာဂုဏ်ပါ ဦးလေး"

"အဲဒီဂုဏ်က အသံချိုတဲ့ဂုဏ်ပေါ့။ စာတွေ ပေတွေရေးဖွဲ့ရာမှာ အသံချိုအောင်ရေးဖွဲ့ရင် နားထောင်ရတာ နားဝင်ချိုတယ်မဟုတ်လား။ ဒီတော့ နားဝင်ချိုတဲ့ဂုဏ်လို့လည်း ခေါ်နိုင်တာပေါ့ကွယ်"

"ကဗျာတွေမှာ အသံတူတွေထပ်ထပ်ပြီးဖွဲ့ရင် မဓုရတာဂုဏ် မြောက်တယ်လို့ ကျောင်းမှာတုန်းက သင်ရတာမှတ်မိနေပါတယ် ဦးလေး"

"ဒါဆိုရင် အဲဒီဂုဏ်မြောက်တဲ့ နမူနာကလေးတစ်ခုလောက်မှတ်မိမှာပေါ့"

"ဟုတ်ကဲ့။ မဲဇာတောင်ခြေရတုထဲက 'သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း' ဆိုတဲ့အဖွဲ့မှာ 'သည်'တွေ ထပ်ကာထပ်ကာ သုံးထားလို့အသံချိုတဲ့အတွက် မဓုရတာ ဂုဏ်မြောက်တယ်လို့ သင်ဖူးပါတယ်ဦးလေး"

"ဟုတ်ပါပြီ။ အသံချိုတာ နားဝင်ချိုတာဟာလည်း စာကောင်းပေကောင်းတွေရဲ့ ဂုဏ်တစ်ခုလို့ဆိုရမှာပေါ့။ ဝဇီရဗုဒ္ဓိဆရာကြီး ဦးဖိုးစိန်ကတော့ နဘေထပ်ဂုဏ်နဲ့ အက္ခရာထပ်ဂုဏ်ဆိုပြီး နှစ်မျိုးခွဲပြတယ်"

"ရှင်းပြပါ ဦးလေးရယ်"

"နဘေထပ်တယ်ဆိုတာ သိတယ်မဟုတ်လား။ ကဗျာမှာ ကာရန်တစ်ခုတည်း အသံထပ်တာမဟုတ်ဘဲ ကာရန်တွေအတွဲလိုက် အစုလိုက်အသံတူထပ်တာမျိုးလေ။ ဟိုတစ်ခါ ဦးလေးပြောဖူးပါတယ်။ ဦးကြော့ရဲ့ ကဗျာမှာ 'သုတ်လေနှော၊ ဘုတ်တွေရော၊ အုတ်ရွှေသြ' ဆိုပြီး အတွဲလိုက် အသံတူထပ်တာမျိုးပေါ့။ အဲဒီလို အသံတူတွေတွဲပြီး ထပ်ထားတော့ နားဝင်ချိုတာပေါ့ကွယ်။ ဆရာကြီးဦးဖိုးစိန်ပြထားတဲ့ သာဓကတစ်ခုဖတ်ပြမယ်။ 'ချုန်းဂိုက်ချုန်းဂိုက်၊ ဘုန်းမကိုဠ်ှဟု၊ သုံးတိုက်သျှောင်ဆင့်၊ အခေါင်တင့်၍၊ နောင်ပွင့်စာဟိတ်၊ သမ္ဘာညိတ်လျက်' တဲ့"

"အသံတူတွေ အများကြီးပဲနော် ဦးလေး"

"ဟုတ်တယ်။ 'ချုန်းဂိုက်ရယ်၊ ဘုန်းမကိုဠ်ှရယ်၊ သုံးတိုက်ရယ် နဘေထပ်ထားတယ်၊ ပြီးတော့ သျှောင်ဆင့်ရယ်၊ အခေါင်တင့်ရယ်၊ နောင်ပွင့်ရယ်လည်း နဘေထပ်ထားတယ်။ စာဟိတ်နဲ့သမ္ဘာညိတ်လည်း အဲဒီလိုပဲလေ"

"ဟုတ်ကဲ့ပါ"

"အလင်္ကာကျမ်းမှာ အသံအတိုအရှည်စသည်ဖြင့် အသံအနေအထားတူအောင်ဖွဲ့ရင် ပဒါသတ္တိမဓုရတာဂုဏ် မြောက်တယ်လို့ဆိုတယ်။ မြန်မာကဗျာတွေမှာ ကာရန်ညီအောင်ဖွဲ့တာမို့ ကာရန်ဆိုတဲ့ သရသံချင်း အမြဲတမ်းတူနေတာမဟုတ်လား။ ဒီတော့ ကာရန်ညီတဲ့အဖွဲ့တိုင်း ပဒါသတ္တိမဓုရတာဂုဏ်မြောက်တာပေါ့ကွယ်။ ဆရာကြီး ဦးဖိုးစိန်ပြောသလို နဘေထပ်အဖွဲ့တွေပါရင်တော့ ပိုပြီး အသံချိုတာမို့ အထူးပြောစရာမလိုတော့ဘူးပေါ့။ နဘေထပ်ဂုဏ်မြောက်တဲ့အဖွဲ့လို့ သိနိုင်တာပေါ့"

"ခုန ဦးလေးပြောတာ အက္ခရာထပ်ဂုဏ်လည်း ရှိတယ်ဆို"

"ဟုတ်တယ်လေ။ အက္ခရာတူတွေထပ်ရေးတာလည်း မဓုရတာဂုဏ်ပါပဲ။ အလင်္ကာကျမ်းမှာတော့ အနုပ္ပာသ မဓုရတာဂုဏ်လို့ခေါ်တယ်။ မင်းပြောတဲ့ 'သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း' ဆိုတာမျိုး 'သည်' တွေထပ်ထပ်ဖွဲ့တာမျိုးပေါ့။ ရွှင်ရွှင်ပျပျ၊ ကကသီသီ၊ ချီချီကျူးကျူး၊ ထူးထူးဆန်းဆန်း၊ ရွှန်းရွှန်းဖြိုးဖြိုး' ဆိုတာမျိုး အက္ခရာတူနှစ်လုံးစီထပ်ထားတာမျိုးက နမူနာတစ်ခုပေါ့ကွယ်။ အက္ခရာတူတွေ နီးနီးကပ်ကပ်ဖွဲ့ထားရင် အက္ခရာထပ်ဂုဏ်ပဲပေါ့"

"ဟုတ်ကဲ့ပါ"

"ပြောဦးမယ်။ ခုပြောတဲ့ နဘေထပ်ဂုဏ်တို့ အက္ခရာထပ်ဂုဏ်တို့က အလွယ်တကူမြင်နိုင်တဲ့အဖွဲ့တွေမဟုတ်လား။ အသံအနေအထား တူတယ်ဆိုတာက ရုတ်တရက်မမြင်သာဘူးကွဲ့။ တော်တော်သိမ်မွေ့တယ်။ ဆိုပါစို့။ က၊ ခ၊ ဂ၊ ဃ၊ င ဆိုတဲ့ အက္ခရာငါးလုံးဟာ လည်ချောင်းထဲကချည်း အသံထွက်တာမို့ အသံထွက်တဲ့နေရာချင်းတူတယ်။ ဗျည်း ၃၃ လုံးမှာ ငါးလုံးစီစုထားတဲ့ ရှေ့ ၂၅ လုံးကို 'ဝဂ်' လို့ခေါ်တယ်။ အဲဒီလို ဝဂ်တူတဲ့ အက္ခရာတွေဟာ အသံထွက်တဲ့နေရာချင်းလည်းတူလို့ ဌာန်တူတယ်လို့လည်းခေါ်တယ်။ အဲဒီ ဌာန်တူတဲ့အက္ခရာချင်း နီးနီးကပ်ကပ်ဖွဲ့ရင်လည်း မဓုရတာဂုဏ်မြောက်တာပဲလေ။ ပဒါသတ္တိမဓုရတာဂုဏ်ပေါ့"

"ဟုတ်ကဲ့၊ ဘယ်လိုကဗျာမျိုးလဲလို့ ရှင်းပြပါ ဦးလေး"

"တို့ ရထားတဲ့ကဗျာကလေးတစ်ပုဒ်ရှိတယ်လေ။ 'ချိုးနှစ်ကောင်'က စတာ။ မင်းရတယ်မဟုတ်လား။ ဆိုပြစမ်းပါ"

"ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင်က၊ လွမ်းအောင်ကူချွဲ၊
ပန်းတော်ဖြူ ပင်မြက်နေဇာထူလှတယ်၊ ဖိုးတောင်သူတဲ"

"အဲဒီကဗျာကလေးကို ဆိုရတာ နားဝင်မချိုဘူးလားကွယ်"

"ချိုပါတယ် ဦးလေး"

"ကဲ. . သေသေချာချာကြည့်စမ်း။ အဲဒီကဗျာကလေးမှာ ဌာန်တူအက္ခရာတွေ နီးနီးကပ်ကပ်ဖွဲ့ထားတာတွေ့မယ်။ ကဲ. . မင်းကို မေးမယ်။ က၊ ခ၊ ဂ၊ ဃ၊ င ဆိုတဲ့ ကဝဂ်အက္ခရာတွေထဲက ဘာတွေတွေ့သလဲကွာ"

"ဟုတ်ကဲ့။ 'ချိုး' 'ကောင်' 'က' 'ကူ' 'ချွဲ' ဆိုတဲ့ အသံတွေပါ ဦးလေး"

"ဟုတ်ပြီ။ တ၊ ထ၊ ဒ၊ ဓ၊ န ဆိုတဲ့ တဝဂ်ထဲကရောကွယ်"

"ဟုတ်ကဲ့။ 'ထ' 'နောင်း' 'နောင်' 'ပြီးတော့ 'နေ၊ ထူ၊ တယ်၊ တောင် 'တဲ' ဆိုတဲ့အသံတွေပါဦးလေး"

"အင်း၊ ချိုးနှစ်ကောင်ထဲက 'နှစ်' လည်း ပါတာပေါ့။ ကဲ. . . နောက်ရော ဘယ်ဝဂ်ထဲကပါသေးသလဲ။

"အင်း. . . ဟာ၊ ကျွန်တော်တွေ့ပြီ ပ၊ ဖ၊ ဗ၊ ဘ၊ မ ဆိုတဲ့ ပဝဂ်ထဲကလည်း ပါတယ်ဦးလေး"

"ဘာတွေပါလိမ့်"

"ပင်၊ ပန်း၊ ဖြူ ပင်၊ မြက်၊ ဖိုး၊ ဆိုတဲ့အသံတွေပါဦးလေး"

"ကဲ. . . ဒီတော့ ဒီကဗျာကလေးမှာ ပါတဲ့အသံတွေကိုကြည့်ရင် က-ဝဂ်ရယ်၊ တ-ဝဂ်ရယ်၊ ပ-ဝဂ်ရယ် အဲဒီအစုသုံးစုကအသံတွေနီးနီးကပ်ကပ်ဖွဲ့ထားတယ်ဆိုတာ တွေ့တယ်မဟုတ်လား။ အဲဒီမှာ မပြောဘဲကျန်တဲ့အသံဆိုရင် 'ညီ' ရယ်၊ 'လွမ်း' ရယ် 'ဇာ' ရယ် 'လှ' ရယ် 'သူ'ရယ်ပဲ ကျန်တယ်မဟုတ်လား။ မင်းရှုပ်သွားမှာစိုးလို့ တစ်ခါတည်းထည့်မပြောတာ။ အဲဒီအထဲက ဇ နဲ့ ည က လည်း စ၊ ဆ၊ ဇ၊ စျ၊ ညဆိုတဲ့ စ ဝဂ်ထဲက ဌာန်တူအသံတွေပဲ။ 'လ' နဲ့ 'သ' က လည်း တ၊ ထ၊ ဒ၊ ဓ၊ န နဲ့ ဌာန်တူတယ်လို့ဆိုထားတယ်။ ဒီတော့ဌာန်တူအသံတွေ အပြန်အလှန်ဖွဲ့ယှက်နေတဲ့အတွက် ဒီကဗျာကလေးဟာ အင်မတန်အသံချိုတာပေါ့ကွယ်။ ဌာန်တူတွေက နဘေထပ်တို့ အက္ခရာထပ်တို့လို အလွယ်တကူ မမြင်သာဘူးလေ။ ခုလိုစနစ်တကျ ခွဲခြမ်းစိတ်ဖြာကြည့်မှ မြင်သာတာကိုး"

"ဟုတ်ကဲ့ပါ"

"ဒီနေရာမှာ ဦးလေးတစ်ခုပြောချင်တယ်။ တချို့က အဲဒီလိုခွဲခြမ်းစိတ်ဖြာကြည့်တဲ့လေ့လာပုံမျိုးကို အပြစ်ဆိုချင်တတ်ကြတယ်။ အသေးစိတ်ခွဲကြည့်ရင် စာရဲ့အလှပျက်တယ်ဘာတယ်ပေါ့။ သူတို့ပေးတဲ့ ဥပမာတစ်ခုရှိတယ်။ အင်မတန်လှပတဲ့မိန်းကလေးတစ်ယောက်ကို ၃၂ ကောဋ္ဌာသခွဲကြည့်ရင် မျက်လုံးတခြား၊ ပါးစပ်တခြား၊ ခြေတခြား၊ လက်တခြား၊ သွေးရဲရဲ သံရဲရဲ ဖြစ်သွားမှာပေါ့လို့ ပြောတတ်ကြတယ်"

"အိုး. . . အဲဒီလို ပြောသလား ဦးလေး"

"ဟုတ်တယ်။ ခွဲခြမ်းစိတ်ဖြာကြည့်တာကို မကြိုက်တဲ့သူတွေက ပြောကြတာပါ။ ကဲ. . . မင်းစဉ်းစားကြည့်လေ။ အဲဒီ 'ချိုးနှစ်ကောင်' ကဗျာကလေးဟာ ဘာကြောင့် အသံချိုသာရတာလဲဆိုတာ အဲဒီလိုအသေးစိတ်ခွဲမကြည့်ဘဲ ဘယ်မြင်နိုင်ပါ့မလဲ။ ခွဲကြည့်လို့သာ ဌာန်တူ၊ ဝဂ်တူတွေ နီးနီးကပ်ကပ်ဖွဲ့တာကို မြင်နိုင်တာပေါ့။ ပြီးတော့ ခွဲကြည့်ရုံကြည့်ပြီး ခေါင်းတခြား၊ ကိုယ်တခြား ထားခဲ့တာမှ မဟုတ်တာ။ အဲဒီအသံတွေ အပြန်အလှန်ပေါင်းစပ်ဖွဲ့ယှက်နေတာကို ပြန်ပြီးဆက်စပ်ကြည့်ရတာလေ"

"ဟုတ်ကဲ့ပါ"

"ပညာရပ်သဘောနဲ့ပြောရရင် ခွဲခြမ်းစိတ်ဖြာမှု (analysis) ရော၊ ဆက်စပ်ပေါင်းစည်းမှု (synthesis) ရောပါတယ်ကွဲ့"

"ဟုတ်ကဲ့ပါ၊ မှတ်သားထားပါ့မယ် ဦးလေး"

"ဦးလေးထင်တယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာမကြည့်ဘဲနဲ့တော့ အဲဒီကဗျာရဲ့ ဂုဏ်ကို ထိုးထွင်းမြင်နိုင်မှာ မဟုတ်ဘူး။ အပေါ်ယံရှုပ်ကြည့်ပြီး သိပ်ကောင်းတာပဲလို့ ဖြီးတဲ့ဖြန်းတဲ့အဆင့်ပဲရှိမှာပဲ။ ကဗျာရဲ့ အလှကိုမြင်မှာမဟုတ်ဘူးလေ။ ဥပမာပေးရရင် ဒူးရင်းသီးကို ခွဲခြမ်းစိတ်ဖြာကြည့်ပြီး စားမှအရသာ ပေါ်မှာလေ။ မခွဲဘဲစားရင်တော့ ဆူးတွေပဲစားမိမှာပေါ့ကွာ"

"ဟာ. . . ဟုတ်တယ်နော် ဦးလေး"

"ဒါက ကြုံလို့ပြောတာပါ။ အဲဒီ မဓုရတာဂုဏ်ကိုသာဓကပြရင် ကဗျာတွေထဲကပဲ ပြတာများတယ်။ တကယ်တော့ အရေးကောင်းတဲ့စကားပြေတွေမှာလည်း အဲဒီဂုဏ်ရှိတာပါပဲကွယ်"

"ဟုတ်ကဲ့ပါ"

"ပုဂံခေတ်က ကျစွာမင်းရဲ့ မိထွေးတော်ရေးထိုးတဲ့ ကျောက်စာမှာ မင်းကြီးက သူ့မိထွေးတော်ကို ချီးမြှင့်တဲ့ စည်းစိမ်တွေ ခံစားပုံကို ရေးထားတဲ့ ဝါကျကလေး သုံးခုပါတယ်ကွဲ့"

"ပြောပြပါ ဦးလေး"

" 'အိမ်လည်းငါနေ၏၊ ကျွန်လည်းငါစေ၏၊ လယ်လည်းငါစား၏'တဲ့"

"ရေးပုံ လှတယ်နော်"

"ပုံစံတူဝါကျသုံးခုထပ်ပြီး စကားလုံးတူတွေပါထပ်ထားတာ ဘယ်လောက်အသံချို သလဲ။ ဒါလည်း မဓုရတာဂုဏ်မြောက်တာပေါ့ကွာ"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ဒီဘက်ခေတ်မှာ ဆရာဇော်ဂျီက 'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်' ဆိုပြီး ပုဂံအကြောင်းရေးရာမှာ 'ကြည်ညိုစရာကိုဖူး၍ ကြည်နူးစရာကိုတွေ့ရသည်မှာ ဖူး၍ တွေ့၍ပင်ကုန်နိုင်ပါတော့မည်လားဟု ထင်မိပါသည်'လို့ ရေးထားတာကိုကြည့်ရင် 'ကြည်ညို' 'ကြည်နူး' 'ဖူး' 'တွေ့' ဆိုတဲ့ စကားတွေထပ်ထားတာ ဘယ်လောက်နားဝင်ချိုပြီး ပြေပြစ်တယ်ဆိုတာ တွေ့မှာပါ။ မဓုရတာဂုဏ်မြောက်တဲ့အဖွဲ့ကောင်းပေါ့ကွယ်။ ကဲ. . . နားကြဦးစို့"

**နဘေထပ်တယ်ဆိုတာ သိတယ်မဟုတ်လား။ ကဗျာမှာ ကာရန်တစ်ခုတည်း အသံထပ်တာမဟုတ်ဘဲ ကာရန်တွေအတွဲလိုက် အစုလိုက် အသံတူထပ်တာမျိုးလေ။ ဟိုတစ်ခါ ဦးလေးပြောဖူးပါတယ်။ ဦးကြော့ရဲ့ ကဗျာမှာ 'သုတ်လေနှော၊ ဘုတ်တွေရော၊ အုတ်ရွှေသြ' ဆိုပြီး အတွဲလိုက် အသံတူထပ်တာမျိုးပေါ့။ အဲဒီလို အသံတူတွေတွဲပြီး ထပ်ထားတော့ နားဝင်ချိုတာပေါ့ကွယ်။**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲကျင်းပ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ယနေ့ကျရောက်သည့် (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ဘိုးလင်းပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သုဝဏ္ဏရှိ ဘိုးလင်းအားကစားရုံ၌ ကျင်းပသည်။

"ကျွန်တော်တို့ ဘိုးလင်းအဖွဲ့ချုပ်အနေနဲ့ အခုလိုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ဘိုးလင်းအားကစားသမား မျိုးဆက်သစ်ပေါ်ထွန်းစေဖို့နဲ့ လက်ရှိနိုင်ငံကိုယ်စားပြုလက်ရွေးစင်တွေအနေနဲ့ မျိုးဆက်သစ်တွေဖြစ်တဲ့ အား/ကာသိပ္ပံမှ မျိုးဆက်သစ်တွေနဲ့ တခြားဝါသနာရှင် အားကစားသမား မျိုးဆက်သစ်တွေကို လက်ရည်တိုးတက်မြင့်မားအောင် တွဲခေါ်နိုင်စေဖို့ အခုလိုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ ဦးမျိုးအောင်က ပြောသည်။

ယနေ့ကျင်းပသည့် ဘိုးလင်းပြိုင်ပွဲသည် အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲဖြစ်ပြီး အမျိုးသား ၁၆ ဦး ၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံကျောင်းမှ မျိုးဆက်သစ် ဘိုးလင်းအားကစားသမား အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ အဆိုပါ ပြိုင်ပွဲတစ်ဦးချင်း အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမဆု ဌေးဝင်းအောင်၊ ဒုတိယဆု ဇော်လင်းထွန်းနှင့် တတိယဆု သန်းဝင်းထွန်းတို့က ရရှိခဲ့ပြီး တစ်ဦးချင်းအလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု မြင့်မြင့်စန်း၊ ဒုတိယဆု ခင်သန်းထွေးနှင့် တတိယဆု လှယဉ်မေတို့က ရရှိခဲ့သည်။ ဆုကြေးများအဖြစ် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသောင်းနှင့် တတိယဆု ငွေကျပ် သုံးသောင်းနှင့်အတူ ဂုဏ်ပြုဆုတံဆိပ်များကိုလည်း ပြိုင်ပွဲကျင်းပရေးကော်မတီ ဘိုးလင်းအဖွဲ့ချုပ်က ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့အနေဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ် မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ယခုကတည်းက မျိုးဆက်သစ်များ ပေါ်ထွန်းရေးနှင့် ပြိုင်ပွဲကြိုတင်လေ့ကျင့်မှုများကို ပြုလုပ်နေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်(၅)နေရာ၌ ရပ်တည်လျက်ရှိပြီး ပထမနေရာတွင် စင်ကာပူ၊မလေးရှားနှင့်ထိုင်းတို့က အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများတွင် အပြိုင်လုလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ယနေ့ကျင်းပသည့် အလွတ်တန်းဘိုးလင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကစားစဉ်။

# အခြေအနေအချိန်အခါနှင့် လုပ်ငန်းဆောင်ရွက်မှု

ဝေယံ

***အခြေအနေနှင့် အချိန်အခါကိုလိုက်၍ လိုက်လျောညီထွေဖြစ်အောင် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းသည် လုပ်ငန်းအောင်မြင်ရေးအတွက် အရေးကြီးသောအချက်တစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးကွက်အခြေအနေ၊ လာမည့်ကာလများတွင် ဖြစ်ပေါ်လာမည့်အခြေအနေများကို စူးစမ်းလေ့လာနေမှ မိမိလုပ်ငန်း၊ ရပ်တည်နိုင်မှု၊ တိုးတက်နိုင်မှုရရှိမည် ဖြစ်ပေသည်။***

စီးပွားရေးလုပ်ငန်းရှင်များအတွက် နယ်စပ်ကုန်သွယ်မှု အခြေအနေ၊ အာဆီယံနိုင်ငံအတွင်း ကုန်သွယ်နိုင်မှု အလားအလာ၊ ကမ္ဘာ့ဈေးကွက်အခြေအနေများကို သိရှိအောင် လေ့လာမှုနှင့်အတူ မိမိလုပ်ငန်းကို ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် JICA၊ ADB၊ World Bank၊ IFC စသည့် အဖွဲ့အစည်းများသည် ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိ ရေး၊ ရေရရှိရေးစသည့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ၊ ချေးငွေများဆောင်ရွက်ပေးရန် ဝင်ရောက်လာကြသည်။ စီးပွားရေးဆောင်ရွက်သော လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးများကို အတိုးနှုန်းနည်းပြီး နှစ်ကြာမှ ပေးဆပ်ရမည့် ချေးငွေများ ဆောင်ရွက်ပေးပါသည်။ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားစသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံများသည် ADB၊World Bank တို့မှ ချေးငွေများ ရယူကာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခဲ့မှုအချက်လည်း ပါဝင်ပါသည်။

ADB သည် နိုင်ငံပေါင်း ၆၇ နိုင်ငံ၊ World Bank သည် ၁၈၈ နိုင်ငံနှင့် JICAသည် ဂျပန်အစိုးရ၏အစီအစဉ်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ချေးငွေများထုတ်ချေးလျက်ရှိပါသည်။ ယင်းအဖွဲ့အစည်းများ၏ မူဝါဒ၊ စည်းကမ်းချက်များသည် ချေးငွေရယူထားသော နိုင်ငံအားလုံးအတွက် တစ်ခုတည်းသာချမှတ်ထားပါသည်။ ချေးငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး၊ အသုံးပြုသောငွေနှင့် ထိုက်တန်သောပစ္စည်းရရှိရေး၊ တည်ဆောက်ရေးပစ္စည်းများ နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်ရေးတို့ဖြစ်ပါသည်။ ချေးငွေလုပ်ငန်းများ အဆင်ပြေအောင်ဆောင်ရွက်နိုင်ရန် ဝယ်ယူရေး၊ ဘဏ္ဍာရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျွမ်းကျင်သော နိုင်ငံတကာ Consultant များဖြင့် ဆောင်ရွက်ပေးကြပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေများဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ တင်ဒါ (International Tender)ဖြင့် ဆောင်ရွက်ကြရပါသည်။ နိုင်ငံအားလုံးရှိ ကုမ္ပဏီများ သတ်မှတ်ချက်အရည်အသွေးကိုက်ညီပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာတင်ဒါဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောသူများရှိရန် လိုအပ်ပါသည်။ အထူးသတိပြုရန်မှာ တင်ဒါပါအချက အလက်များပြည့်စုံမှုမရှိခြင်း၊ သတ်မှတ်ရက်အချိန်အတွင်း တင်ဒါမတင်သွင်းနိုင်ပါက တင်ဒါမှ အပယ်ခံရမည်ဖြစ်ပါသည်။ ထိုင်း၊ ဖိလစ်ပိုင်၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ် စသည့် ချေးငွေရယူသောနိုင်ငံများသည်လည်း သက်ဆိုင်ရာ ငွေချေးသောအဖွဲ့အစည်းများ၏ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြပေသည်။ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို Internet Web Page များတွင် လေ့လာကြည့်ရှုခြင်း၊ ဝန်ကြီးဌာနများတွင် ဆက်သွယ်မေးမြန်းခြင်းတို့ဖြင့် သိရှိနိုင်မည် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာတင်ဒါများတွင် ပြည်တွင်းကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုအခွင့်အရေး ပိုမိုရရှိနိုင်ရန်အတွက် JICA၊ ADB၊ World Bank အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ရာ ပြည်တွင်းထရန်စဖော်မာ ကုမ္ပဏီများ၊ ကျောက်တိုင်ကုမ္ပဏီများနှင့် ပစ္စည်းတင်သွင်းသော ကုမ္ပဏီများသည် တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး တင်ဒါအောင်မြင်မှုများရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ တင်ဒါတွင် တင်ဒါဈေးနှုန်းယှဉ်ပြိုင်ရာ၌ ပြည်တွင်းကုမ္ပဏီများသည် ၁၅ ရာခိုင်နှုန်း အသာဖြင့် ဆောင်ရွက်ခွင့်ရရှိထားပါသည်။

> **‘ နိုင်ငံတော်အနေဖြင့် စီးပွားရေးတံခါးဖွင့်မှုဝါဒ ကျင့်သုံးနေချိန်တွင် နိုင်ငံတကာနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှုနှင့်အပြိုင် ပြည်တွင်းကုန်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်ရမည့် စိန်ခေါ်မှုများရှိလာပေသည်။ ပြည်တွင်းရှိ ပစ္စည်းထုတ်လုပ်သောကုမ္ပဏီများအနေဖြင့် ပြည်ပမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပစ္စည်းများနှင့် အရည်အသွေးအရယှဉ်ပြိုင်ခြင်း၊ ဈေးနှုန်းအရ ယှဉ်ပြိုင်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ Human Resource ဖြစ်သော ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ရေးကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနည်းဆုံး အာဆီယံအဆင့်နိုင်ငံများအတွင်း ယှဉ်ပြိုင်နိုင်ရမည်ဖြစ် ’**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် National Electrification Plan(NEP) ကို World Bank နှင့် ဆောင်ရွက်လျက်ရှိပါသည်။ National Electrification Plan ကို ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမ ငါးနှစ်ကာလအတွက် ဒေါ်လာသန်း ၃၁၀ ချေးငွေရရှိပါသည်။ ချေးငွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် လက်ရှိဓာတ်အားလိုင်းမှ နှစ်မိုင်ပတ်လည် ကျေးရွာများဓာတ်အားရရှိရေး၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိဓာတ်အားလိုင်းမှ ငါးမိုင်ပတ်လည် ကျေးရွာများ၊ တတိယအဆင့်အနေဖြင့် ငါးမိုင်အထက်ကျေးရွာများဓာတ်အားရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ချေးငွေဖြင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူရမည်ဖြစ်ပြီး ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများဝယ်ယူရေးသည် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ပါသည်။

မကြာသေးခင်ကထွက်ရှိခဲ့သော ဂျာနယ်တစ်စောင်တွင် လျှပ်စစ်ပညာရှင်တစ်ဦးအမည်ဖြင့် **“ကမ္ဘာ့ဘဏ် ချေးငွေ ဒေါ်လာသန်း ၃၁၀ ရတာနဲ့ အောင်မြင်နေတဲ့ ပြည်တွင်းလုပ်ငန်းကြီးတစ်ခုကို ရပ်တန့်သွားအောင် မလုပ်လိုက်ပါနဲ့”** ဆောင်းပါးကို ဖတ်လိုက်ရပါသည်။ ဆောင်းပါးရှင်အနေဖြင့် အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်၏ သတ်မှတ်ချက်များကိုသိရှိထားခြင်းဖြင့် မိမိကုမ္ပဏီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ၂၀၁၁-၂၀၁၂ ခုနှစ် ဒီမိုကရေစီအစိုးရစတင်တာဝန်ယူချိန်ကပင် တွေ့ဆုံပွဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆောင်ရွက်သော အလုပ်ရုံဆွေးနွေးပွဲများတွင် ပြည်တွင်းထုတ်လုပ်သူများကို ဈေးကွက်စီးပွားရေးအရ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ထားကြရန်၊ ကြိုတင်ပြင်ဆင်ထားကြရန် ရှင်းလင်းမှာကြားမှုများ ဆောင်ရွက်ပေးခဲ့သည်။

ကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အဓိကတာဝန်ရှိသူများ မလာရောက်နိုင်ပါက လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပြီး အဆုံးအဖြတ်ပေးနိုင်သောသူကို စေလွှတ်ရန်လိုအပ်ပါသည်။ သို့မှသာ မရှင်းလင်းသောအချက်များကို မေးမြန်းနိုင်ခြင်း၊ ဌာနဆိုင်ရာမေးမြန်းချက်များကို ဖြေကြားနိုင်ခြင်း၊ မိမိကုမ္ပဏီသို့ သတင်းအချက်အလက်ပြည့်စုံစွာ ပြန်လည်သတင်းပို့နိုင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ တင်ဒါတစ်ခုချင်းအလိုက် မရှင်းလင်းသောအချက်များအပေါ် မေးမြန်းပါက ဝန်ကြီးဌာနအနေဖြင့် ဖြေကြားပေးလျက်ရှိသော်လည်း မမေးမြန်းဘဲ အထင်အမှားဖြင့် ပြောဆိုရေးသားမှုများလည်းရှိနေပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများဖြစ်သည့် ၃၃/၁၁ ကေဗွီ၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို ပြည်တွင်းကုမ္ပဏီများထံမှ နှစ်စဉ်ဝယ်ယူခဲ့သည်မှာ အနှစ် ၂၀ ကျော်ပြီဖြစ်ပါသည်။ ထရန်စဖော်မာ ထုတ်လုပ်သောကုမ္ပဏီများအနေဖြင့် အနှစ် ၂၀ ကျော်အတွင်း မိမိစက်ရုံ၏ ထုတ်လုပ်မှုအရည်အသွေးကောင်းအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံခြားကုမ္ပဏီများထံမှ နည်းပညာရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသော ကုမ္ပဏီများကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။ အချို့ထရန်စဖော်မာကုမ္ပဏီ၊ ကျောက်တိုင်ကုမ္ပဏီများသည် ဂျပန်နိုင်ငံမှ ကုမ္ပဏီများနှင့်ပင် ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စီးပွားရေးတံခါးဖွင့် မူဝါဒကျင့်သုံးနေချိန်တွင် နိုင်ငံတကာနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှုနှင့်အပြိုင် ပြည်တွင်းကုန်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် ပြည်ပထုတ်ကုန်များနှင့် ယှဉ်ပြိုင်ရမည့် စိန်ခေါ်မှုများရှိလာပေသည်။ ပြည်တွင်းရှိ ပစ္စည်းထုတ်လုပ်သောကုမ္ပဏီများအနေဖြင့် ပြည်ပမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပစ္စည်းများနှင့် အရည်အသွေးအရယှဉ်ပြိုင်ခြင်း၊ ဈေးနှုန်းအရယှဉ်ပြိုင်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ Human Resource ဖြစ်သော ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ရေးကိုပါဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနည်းဆုံး အာဆီယံအဆင့်နိုင်ငံများအတွင်း ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ပါသည်။ Samsung၊ Huawei၊ Apple၊ Sony စသည့် တယ်လီဖုန်းကုမ္ပဏီများ၊ Toyota၊ Nissan၊ Hyundai စသည့် ကားထုတ်လုပ်သည့် ကုမ္ပဏီများ၏ ဈေးကွက်ပြိုင်ဆိုင်မှုများကိုကြည့်ပါက နည်းပညာဆန်းသစ်မှု၊ ပုံစံဆန်းသစ်မှုများဖြင့် သုံးစွဲသူများကို အပြိုင်ဆွဲဆောင်နေကြရပေသည်။

အချုပ်အားဖြင့် အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ စီးပွားရေးအရပြိုင်ဆိုင်မှုဖြင့် ဆောင်ရွက်ရသည့်ကာလသို့ ရောက်ရှိနေပြီဟု ဆိုချင်ပါသည်။ မိမိ၏ စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ နည်းပညာတိုးတက်ရေးတို့ကို အစဉ်တစိုက် ဆောင်ရွက်သွားပြီး ဝယ်ယူသူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် မိမိလုပ်ငန်းရှင်သန်ရပ်တည်နိုင်မည် ဖြစ်ပါသည်။ **“မွေးအောင်သာနေပါ . . . ပန်ဆင်သူအဆင်သင့်ဖြစ်ပါသည် . . .”**

# မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှု ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူပေါင်းနှင့် မျက်စိကွယ်သူပေါင်းမှာ ၂၈၅ သန်းခန့်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။ အမြင်အာရုံချို့တဲ့သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရကြောင်း သိရှိရသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမြင်အာရုံချို့တဲ့သူများတွင် ၄၂ ရာခိုင်နှုန်းမှာ မျက်မှန်လိုအပ်ခြင်းကြောင့်လည်းကောင်း၊ ၃၃ ရာခိုင်နှုန်းမှာ အတွင်းတိမ်ရောဂါကြောင့်လည်းကောင်း၊ ကျန် ၂၂ ရာခိုင်နှုန်းမှာ အခြားမျက်စိရောဂါကြောင့်လည်းကောင်း ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် အမြင်အာရုံချို့တဲ့ရခြင်း၏ အဓိကအကြောင်းရင်းမှာ အတွင်းတိမ်ရောဂါကြောင့်အဖြစ်များပြီး ရေတိမ်ရောဂါ၊ ဆီးချို၊ သွေးတိုး စသည့် ရောဂါများကြောင့်လည်း မျက်စိအမြင်လွှာပျက်စီးပြီး မျက်ခမ်းစပ်ရောဂါနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အမြင်အာရုံချို့တဲ့ခြင်းဖြစ်ပေါ်နိုင်သည်။


အတွင်းတိမ်ရောဂါတွင် အသက်အရွယ်ကြီးရင့်၍ဖြစ်သော အတွင်းတိမ်ရောဂါ (Senile Cataract) သည် အများဆုံးဖြစ်ပြီး အချိန်မီခွဲစိတ်ကုသပါက အမြင်အာရုံကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။ အကယ်၍ အချိန်မီခွဲစိတ်ခြင်းမပြုပါက မျက်လုံးအိမ် နီရဲရောင်ရမ်းခြင်း၊ မခံမရပ်နိုင်အောင် ကိုက်ခဲခြင်း၊ မျက်စိအာရုံကြောထိခိုက်ပျက်စီးခြင်းကြောင့် မျက်စိကွယ်နိုင်သည်။ ထို့ကြောင့် ကုသ၍ပြန်လည်မြင်နိုင်သည့် အတွင်းတိမ်ရောဂါကို အချိန်မီကုသရန် လွန်စွာအရေးကြီးသည်။

ယခုအခါတွင် နိုင်ငံတော်ကထောက်ပံ့ကူညီမှုများကြောင့် အတွင်းတိမ်၊ ရေတိမ် အစရှိသည့် မျက်စိရောဂါများကို မျက်စိအထူးကုဆေးရုံကြီးများနှင့် အခြားမျက်စိကုဌာနများတွင်လည်း အခမဲ့ခွဲစိတ်ကုသပေးနေပြီဖြစ်သည်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများကလည်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရှာဖွေကုသပေးနေသည်။ သို့ဖြစ်၍ မျက်စိရောဂါကြောင့် အမြင်အာရုံချို့တဲ့မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မျက်စိရောဂါဖြစ်ပွားနေသူများအနေဖြင့် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးဆု(U.S.A) မှ ဘွဲ့တံဆိပ် ဆက်ကပ်တော်မူခြင်းခံရသော ကျေးဇူးရှင် ဗန်းမော်ဆရာတော်ဘုရားကြီးအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲ ဖိတ်ကြားလွှာ









အမေရိကန်နိုင်ငံ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဆုချီးမြှင့်ရေးကောင်စီ၏ အကဲဖြတ်အဖွဲ့ဝင်များသည် ထူးထူးကဲကဲညီညွတ်စွာဖြင့် သဘောတူ ရွေးချယ်ဆက်ကပ်တော်မူခြင်းခံရသော ကမ္ဘာ့ငြိမ်းချမ်းရေးဂုဏ်ထူးဆောင်ဆုဖြစ်သော **'ကမ္ဘာ့လူသားများ ယဉ်ကျေးမှု ဂုဏ်ရည်ဘွဲ့**'ကို (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာ(၁)ရက်တွင် ထိုက်တန်စွာဖြင့် ဆက်ကပ်တော်မူခြင်းခံရသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိ ဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သကျ သီဟဝံသသက၊ ပါဠိသိရောမဏိ၊ ဘီအေ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဗုဒ္ဓစာပေ ပါရဂူ (Ph. D.D.Lit)အရှင်သူမြတ်အား ထပ်ဆင့် ဂုဏ်ပြု ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ တပည့်၊ ရဟန်းဒါယကာ၊ ဒါယိကာမများ မည်သူမဆို သဟတိကဒါနမြောက် ကိုယ်တိုင်ကိုယ်ကျ လောင်းလှူနိုင်ပါကြောင်းနှင့် နယ်လှည့်နတ်စင်တစ်ရာ အထူးသာသနာပြုဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် နယ်လှည့် သစ္စာ အဓိဋ္ဌာန်စတုဒိသာ ပင်မအလှူရှင်များနှင့် ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမများမှ စည်ကားသိုက်မြိုက်စွာ ကြွရောက်လာသော ပရိသတ်တို့အား စတုဒိသာအလှူများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီးလျှင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး နှင့်တကွ ပင့်သံဃာ ဆရာတော်အရှင်သူမြတ် အပါး(၁၂၀)နှင့် အပူဇော်ခံဆရာတော်ကြီး (၁၆)ပါးတို့အား ဆွမ်းစသောဒါနဝတ္ထု အစုစုတို့ကို ဆက်ကပ်ပြီး ရေစက်သွန်းချအလှူတော် မင်္ဂလာပြုလုပ် လှူဒါန်းလိုပါသောကြောင့် ရဟန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပူဇော်နိုင်ကြပါရန် နယ်လှည့်သစ္စာအဓိဋ္ဌာန်အဖွဲ့မှ ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

## ဂုဏ်ပြုပူဇော်ပွဲအစီအစဉ်

- ➢ (၂၁၊ ၂၊ ၂၀၁၆)ရက် နံနက်(၁၀း၃၀)နာရီတွင် နတ်စင်တစ်ရာ နယ်လှည့်သစ္စာအဓိဋ္ဌာန် စတုဒိသာဆရာတော် ဘဒ္ဒန္တပညာတေဇ ဦးထိပ်ထား၍ ကျေးဇူးရှင် နှစ်ဘက်မိဘများနှင့် ကျေးဇူးရှင်များအား အမျှူးထားပြီး ဦးအောင်ကျော်သူ+ဒေါ်နန်းအေးမြတ်သူဇာ(ASIA STANDARD International Group Co.,Ltd) မိသားစုမှ ထပ်ဆင့်ဂုဏ်ပြုသည့်အနေဖြင့် ဂိုဏ်းပေါင်းစုံ ပင့်သံဃာ(၁၂၀)ပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ဧည့်သည်တော်များအား ကျွေးမွေးလှူဒါန်းပါမည်။
- ➢ (၂၁၊ ၂၊ ၂၀၁၆)ရက် နေ့လည်(၁၂း၃၀)နာရီတွင် တိုင်းရင်းသား(၁၅)မျိုးမှ တိုင်းရင်းသားဝတ်စုံပြည့်နှင့် ဒေဝါဝင်းဖြင့် ပန်းခင်းသောလမ်းမှ ဆရာတော်ဘုရားကြီးအား ပူဇော်ပွဲခန်းမသို့ပင့်ဆောင်ပြီး မွန်းလွဲ(၁)နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ပါမည်။

## ဧည့်ခံကျွေးမွေးရေးအစီအစဉ်

- ➢ (၂၀၊ ၂၊ ၂၀၁၆)၊ စနေနေ့ ညနေ(၃)နာရီမှ ညနေ (၆)နာရီအထိ နယ်လှည့်သစ္စာအဓိဋ္ဌာန်စတုဒိသာအဖွဲ့မှ စတုဒိသာထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံပါမည်။
- ➢ (၂၁၊ ၂၊ ၂၀၁၆)၊ တနင်္ဂနွေနေ့၊ နံနက်(၈)နာရီမှ မွန်းလွဲ(၁)နာရီအထိ စတုဒိသာကျွေးမွေးပါမည်။

## ဧည့်ခံဖျော်ဖြေရေးအစီအစဉ်

- ➢ (၂၀၊ ၂၊ ၂၀၁၆)၊ စနေနေ့ ညနေ(၆)နာရီမှစ၍ သန့်လျှင်မောင်ရာပြည့်မင်္ဂလာဆိုင်းဝိုင်းကြီးနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များမှ ဧည့်ခံဖျော်ဖြေပါမည်။
- ➢ (၂၁၊ ၂၊ ၂၀၁၆)၊ တနင်္ဂနွေနေ့ နံနက်(၆)နာရီမှ မွန်းလွဲ(၁)နာရီအထိ သန့်လျှင်မောင်ရာပြည့်မင်္ဂလာဆိုင်းဝိုင်းကြီးနှင့် အနုပညာရှင်များမှ သီဆိုဧည့်ခံဖျော်ဖြေပါမည်။

## ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့်နေရာ

ဗန်းမော်ကျောင်းတိုက်၊ ၇၃လမ်းနှင့် ၃၉လမ်းထောင့် မန္တလေးတက္ကသိုလ်ရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးအား လှူဒါန်းလိုပါက ကိုယ်တိုင်ကိုယ်ကျလှူဒါန်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုပါက **နတ်စင်တစ်ရာ နယ်လှည့်သစ္စာအဓိဋ္ဌာန်စတုဒိသာ ဆရာ တော် ဘဒ္ဒန္တပညာတေဇ၊ ဖုန်း-၀၉-၄၂၁၀၆၅၇၇၇၊ ၀၉-၂၅၄၀၃၇၅၆၈** သို့ ဆက်သွယ်နိုင်ပါသည်။

**နတ်စင်တစ်ရာနယ်လှည့်သစ္စာအဓိဋ္ဌာန် စတုဒိသာဆရာတော်နှင့်**
**သီရိပျံချီဦးဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ စတုဒိသာပင်မအလှူရှင်အဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ တံတားအထူးအဖွဲ့ (၁၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် သာကေတတံတားသစ် လျှပ်စစ်လုပ်ငန်းသုံး အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါဝယ်ယူလိုပါသည်။

ကေဘယ်ဝိုင်ယာကြိုးများ၊ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များကို ၁၅-၂-၂၀၁၆ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၆ရက် မွန်းတည့် ၁၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁၁)၊ သာကေတ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၅၅၅၇၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၁) ရန်ကုန်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြညဈေး တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြညဈေးကို မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဆင့်မြင့်ဈေးသစ်အဖြစ် တည်ဆောက်အကောင်အထည်ဖော်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးသစ်တည်ဆောက်မည့်လုပ်ငန်းနေရာ** - မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ မြယာကုန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းကြား၊ စံပြညဈေးမြေနေရာ။

၃။ တင်ဒါများကို ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions to tenderers)နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ၁၅-၂-၂၀၁၆ ရက်မှ စတင်၍ ၅၀၀၀၀ိ/- ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနတွင် ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၅။ တင်ဒါများကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် ၁၆:၀၀နာရီမတိုင်မီ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ တင်သွင်းရမည်ဖြစ်ပါသည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ တင်ဒါနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် ငွေကျပ် ၃၀၀၀၀၀၀၀ိ/- (ကျပ်သိန်းသုံးထောင်တိတိ) တန်ဖိုးရှိ ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ P O (Payment Order) နှင့် တင်ပြရမည်။

၇။ အဆိုပြုလွှာနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ဈေးများဌာန၏ ဖုန်း-၃၈၉၀၇၄၊ ၃၈၉၀၇၆၊ ၃၇၆၇၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တင်ဒါတင်သွင်းသူများရှေ့မှောက်၌ ပြုလုပ်မည်ဖြစ်ပြီး တင်ဒါတင်သွင်းသူများသို့ ကြိုတင်အကြောင်းကြားပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၅၆၀၆ Yinxiang CZJ 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးလွင် ၉/မနတ(နိုင်)၀၀၇၉၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကွင်းအမှတ် ၅၅၀၊ ဦးပိုင်အမှတ် ၂၃ဟုခေါ်တွင်သော ဧရိယာ ၅ ဒသမ ၈ ဧကရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမျိုးမင်း ၁၂/ကမတ(နိုင်)၀၂၅၉၃၅ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသ (စရန်)ပေးချေပြီးဖြစ်သည့်အပြင် အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်အား ခြံစည်းရိုးခတ်ရန် သဘောတူညီထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်ဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၁၇၁၆)**
**၈/၆၂၁၊ သန္တာ ၄ လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၂၀၇၂၃၀၅**

## လှည်းကူးမြို့နေ ဒေါ်သန်းသန်းဦး HGU-100068 နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ အောင်သုခ ၅ လမ်း၊ အမှတ် မ/၂၂၀ ဟုခေါ်တွင်သောမြေကွက်အမှတ် ၅/ခ၊ ဦးပိုင်အမှတ် ဈ/၆၆/၂၈၊ ဧရိယာ ၀ ဒသမ ၃၄ ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းမှင် HGU-041665 ထံမှ ဒေါ်စန်းခင် HGU-000814 က ၂၆-၁၁- ၁၉၈၆ ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူကာ လက်ရှိပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သန်းသန်းဦး HGU-100068 နှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ဒေါ်စန်းခင်သည် ၂၈-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး အမွေဆက်ခံခွင့်ရှိသူ သား/သမီးလေးဦးရှိရာ ကျန်သုံးဦးမှ စွန့်လွှတ်ပေးကမ်းကြောင်းဝန်ခံချက်ကို ၂၅-၈-၂၀၁၁ ရက်တွင် မရမ်းကုန်း၊ (၉)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် ယင်းမြေကွက်နှင့်အိမ်ကို သားဖြစ်သူ ဦးစံမင်းထွန်း ၁၂/မရက(နိုင်)၀၆၆၇၈၄ ကသာ တစ်ဦးတည်းပိုင်ဆိုင်ပါသည်။ ပိုင်ရှင် ဦးစံမင်းထွန်း၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချ/ပေါင်နှံ/ငှားရမ်း/ပေးကမ်းခြင်း/ဝင်ရောက်ကျူးကျော်ခြင်း/တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် သတိပေးတားမြစ်ပါသည်။

အကယ်၍ပြုလုပ်ခဲ့ပါက တရားမဝင်ဘဲ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစံမင်းထွန်း**
**MYGN - ၀၆၆၇၈၄**
**၄၅/၅/ည၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် ပြုပြင်သုံးစွဲရန်မသင့်လျော်၍ အသုံးမပြုတော့သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုံးသုံးလျှပ်စစ်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ၊ ဆက်စပ်ပစ္စည်း အဟောင်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသူများအနေဖြင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်) စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဇေယျာလမ်း၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၈-၂-၂၀၁၆ ရက်မှ ၂၄-၂-၂၀၁၆ ရက်အထိ နေ့စဉ်နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၂-၂၀၁၆ရက် ညနေ ၁၆:၀၀နာရီ ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၄၀၃၁၇၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်၊စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ လုံခြုံရေးနှင့် စစ်ဆေးရေးစက်ပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ တင်ဒါအဆိုပြုလွှာများကို ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ၆-၁-၂၀၁၆ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ်(၈)တွင် ရောင်းချပေးခဲ့ပြီး ၅-၂-၂၀၁၆ ရက်တွင် ကုမ္ပဏီများမှ ပြန်လည်တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ တင်ဒါအောင်မြင်သည့် အမည်စာရင်းအား၁၅-၂-၂၀၁၆ ရက်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နေပြည်တော်တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း၊ တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမတွင် ၁၈-၂-၂၀၁၆ ရက်မှ ၁၉-၂-၂၀၁၆ ရက်များတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၇၇၊ ၀၆၇-၄၁၂၂၄၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေးဌာန (ရန်ကုန်)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဌာန လက်အောက်ရှိ မွေးမြူရေးခြံ/စက်ရုံများတွင် ဟောင်းနွမ်းပျက်စီး၍ ပြုပြင်သုံးစွဲရန် မသင့်သည့်လုပ်ငန်းသုံးပစ္စည်း၊ ရုံးသုံးပစ္စည်းနှင့်ပရိဘောဂများ၊ အဆောက်အအုံဟောင်းများအား အိတ်ဖွင့်တင်ဒါဖြင့် ဒေသတွင်းရောင်းချလိုပါသည်။

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံကို ၁၅-၂-၂၀၁၆ရက်မှစ၍ ၁၉-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း အခမဲ့ရယူနိုင်မည်ဖြစ်ပြီး ၂၂-၂-၂၀၁၆ရက် ၀၉:၀၀နာရီမှ ၁၃:၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး ၎င်းရက် ၁၄:၀၀ နာရီတွင် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါဖြင့်ရောင်းချမည့် လုပ်ငန်းသုံးပစ္စည်း၊ ရုံးသုံးပစ္စည်းနှင့်ပရိဘောဂများ၊ အဆောက်အအုံဟောင်းများအား ၁၅-၂-၂၀၁၆ရက်မှ ၁၉-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ပြီးသွားရောက် မျက်မြင်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန (ရန်ကုန်)ရုံး ဖုန်း-၀၁-၆၄၀၂၄၄၊ ၀၁-၆၄၂၀၉၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ် ၁၀**

| | | |
|---|---|---|
| ဒေါ်စန်းနုမာ | **နှင့်** | ဦးစောဝင်း |
| ACE ဆောက်လုပ်ရေးဝင်း | | ညောင်ပင်ကြီးစုကွက်သစ် |
| ဒက္ခိဏသီရိမြို့နယ် | | ပုဗ္ဗသီရိမြို့နယ် |
| **တရားနိုင်** | | **တရားရှုံး** |

ဒက္ခိဏခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး၏ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၃ တွင်ချမှတ်သော အနိုင်ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၆ ခုနှစ် မတ် ၁၁ ရက် (၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေကွက်အမှတ် ၄၈၊ အကျယ်ပေ(၆၀×၆၀) အိမ်နှင့် မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း ၃၅၀ (ကျပ်သိန်းသုံးရာ့ငါးဆယ်)**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(သန်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

# မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ်ကျင်းပပြုလုပ်မည့် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၉-၂-၂၀၁၆ ရက် (သောကြာနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁:၀၀ နာရီ
**ကျင်းပမည့်နေရာ** - EXCEL TREASURE HOTEL (ခန်းမ) အမှတ်(၅၂၀) ၁၀လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**မှတ်ချက်** ။ အသင်းဝင်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပလတ်စတစ်လုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးပါရန် လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ ချောင်းသာမြို့ကွက်၊ ကွင်း (၁၉၉၀-ပြင်)၊ချောင်းသာပြင်ကွင်း၊ ဦးပိုင်အမှတ်(ဈ/၁၁)၊ ဧရိယာ ၂ ဒသမ ၁၀၀ ဧကရှိ အစိုးရမြေအား ဒေါ်ခင်ပြုံးရွှေအမည်ဖြင့် မြေနေရာချထားမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## မြန်မာသီလဝါအစုရှယ်ယာ (Shares Certificate) ပျောက်ဆုံးခြင်း

ကျွန်တော် ဦးသန်းထူးဝင်း ၁၂/ရကန(နိုင်)၀၈၆၆၁၄ ၏ MTSH အစုရှယ်ယာသက်သေခံလက်မှတ် Reference No-008201 သည် ၉-၂-၂၀၁၆ ရက် ညနေ ၆:၄၅ နာရီခန့် ရန်ကင်းစင်တာအနီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဦးသန်းထူးဝင်း ဖုန်း-၀၉-၄၅၀၀၂၉၅၅၃ သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒက္ခိဏခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

| | | |
|---|---|---|
| ဦးတင်လှ | **နှင့်** | ဦးမင်းမင်းသိန်း |
| **တရားနိုင်** | | **တရားရှုံး** |

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊မဟာနွယ်စဉ်ရပ်၊ ၇၁×၇၂ လမ်းကြား၊ ၃၈ လမ်း၊ အမှတ် ၄၁၃/က နေ ဦးမင်းမင်းသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်လှက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၃**


| | | |
|---|---|---|
| ဦးလင်းရောင် | **နှင့်** | ၁။ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃) |
| (ကွယ်လွန်သူ ဦးလင်းရောင်၏ | | ၂။ ဦးဝင်းကြည် |
| တရားဝင်ကိုယ်စားလှယ်ဒေါ်ရင်ကြည်) | | ၃။ ဒေါ်မြင့် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၆) ရပ်ကွက်၊ မင်းတပ်လမ်း၊ အမှတ်(၃၂၈/ခ)နေ (၂) လျှောက်ထားခံရသူ ဦးဝင်းကြည်၊ (၃) လျှောက်ထားခံရသူ ဒေါ်မြင့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးလင်းရောင် (ကွယ်လွန်သူ ဦးလင်းရောင်၏ တရားဝင်ကိုယ်စားလှယ်ဒေါ်ရင်ကြည်)က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာလိုမှု လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**




## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက (၃)၊ ဆဋ္ဌမတန်း (E)မှ မသက်ရွှန်းလက်၏ဖခင်အမည်မှန်မှာ ဦးမင်းခိုင်ဖြစ်ပါသည်။

## အမည်မှန်

ဦးစိုင်းသန်းဖေ ၁၃/လလန(နိုင်) ၀၇၇၆၀၈ ၏သမီး တာချီလိတ်၊ဆန်ဆိုင်း(အထက)၊ပဉ္စမ တန်း(ခ)မှ မချမ်းမြေ့ရွှေဇင်သန်းဝင်း၏ အမည်မှန်မှာ မချမ်းမြေ့ရွှေစင်သန်းဝင်း ဖြစ်ပါသည်။

**မချမ်းမြေ့ရွှေစင်သန်းဝင်း**

## မိဘအမည်မှန်

ပဲခူးမြို့၊ အထက (၇)၊ တတိယတန်းမှ ကောင်းခန့်ကို၏ မိဘအမည်မှန်မှာ ဦးလင်းထွန်းအောင်၊ ဒေါ်သဉ္ဇာလှိုင် ဖြစ်ပါကြောင်း။

**ဦးလင်းထွန်းအောင်-ဒေါ်သဉ္ဇာလှိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4923 Toyota Hilux VIGO ယာဉ်လက်ဝယ်ရှိသူ Yuan Yuan Co.,Ltd. မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၇၆၉၅ Honda C90 Custom CMV မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရော်ဖာကွယ် ၁၃/လရန(နိုင်)၀၀၃၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## တိုက်ခန်းရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)

ဗိုလ်တထောင်ဈေးလမ်း၊ 18'×60'၊ 3rd fl ၊ ကိုယ်ပိုင်ရေမီး၊ ပါကေးခင်းပြီး၊ ပြင်ဆင်ပြီး၊ အိပ်ခန်းနှစ်ခန်း၊ 2AC၊ Ph ပါ၊ အရှုပ်အရှင်းကင်း၊ (1400)သိန်း၊ အလျှော့အတင်းရှိ။

**ဖုန်း**-09-785159893

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဇန်းမော်ခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇**

ဒေါ်လီလီမိုး **နှင့်** ၁။ ဦးမျိုးဦး
၂။ ဒေါ်သင်းကြိုင်

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ဇန်းမော်မြို့၊ နန့်ဖားရပ်ကွက်၊ ယမုံသင်းဘော်ဒါဆောင်ရှေ့ (ယခုနေရပ်လိပ်စာမသိ)နေ ဦးမျိုးဦးနှင့်ဒေါ်သင်းကြိုင်တို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်လီလီမိုးက အိမ်ခြံမြေအရောင်းအဝယ်ပြုသည့် တန်းဖိုးငွေ(၃၉၀၀၀၀၀၀)နှင့် နစ်နာကြေး ငွေကျပ်(၅၀၀၀၀၀၀)၊ စုစုပေါင်းငွေကျပ်(၄၄၀၀၀၀၀၀) ရလိုကြောင်း စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ထွန်း)**
**ခရိုင်တရားသူကြီး**
**ဇန်းမော်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၀၁**

ဒေါ်နှင်းနှင်းစိုး **နှင့်** ဦးအုန်းဖေ

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မန္တလေးတက္ကသိုလ်ဝင်းအတွင်း စကားဝါဆောင် (ယခင်လိပ်စာ) (ယခုလိပ်စာမသိ)နေ ဦးအုန်းဖေ သိစေရမည်။

သင့်အပေါ်၌ ဒေါ်နှင်းနှင်းစိုးက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၉၄ နှင့်ဆက်နွှယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁**

ဦးကျော်မင်း **နှင့်** ဒေါ်ခင်မေတင်

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၈၂/က) နေ ဒေါ်ခင်မေတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၉၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၁၇နှင့် ဆက်နွှယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၈၉**

ဒေါ်အုံးရီ **နှင့်** ဒေါ်သူဇာစိုး

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ နိဂြောဓလမ်း၊ အမှတ် (၄၇)၊ ပထမထပ်(ညာဘက်)နေ ဒေါ်သူဇာစိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၁၇တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် မတ် ၁ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တတိလောက မဟာထေရ်
### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ
### ဖေယျမင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက
### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
### သက်တော်(၉၁)၊ သိက္ခာတော်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဖေယျမင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတိလောက မဟာထေရ်သည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၇-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၉ရက်) ၁၇-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့်**
**ဈာပနကျင်းပရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝိစိတ္တမဟာထေရ်
### သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၁)ရပ်ကွက်၊ ပုဏ္ဏဝတီကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တမဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁ရက်) ၉-၂-၂၀၁၆ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက်) ၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ကျေးဇူးအထူးတင်ရှိခြင်း
## ဒေါ်လေးမိ (Lucy)
### ဒု/လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)
### မြန်မာ့စားသောက်ကုန်လုပ်ငန်း
### အသက်(၇၅)နှစ်

၆-၂-၂၀၁၆ ရက်(စနေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော [ဦးဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ MOGE၊ စွမ်းအင်ဝန်ကြီးဌာန]၏ဇနီး ကျေးဇူးရှင်မိခင်ကြီး ဒေါ်လေးမိ စတင်မကျန်းမာသည့်အချိန်မှစ၍ ဂရုတစိုက်ကုသပြုစုစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သွေးရောဂါဌာနမှ သမားတော်ကြီးပါမောက္ခ ဒေါက်တာဦးထွန်းလွင်ငြိမ်း၊ ဗဟိုစည်ဆေးရုံမှ ဒေါက်တာဒေါ်ရင်ရင်ကြူနှင့် ဆေးရုံမှတာဝန်ရှိဆရာဝန်၊ ဆရာမ၊ သူနာပြုများ၊ နာရေးကိစ္စအဝဝတွင် ကိုယ်ရောစိတ်ပါ အဘက်ဘက်မှပြည့်စုံအောင် အနီးကပ်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော MOGE နှင့် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း နည်းအမျိုးမျိုးဖြင့် သတင်းမေးမြန်းအားပေးနှစ်သိမ့်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခြင်း ပန်းခွေများပေးပို့ပေးခဲ့ကြသူများ၊ နာရေးပို့ဆောင်ပေးခဲ့ကြသော မိတ်ဆွေများ၊ နာမကျန်းစဉ်မှ ရက်လည်ဆွမ်းကျွေး အလှူဒါနပြုသည်အထိ ကူညီပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်ဝင်း
### အင်ဂျင်နီယာချုပ် (ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း၊ PCIC နှင့် CRO)
### စက်မှု (၂) ဝန်ကြီးဌာန
### အသက် (၉၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၁၉/ဒီ)နေ (ဦးဘာဘာ-ဒေါ်ညား)၊ (ဦးဘွန်တင်- ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်ခင်လှဝင်း(Ruby)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးမြဒင်-ဒေါ်စန်းမြမြ)၊ (ဦးဘသော်-ဒေါ်ခင်စောလှ)တို့၏ညီ၊ (ဒေါက်တာ ဦးဝင်းကျင်)-ဒေါ်ရှုအိမ်း၊ ဦးနေဝင်း-(ဒေါ်ကြူကြူ)တို့၏အစ်ကို၊ (ဦးချိန်ဟိုး-ဒေါ်အုံးကြည်)၊ ဒေါ်ခင်သန်းမြင့် (Cissie)တို့၏မတ်၊ (ဦးမြကြိုင်)-ဒေါ်ဘက်တီ၊ (ဦးသိန်းဇော်)-ဒေါက်တာ ဒေါ်သိန်းကြည်တို့၏ယောက်ဖ၊ တူ တူမ ၂၁ယောက်၊ မြေး ၁၂ယောက်တို့၏ ဦးလေး/ဘကြီး/အဘိုးသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇း၃၃နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြာအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ တောင်သြောင်ကုန်းကျေးရွာ အထက ဆဋ္ဌမတန်း (A)မှ မအိရွှေစင်၊ နဝမတန်း (A)မှ မအိမြင့်မြတ်သူတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းငွေ ၉/ပဘန(နိုင်)၁၄၈၅၃၁ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းငွေ**

## ဒေါက်တာ ဦးနေဝင်း
### ပြည်နယ်ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး(ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးအနန်-ဒေါ်စိန်မှုံ)တို့၏သား၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အောင်ချမ်းသာ၊ (ပြည်သာအောင်)လမ်း၊ အမှတ် (၈၃/၁၂)နေ(ဦးမျိုးမြင့်)-ဒေါ်နန်းကောင်ခမ်းတို့၏ သားသမက်၊ ဒေါ်ကြင်မှိန်၊ (ဦးငွေအောင်)-ဒေါ်အေးအေးမြင့်၊ဦးမြင့်ဝင်း-ဒေါ်မို့မို့ဦး၊ ဦးဇော်ဝင်း-ဒေါ်အေးအေးနွယ်တို့၏ညီ/မောင်၊ ဒေါက်တာဦးချိုဝင်း၏အစ်ကို၊ စိုင်းဝိလတ်မြင့်-ဒေါ်မြတ်စုဝင်း၊ ဒေါ်နန်းခေမာ မြင့်(ရောဝတီဘဏ်)တို့၏အစ်ကို၊ ဒေါ်နန်းပဒုမ္မာမြင့်၏ခင်ပွန်း၊ ဒေါက်တာဉာဏ်ပိုင်ဝင်း၊ နန်းနှင်းနေခြည်ဝင်းတို့၏ဖခင်သည် ၁၁-၂-၂၀၁၆ရက် နံနက်၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၆ ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့၊ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၆ရက် နံနက် ၆ နာရီတွင် အထက်ပါ ရေအေးကွင်းရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်စိန်(ခ)ဦးအင်းရှင်း (သစ္စာရှင်) (ဥက္ကံမြို့)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၃၄၇နေ (ဦးဖွန်းနန်း-ဒေါ်ချို)တို့သားကြီး၊ (ဦးကောက်-ဒေါ်တင့်)တို့၏သားသမက်၊ ဒေါ်ခင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျင်စိန်)-ဒေါ်ကျင်မြတို့၏မောင်၊ (ဦးစိန်ထွန်း)-ဒေါ်ခင်မြင့်၊(ဦးခင်ဝင်း)-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်မြင့်၊ (ဦးကြည်ဝင်း)-ဒေါ်အေးအေးသန်း၊ ဦးသိန်းအောင်-ဒေါ်ခင်ခင်မြင့်၊ ဦးတင်မိုး-ဒေါ်မီးမီးတို့၏အစ်ကိုကြီး၊ ဦးကျော်မိုး-ဒေါ်စန်းစန်းဝင်း၊ ဦးစိန်မင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးသိန်းကျော်-ဒေါ်သီသီဝင်း၊ ဦးမောင်ချောင်း-ဒေါ်သန်းသန်းဝင်း၊ကိုကျော်ကျော်ဦး၊ ကိုဇော်ဇော်ဦး၊ကိုညီညီအောင်-မခင်နှင်းကျော်၊မတင်မီမီအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေး၁၅ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) နံနက်၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၆ရက်(အင်္ဂါနေ့)တွင် ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)
### အပတ်စဉ် (၂၁)၊ ကြည်း ၈၁၁၈
### သူရဲကောင်းမှတ်တမ်းဝင်၊ ဒုတိယတိုင်းမှူး (ငြိမ်း)၊ နပခ စစ်တွေ
### စစ်ဆေးရေးချုပ် (ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၃၀) ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ် ၃၄ နေ (ဦးစံမြင့်-ဒေါ်လှမျှင်)တို့၏ သား၊ (ဦးစံအေး- ဒေါ်ကျော့ကျော့)တို့၏သားသမက်၊ ဒေါ်လှမြိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်သူ (ဒုညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၅၊ ဆိပ်ဖြူ)-ဒေါ်သက်မာမြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး)၊ ဒုဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း) (Boss Cargo Co.,Ltd.)-ဒေါ်မြမြခိုင်၊ ဒုဗိုလ်မှူးကြီးစိုးစိုးနိုင်(ငြိမ်း) (UMFCCI၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ချုပ်)-ဒေါ်လှဲ့လှဲ့ခိုင်၊ ဦးနေအောင် (MIRACO MARINE Co.,Ltd.)-ဒေါ်တင်မူမြတ်၊ ဒုဗိုလ်မှူးကြီးထွန်းအုံ (ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်နီနီမြိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်တေဇကျော်၊ မောင်သူရိန်စန်းလွင်-မအိမျိုးမျိုးဟန်၊ မောင်ထက်မြတ်စိုးနိုင်၊ မောင်ဖြိုးမောက်ထွန်းအုံ-မဇင်နှင်းဦး၊ မအိသဥ္ဇာခိုင်၊ မဇွန်ပွင့်သူ၊ မယုယမူမူအောင်၊ မောင်စည်သူစန်းလွင်၊ မမေဝတ်ရည်ဖြိုး၊ မောင်သန်းထွန်းမင်း၊ မယဉ်မေသက်(ခ)မီးငယ်၊ မအေးချမ်းပွင့်တို့၏အဘိုး၊ မောင်လျှမ်းထက်လူလူ၏ ဘိုးဘိုးကြီးသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သုဝဏ္ဏ၊ အမှတ် ၃၄၊ ပန်းဝါလမ်း၊ သုဝဏ္ဏမြို့ဦးစေတီအနီး နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမင်းလွင်(ခ)ဦးချာလီ
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေါ်လှခင်လမ်း၊ အမှတ် ၁၈ နေ (ဦးလှမောင်)-ဒေါ်ရီရီတို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဉ္ဇူလမ်းသွယ် (၁)၊ အမှတ် (၄၂/ခ)နေ (ဗိုလ်ကြီး ဦးမြင့်ငွေ)-ဒေါ်ခင်မေကြီးတို့၏သားသမက်၊ ဒေါ်ခင်ခင်ဖြူ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်လင်းထွန်း-ဒေါ်အင်ကြင်းဖြူတို့၏ ဖခင်၊ မောင်သုတဇော်၏အဘိုးသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ဦးကျော်ဆန်း၏သမီး တပ်ကုန်းမြို့ အထက(၂) အဋ္ဌမတန်း(D)မှ မအိမွန်စံအား ယနေ့မှစ၍ မအိမွန်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမွန်ကျော်**

## နက်ရှိုင်းသောကရုဏာဖြင့် အထူးဝမ်းနည်းကြေကွဲခြင်း
## (KHUN ANGKANA AISIRI)

Bangkok မြို့နေ Mr. Vikrom Aisiri(Chairman) Andaman Club, Phuket Airline, VES Group Co.,Ltd. ၏ဇနီး Ms.Angkana Aisiri သည် ၅-၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ဘန်ကောက်မြို့ နေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ နက်ရှိုင်းသော ကရုဏာဖြင့် နှမြောတသ ကြေကွဲဝမ်းနည်းရပါသည်။

ကွယ်လွန်သူအား ၂၈-၂-၂၀၁၆ ရက်(တနင်္လာနေ့)တွင် CHUNBURI KA... ချွန်(န)ဘူရီခရိုင် HAINANESE CEMETERY သင်္ချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။

**ကျန်ရစ်သူတပည့်များ**

**VES Group Co.,Ltd.**
**Myanmar VES Joint Venture Co.,Ltd.**
**Myanmar Andaman Pearl Co.,Ltd.**
**Silk Brothers International Co.,Ltd.**
**Royal Aung Chan International Co.,Ltd.**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)
**အမှတ်စဉ်(၂၁)၊ ကြည်း ၈၁၁၈**
**သူရဲကောင်းမှတ်တမ်းဝင်၊ ဒုတိယတိုင်းမှူး(ငြိမ်း)၊ နပခ စစ်တွေ**
**စစ်ဆေးရေးချုပ်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊သုဝဏ္ဏ၊(၃၀)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ် ၃၄နေ(ဦးစံမြင့်-ဒေါ်လှမျှင်)တို့၏သား၊ (ဦးစံအေး-ဒေါ်ကျော့ကျော့)တို့၏သားသမက်၊ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဦးကျော်သူ(ညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၅၊ ဆိပ်ဖြူ)-ဒေါ်သက်မာမြင့်(လ/ထ ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဒုဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)(BOSS CARGO Co.,Ltd.)-ဒေါ်မြမြခိုင်၊ ဒုဗိုလ်မှူးကြီးစိုးစိုးနိုင်(ငြိမ်း)(UMFCCI မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ချုပ်)-ဒေါ်လဲ့လဲ့ခိုင်၊ ဦးနေအောင်(MIRACO MARINE Co.,Ltd.)၊ ဒုဗိုလ်မှူးကြီးထွန်းအုံ(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်နီနီမြိုင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၆း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)
**ဒုတိယတိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(ငြိမ်း)**
**အသက်(၈၄)နှစ်**

အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ-ဒေါ်နီနီမြိုင်တို့၏ဖခင် ဗိုလ်မှူးကြီးကောင်းလှ(ငြိမ်း)၊ ဒုတိယတိုင်းမှူး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်(ငြိမ်း)သည် ၁၂-၂-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာဒေါ်ခင်ဆွေမြင့်**
**ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)
**ဒုတိယတိုင်းမှူး(ငြိမ်း)(နပခ)၊ စစ်ဆေးရေးချုပ်(ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကြည်း-၈၁၁၈၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)**
**အသက်(၈၄)နှစ်**

ဦးကျော်သူ (ဒုညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၅၊ ဆိပ်ဖြူ)-ဒေါ်သက်မာမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊စိုက်ပျိုးရေးဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး)တို့၏ဖခင် ဗိုလ်မှူးကြီးကောင်းလှ(ငြိမ်း)သည် ၁၂-၂-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဇော်နှင့်ဝန်ထမ်းများ**
**တံတားအထူးအဖွဲ့(၁၁)**

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)
**ဒုတိယတိုင်းမှူး(ငြိမ်း)(နပခ)၊ စစ်ဆေးရေးချုပ်(ငြိမ်း)၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ကြည်း-၈၁၁၈၊ ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)**
**အသက်(၈၄)နှစ်**

ဦးကျော်သူ (ဒုညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၅၊ ဆိပ်ဖြူ)-ဒေါ်သက်မာမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏ဖခင် ဗိုလ်မှူးကြီးကောင်းလှ(ငြိမ်း)သည် ၁၂-၂-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင်ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုညွှန်ကြားရေးမှူး(မြို့ပြ)ဦးငွေဦးနှင့်ဝန်ထမ်းများ**
**တံတားအထူးအဖွဲ့(၉)**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကျော်လင်းဆန်းနှင့်ဇနီးဖြစ်သူ မအိအိဖြူတို့နှစ်ဦးသည် ၁၃-၂-၂၀၁၆ရက်(စနေနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့် နှစ်ဖက်မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၂)မှ**
**သူငယ်ချင်းမိသားစုများ**

**Captain ဦးမြအိ (F.G)**
**CDC 11374**
**(Miraco Ship Management)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၃၆နေ (ဦးဗတင်)-ဒေါ်တင်အေးတို့၏သား၊ ဦးလှအိ၊ ဒေါက်တာဒေါ်ခင်လှလှ၊ (ဦးလှငွေး)တို့၏ညီ/မောင်၊ ဒေါ်ခင်လှငွေး၏အစ်ကို၊ ဒေါ်မြသီတာခိုင်၏ခင်ပွန်း၊ မမြရတနာခင်၊မအေးမြရတီဖြူတို့၏ဖခင်သည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၀၀း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးညွန့် (လက်ပံတန်း)
**အသက်(၉၆)နှစ်**

သူငယ်ချင်း ဒေါ်ခိုင်ခိုင်ရွှေ၏မိခင်ကြီး ဒေါ်အေးညွန့်(လက်ပံတန်း)သည် ၁၀-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၈၃/၈၄ ရူပဗေဒ (ဗိုလ်တထောင်)**
**ကျောင်းသား/ကျောင်းသူဟောင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## တန်အတင်း(ခ)ဒေါ်တင်း
**စိန်လီမုန့်ဆိုင်(ကျောက်တန်း)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်၊ လမ်းမတော်လမ်း၊ အရှေ့ပိုင်းရပ်ကွက်၊ အမှတ် ၆၉နေ [လင်ကြဲလိုင်(ခ)ဦးကြောင်လိုင်]၏ဇနီး၊ ဦးဝင်းမြင့်ဦး- ဒေါ်အေးအေးမြင့်၊ ဦးထွန်းအောင်လွင်-ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမာ၊ ဦးခင်မောင်ဝင်း(ခ)ရန်သိမ်း-ဒေါ်အေးအေး၊ ဦးစိုးမင်းလှိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၃-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၀၀း၄၈နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောက်တန်းနေအိမ်မှ နံနက် ၈နာရီနှင့် သဃ်န်းကျွန်းမှ နံနက် ၉း၃၀နာရီတွင် ကားများထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဘမြင့် (B.A.,C.P.A,D.E.P,H.G..P,R.L)
**ပထမကျော်၊ ဓမ္မာစရိယ**
**(အငြိမ်းစား) လက်ထောက်ညွှန်မှူး**
**စက်မှု(၁)ဝန်ကြီးဌာန၊ လူသုံးကုန်ပစ္စည်းစက်ရုံ**
**UNDP (အငြိမ်းစား)**
**Managing Director**
**(Natural Grace Travels & Tours Co.,Ltd)**
**Director (King & Queen International Co.,Ltd)**
**Director (Knowledge & Qualification International Services Co.,Ltd)**
**အသက်(၈၂)နှစ်**

(ဦးနီ-ဒေါ်မွေးသာ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊(ဆ/က) ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ် ၁၈နေ (ဒေါ်မြမြအုန်း)၏ခင်ပွန်း၊ ဦးသောဘန၊ ဦးပဏ္ဍိစ္စ၊ ဦးစန္ဒာဝရ(ရတနာအေးရိပ်သာကျောင်းတိုက်၊ ဒလမြို့)တို့၏အစ်ကိုကြီး၊ ဦးသောင်းရွှေ-ဒေါ်ခင်ရွှေ၊ ဦးငတိန်-ဒေါ်သိန်းခင်နု၊ ဒေါ်ခင်ထွေးတို့၏အစ်ကိုကြီး၊ ဦးနေမျိုးဇော် Managing Director (King & Queen International Co., Ltd), Managing Director (Knowledge & Qualification International Services Co.,Ltd), Director (Natural Grace Travels), Principal K & Q Japanese Language Centre မနွယ်နီလွင်၊ မမာလာမြင့်တို့၏ဖခင်၊ ဒေါက်တာဇော်ဝေယံဘို၊ မယုသန္တာနိုင်၊ မဝဿန်မျိုးတို့၏အဘိုးသည် ၁၃-၂-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)၊ စစ်ရေးချုပ်(ငြိမ်း)
**အသက်(၈၀)**

ရန်ကုန်မြို့နေ မာမီဒေါ်ခင်ချိုဦး၏ချစ်လှစွာသောခင်ပွန်း ဦးသူရိန်ကျော်-မနန်းကလျာဝင်းတို့၏ဖခင် ဒယ်ဒီ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)သည် ၆-၂-၂၀၁၆ရက် (စနေနေ့) ညနေ ၄း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကောင်းမြတ်-မသန်းသန်းအေး**
**ကလေးမြို့**

## ဦးဇော်ဝင်း
**(မြန်မာ့သစ်လုပ်ငန်း၊ အမှတ်-၁၊ သစ်စက်)**
**(မန်နေဂျာ၊ အင်ဂျင်နီယာ)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ ၂လမ်းအောက်၊ အမှတ် ၁၁၀နေ ဦးကျော်သိန်း-(ဒေါ်မြသီ)တို့၏သား၊ ဦးကိုကိုဦး-ဒေါ်ခင်ခင်သက်၊ ဦးတင်ထွန်း-ဒေါ်မူမူခိုင်တို့၏အစ်ကို၊ ကိုသန်းထိုက်-မနန်းထက်ဝင်း၊ မနန်းယမင်းဝင်းတို့၏ဖခင်၊ မဖြိုးဖြိုးသင်၏ဦးလေး၊ (ဒေါ်နန်းမြင့်)၏ခင်ပွန်းသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမျိုးမြင့်ဦး
**အသက်(၅၂)နှစ်**

မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နည်းပြ ဒေါက်တာဝင်းဝင်းမော်၏အစ်ကိုကြီး ဦးမျိုးမြင့်ဦးသည် ၁၁-၂-၂၀၁၆ ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတကာဆက်ဆံရေးပညာဌာနမိသားစု**
**မန္တလေးတက္ကသိုလ်**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ရီမြင့်
**(ကြည့်မြင်တိုင်)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ (၃၂/ဃ) နေ (ဦးအောင်မြင့်)၏ဇနီး၊ ဦးငွေထွန်း-ဒေါ်အေးသီတာအောင်၊ ဦးအောင်ဇော်၊ ဦးကိုကိုလေး-ဒေါ်သန့်ဇင်နွယ်၊ ဦးလှမျိုး-ဒေါ်သန္တာဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၆ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သူရိယအလင်းသတင်းဂျာနယ်တိုက်၊ ပညာရတနာဂျာနယ်တိုက်တည်ရှိရာ (ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊(၁၄)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ ၃၂/ဃ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
**ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဝင်းဝင်းခိုင်
**အသင်းဝင်(၃၃/၀၅)**
**အထက်တန်းသုတေသနအရာရှိ(ငြိမ်း)**
**ဆေးသုတေသနဦးစီးဌာန**
**အသက်(၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘအောင်-ဒေါ်ချော)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ကြိုင်ကြိုင်)(BOCကုန်မျိုးစုံဆိုင်)တို့၏သမီးချွေးမ၊ (ဦးသိန်းဖေ)-ဒေါ်သန်းသန်းနု၊ ဦးအုန်းကျော် - (ဒေါ်သန်းသန်းငွေး)တို့၏ညီမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၄၈နေ (ဦးအေးလွင်)၏ဇနီး၊ ဦးအောင်ကိုကိုထူး-မနန့်နန်းခိုင်သိန်း၊ စင်ကာပူနေ ဦးအေးမင်းလတ်-ဒေါ်ခိုင်စံပယ်လွင်တို့၏မိခင်သည် ၁၀-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်အေးမြင့်
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊စိန်ချယ်လမ်း၊အမှတ် ၁၁ နေ (ဦးညွန့်လွင်-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးသန်းတင်)၏ဇနီး၊ မနွေးနွေးအောင်၏မိခင်သည် ၁၃-၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဦးရန်သိန်း အသက်(၇၇)နှစ် နာရေးကြော်ငြာတွင် မသိမ့်ရတီစု၏ဖခင်အစား မသိမ့်ရတီစု၏အဘိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

အနိစ္စ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တဇောဓက
**(မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ရွှေကျင်)**
**သက်တော်(၈၂) သိက္ခာတော်(၆၂)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၈)ရပ်ကွက်၊ ပတ္တပိုဏ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောဓက(မြို့နယ်သံဃနာယကဥက္ကဋ္ဌ-ရွှေကျင်) မဟာထေရ်အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၃ရက်) ၁၁-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) ၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ဆူးဖြူကုန်းသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ပတ္တပိုဏ်ကျောင်းတိုက်
တပည့် ဒါယကာနှင့် ဒါယိကာမများ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ တမော့ကြီးကျေးရွာ၊**
**ကျောင်းသစ်ကျောင်းတိုက် ဦးစီးပဓာနနာယက**
## ဘဒ္ဒန္တပညာသီရိ
**သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၄၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ တမော့ကြီးကျေးရွာ၊ ကျောင်းသစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာသီရိ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၂ရက်) ၁၀-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**
## ဗိုလ်မှူးလှသွင်(ငြိမ်း) (မော်လမြိုင်)
**ကြည်း-၆၇၁၃၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊စီးကရက်စက်ရုံမှူး(ငြိမ်း)**
**အသက်(၈၈)နှစ်**

မော်လမြိုင်မြို့နေ (ဦးဘိုးရင်ကြီး-ဒေါ်သိန်းတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးပေါ်မြိုင်)-(ဒေါ်မြ)၊(ဒေါ်မမလေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊(၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ဘဏ္ဍာလမ်း၊ အမှတ် ၅၆နေ [ဒေါ်ခင်ညွန့်ရီ(ခ)ဒေါ်လီလီမြိုင်]၏ခင်ပွန်း၊ ဦးမြင့်နိုင်-ဒေါ်မြတ်သီတာ၊ ဦးအောင်ကျော်ဆင့်-ဒေါ်အေးအေးမော်(ဒုတိယခရိုင်တရားသူကြီး၊ ပြည်ခရိုင်တရားရုံး)၊ ဒေါ်ခိုင်စံပယ်ဝင်း၊ ဦးသောဘိတ(ဖြူးမဟာစည် သာသနာ့ရိပ်သာ)၊ ဒေါ်အေးအေးကျော့၊ (ဦးကောလိယ)တို့၏ဖခင်၊ ကိုအောင်ကျော်မင်း-မသီရိဝေ၊ ကိုစပ်လင်းနိုင်(တပ်မတော်-ရေ)၊ ကိုအောင်ဆွေမင်း-မအိပပအောင်၊ မခင်မေကျော်အဘိုး၊ မကြယ်စင်အောင်၊ မစံကြည်သာအောင်တို့၏ဘိုးဘိုးကြီးသည် ၁၃-၂-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရွှေဆင် (မာန်အောင်)
**(ရခိုင်ပြည်နယ်၊မာန်အောင်မြို့၊ မြတ်မချောင်ရွာ)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ ဦးစိုးမြင့်သိန်း(ဦးဆောင်ဒါရိုက်တာ၊ မာန်အောင်အများနှင့်သက်ဆိုင်သောကုမ္ပဏီ)-ဒေါ်သိန်းတင်တို့၏မိခင်သည် ၇-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မာန်အောင်အများနှင့်သက်ဆိုင်သောကုမ္ပဏီ**

## ဦးတိမ်ကြည် အသက်(၇၉)နှစ်
**(မြန်မာစာပူဇော်ကန်တော့ခံဆရာကြီး)**
**ကျောင်းအုပ်ကြီး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၂၊ အခန်း ၀၀၂နေ (ဦးကြည်ရှင်-ဒေါ်စိန်သီး)တို့၏သား၊ ဒေါ်မြဆွေ(ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ မြန်မာစာဌာန၊ နိုင်ငံခြားဘာသာတက္ကသိုလ်)၏ခင်ပွန်း၊ ဦးမင်းမင်း-ဒေါ်အေးသီထွေး(Suriya Travel Co.,Ltd)တို့၏ဖခင်၊ မသက်ထက်မင်းမင်း၏အဘိုးသည် ၁၃-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၄း၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ တောင်ငူဆောင်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၆ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးတိမ်ကြည် အသက်(၇၉)နှစ် မြန်မာစာမိသားစုအတွက် အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ပြီး ဆရာကြီးအတွက် မာမီနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနီလာမြင့်**
**ဒုတိယပါမောက္ခချုပ်**
**ပါမောက္ခဌာနမှူး ဒေါက်တာထိပ်တင်ဟန်နှင့်**
**မြန်မာစာမိသားစု**
**ပြည်တက္ကသိုလ်**

## ဦးမြင့်သိန်း
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၅လမ်း၊ (A)ဘလောက်၊ တိုက် ၂၊ အခန်း ၂၀၄နေ (ဦးမြမောင်-ဒေါ်မမလေး)တို့၏သား၊ ဦးခင်မောင်ဝင်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်လွင်မာဦး(တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ ဦးသူရဇော်ဦး(အထက်တန်းရှေ့နေ)-ဒေါ်သန္တာဦး(တရားလွှတ်တော်ရှေ့နေ)၊ မောင်ခန့်အုပ်စိုးစံ(နဝမတန်း)တို့၏အဘိုးသည် ၁၂-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ဆေးရုံကြီးမှ ပဲခူးမြို့ ဆင်ဖြူကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ယနေ့ မာတိကာ

အင်တာနက်အသုံးချ အကြမ်းဖက်သမားများကို တိုက်ဖျက်ရန် တရုတ် သံတမန် ပြောကြား စာ » ၄

၂၀၁၆ ခုနှစ် အယ်နီညို အခြေအနေနှင့် နွေရာသီကာလများတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေ သုံးသပ်ချက် စာ » ၆

| ထူးခြားသည့်ညအပူချိန်များ ၁၃-၂-၂၀၁၆ |
|---|
| ပင်လောင်းမြို့ |
| ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ |
| ၅ ဒီဂရီစင်တီဂရိတ် |

# MNL အမှတ်ပေးပြိုင်ပွဲ၌ ဟံသာဝတီအသင်း၏ နိုင်ပွဲဆက်မှုရပ်တန့်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ပွဲစဉ်အဖြစ် ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

ယခုရာသီတွင် ခြေစွမ်းပြနေပြီး နိုင်ပွဲဆက်နေသည့် ဟံသာဝတီအသင်းမှာ မထင်မှတ်ဘဲသရေပွဲကြုံတွေ့ကာ နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရသည်။ လက်ရွေးစင်တိုက်စစ်မှူး မောင်မောင်လွင်မပါနိုင်သည့် ဟံသာဝတီအသင်းမှာ ယခုပွဲတွင် တိုက်စစ်အားပျော့ကာ ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရခြင်းဖြစ်ပြီး ရှုံးပွဲမရှိစံချိန်ကိုသာ ဆက်ထိန်းနိုင်ခဲ့သည်။ ရခိုင်အသင်းမှာ ဦးဆောင်ဂိုးရခဲ့သော်လည်း ပွဲပြီးခါနီးတွင် ဂိုးပြန်ပေးခဲ့ရသောကြောင့် ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

ဟံသာဝတီအသင်းမှာ ဒဏ်ရာပြဿနာရှိနေသည့် မောင်မောင်လွင်မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ရခိုင်အသင်းမှာလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ကစားကွက်တည်မရဖြစ်နေသောကြောင့် ပွဲအေးတစ်ပွဲဖြစ်နေသည်။ မိနစ် ၃၀ နောက်ပိုင်းတွင် ဟံသာဝတီအသင်း ပိုဖိကစားလာနိုင်သော်လည်း ဘမ်ဘာနှင့် အီမန်စ်တို့၏ ကန်ချက်များ လွဲချော်ခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ✪



ရခိုင်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# တန်းဆင်းဇုန်မှ ဆန်းဒါးလန်းကို မန်ယူရှုံးနိမ့်

သီဟ-ရေးသည်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် ၂၆ (စနေနေ့)ညပွဲစဉ်များမှ အစောဆုံးပွဲစဉ်အဖြစ် ဆန်းဒါးလန်းနှင့် မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဆန်းဒါးလန်းအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်ဆန်းဒါးလန်းအသင်းသည် တန်းဆင်းဇုန်မှရုန်းကန်နေရပြီး ယနေ့ပွဲတွင် ၄-၃-၁-၂ ကစားကွက်ဖြင့် ဒီဖိုး၊ အန်ဒိုရီ၊ ကတ်တာမိုး၊ ဝပ်ဘီခါဇရီ၊ အမ်ဗီလာ၊ ကစ်ချ်ဟော့ဖ်၊ ဒီအန်ဒရီယက်လင်း၊ ဗန်အန်ဟော့၊ အိုရှီးယား၊ လာမိုင်းကိုနီနှင့် ဂိုး-ဗစ်တိုမန်နိုနီတို့ပါဝင်ခဲ့သည်။ ဖိအားများနှင့်ရင်ဆိုင်နေရသည့် နည်းပြ ဗန်ဟားလ်၏ မန်ယူအသင်းသည် ပုံမှန်ကစားကွက် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာပြီး ရွန်းနီ၊ မာတာ၊ လင်ဂတ်၊ မာရှယ်၊ ရှနိုက်ဒါလင်၊ ကာရစ်၊ စမောလင်း၊ ဒါမီယန်၊ ဂျက်ဆန်၊ ဘလိုင်းနှင့် ဂိုး-ဒီဂီယာတို့ ပွဲထွက်ခဲ့သည်။

ပွဲစပြီး သုံးမိနစ်တွင် ဆန်းဒါးလန်းအသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရကာ ကွင်းလယ်ကစားသမား စာမျက်နှာ ၁၄ ကော်လံ ၁ ❍



# ပုလောမြို့နယ် ကျောက်ကာကျေးရွာ၌ အိမ်ခြေ ၃၀၀ နီးပါး မီးလောင်

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဓာတ်ပုံ-တနင်္သာရီတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့၊ မြင့်ဦး(မြိတ်)

ပုလော ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျောက်ကာကျေးရွာ အမှတ်(၂)ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီကျော်က မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၂၉၇ လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၄၁၅ စုတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့၏ အတည်ပြုချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီက "ကျွန်တော်တို့ မီးလောင်မှုသတင်းကို ပုလောမြို့နယ် မီးသတ်တပ်ဖွဲ့ကနေပြီး နံနက် ၉ နာရီ ၁၅ မိနစ်မှာ ရရှိခဲ့ပါတယ်"ဟု ပြောသည်။

သတင်းရရှိသည်နှင့် ပုလောမြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်လှေဖြင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့ ကနဦးထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❄




mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း